# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၃၀၀)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၃ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတက်ရောက်၊ ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၂၆

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၃ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ သြဝါဒစကားပြောကြားပြီး ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၃ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် သြဝါဒစကား ပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားသို့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင် ၊ ဦးတင်မြင့်၊ ဦးမောင်မောင်ဝင်း၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) တို့မှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဝန်ထမ်းများအားလုံးရဲ့စွမ်းဆောင်မှု**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သြဝါဒစကားပြောကြားရာ၌ "ကျွန်မတို့ နှစ်ပတ်လည်အခမ်းအနားတွေကို လေ့လာလိုက်ရင် အချိန်ရဲ့လှည့်ဖြားပုံကို သတိပြုမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြန်ကြည့်လိုက်ရင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရှိခဲ့တာ အကြာကြီးလို့ ကျွန်မတို့ထင်ရပါတယ်။ တကယ်တော့ သုံးနှစ်ပါပဲ။ သုံးနှစ်ဆိုတာ ကြာတဲ့အချိန် မဟုတ်ပါဘူး။ ဒီသုံးနှစ်က အကြာကြီးလို့ ထင်ရတာက တစ်နည်းအားဖြင့်ပြောရင် ဝန်ကြီးဌာနရဲ့ပီပြင်မှုကြောင့်လို့ ကျွန်မတို့ သုံးသပ်လို့ရပါတယ်။ ဝန်ကြီးဌာနက ဘယ်လိုပဲပြောပြော အမြစ်တော်တော် တွယ်သွားပြီ၊ အခြေတော်တော်ခိုင်သွားပြီ။ သုံးနှစ်အတွင်းမှာ ဒီလောက် အခြေခိုင်ပြီးတော့ လည်ပတ်မှုရှိတယ်ဆိုတာ ဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းများအားလုံးရဲ့ စွမ်းဆောင်မှုကြောင့်လို့ပဲ ကျွန်မတို့ ယူဆပါတယ်။



**အရေးအကြီးဆုံးအလုပ်**

"နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနနဲ့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးအလုပ်ဟာ ဆက်နွှယ်နေပါတယ်။ ဒါဟာ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနရဲ့ အရေးအကြီးဆုံး အလုပ်လည်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် အရေးအပါဆုံး ကိစ္စတစ်ခုလည်းဖြစ်ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐




မြန်မာ့အလင်း

# လုပ်ပိုင်ခွင့် အလွဲသုံးမှုနှင့် အဂတိ

မြန်မာနိုင်ငံသည် နိုင်ငံတကာအလယ်တွင် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများထဲမှ တစ်ခုဟူသည့် ဘွဲ့ကို ရရှိထားခဲ့သည်မှာ အချိန်ကြာခဲ့ပြီဖြစ်ပါသည်။ အရှေ့တောင်အာရှမျှမက အာရှတစ်လွှားထိ တွင်ကျယ်ခဲ့၊ တိုးတက်ခဲ့၊ ဦးဆောင်ကဏ္ဍမှာ နေရာရခဲ့သည့်နိုင်ငံတစ်ခုအဖြစ် လွတ်လပ်ရေး ရပြီးကာလများမှာ ရပ်တည်နိုင်ခဲ့သော်လည်း နိုင်ငံရေးစနစ်နှင့် ထိုစနစ်ကို ခေါင်းဆောင်ခဲ့သူများ၏ အမြော်အမြင်နည်းပါးမှုကြောင့် တဖြည်းဖြည်းချင်း နိမ့်ကျသွားခဲ့ရခြင်း ဖြစ်ပါသည်။

တစ်ပါတီအာဏာရှင် နိုင်ငံရေးစနစ်က နိုင်ငံရေး၊ စီးပွားရေး မည်သည့်ကဏ္ဍတွင်မဆို အာဏာရသူတို့ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ခဲ့ကြသည်က နိုင်ငံနိမ့်ပါးလာရခြင်း၏ အဓိကကျသော အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံရေးအာဏာရရှိထားသူများ၏ အာဏာကို မလျော်သုံးစွဲမှုက နေရာတိုင်းတွင် မြင်မကောင်း၊ ကြားမကောင်းအထိ ဖြစ်ခဲ့သည်။ အာဏာရှင်များ၊ အာဏာရှင်တို့၏ မိသားစုအသိုင်းအဝိုင်းများ၊ အာဏာရှင်တို့နှင့် ကျွမ်းဝင်ဝေမျှစံစားသူတို့ အာဏာကို မလျော်သုံးစွဲကာ အထူးအခွင့်အရေးယူလိုက်ကြသည်မှာ နှစ်ပေါင်းများစွာကြာမြင့်လာသည့်အခါ ဤသည်မှာ ဗွီအိုင်ပီဆိုသူတို့၏ မွေးရာပါ ရပိုင်ခွင့်ဟုပင် ထင်ယောင်မြင်ယောင်မှားလာကြသည်ထိပဲ ဖြစ်ပါသည်။ လွန်စွာအာဏာအလွဲသုံး၊ အခွင့်ထူးခံလူတန်းစားတစ်ရပ်က ထင်ထင်ရှားရှား ပေါ်ပေါက်ကာ စည်းစိမ်ခံကြချိန်တွင် ပြည်သူတို့မှာ ဆင်းရဲပြီးရင်း ဆင်းရဲရင်း ဖြစ်ခဲ့ရသည်။

ထို့ပြင် အခွင့်ထူးခံတို့ဟူသည် တင်းတိမ်ရောင့်ရဲသည်ဟု ထုံးစံမရှိသည့်အတိုင်း နိုင်ငံရေးတွင် ပြည်သူ့သဘောထားကို တောင်းခံစရာမလိုဘဲ အာဏာကိုလိုချင်သည့်အတိုင်း ရယူနိုင်ခဲ့ပြီး စီးပွားရေးကဏ္ဍများမှာလည်း အထူးအခွင့်အရေးယူလာကြကာ လုပ်ပိုင်ခွင့်ပေါ် အခြေခံသည့် စီးပွားရေးစနစ်၊ တစ်နည်းဆိုရလျှင် ပါမစ်စီးပွားရေးစနစ် ဖြစ်လာ၏။ လုပ်ပိုင်ခွင့်ရှိသူတို့၏ အဝန်းအဝိုင်းထဲတွင် အဂတိနှင့်လာဘ်ပေးလာဘ်ယူနည်းအားဖြင့် လုပ်ကိုင်လာသည့်အတွက် မည်သူနှင့်မျှ တုယှဉ်ပြိုင်ဆိုင်စရာမလိုဘဲ လိုချင်သည့် စီးပွားရေးစီမံကိန်းများကို လိုချင်သလို အကောင်အထည်ဖော်ဆောင်နိုင်ခွင့်နှင့် လုပ်ငန်းပါမစ်ရနိုင်သည့် စီးပွားရေး အခွင့်ထူးခံမှုက လွှမ်းမိုးခဲ့သည်။

သည်လိုဖြင့် အာဏာရှိသူတို့ လုပ်ပိုင်ခွင့်ရှိသူတို့ကြား အဂတိလာဘ်ပေးလာဘ်ယူတို့ဖြင့် ချမ်းသာချင်တိုင်းချမ်းသာ ကြွယ်ဝချင်တိုင်းကြွယ်ဝခဲ့ကြသည်။ ထိုသို့သော အဂတိအခြေခံ စီးပွားရေးလုပ်ငန်းရပ်များကပင် နိုင်ငံကို ဆင်းရဲနွံထဲ ဆွဲချသွားခဲ့သည်ဟု ဆိုရပါမည်။

သာမန် ပြည်သူလူထုနှင့် အာဏာအလွဲသုံး အခွင့်ထူးခံတို့၏ ကွာခြားချက်ကား ကြီးလှချေ၏။ ထိုကွာခြားချက်က နိုင်ငံတစ်ခုလုံး၏ ဆင်းရဲချမ်းသာ ကွာခြားမှုကို ကြီးသည်ထက်ကြီးအောင် ဖန်တီးပေးလိုက်ခြင်းက ယနေ့ထက်တိုင် စီးပွားရေးနာလန်မထူနိုင် ဖြစ်ရသည်ဟု ဆိုနိုင်ပါသည်။

အာဏာရှင်စနစ်အဆက်ဆက်အောက်တွင် ဒီမိုကရေစီဆိတ်သုဉ်းနေခဲ့ခြင်းကြောင့် သည်ကဲ့သို့သော အဂတိမကင်းမှုများကို ပြည်သူလူထုမှာ မည်သည့်အခါကမှ ထောက်ပြခွင့်ဖယ်ရှားခွင့်မရနိုင်ခဲ့။ ယနေ့ဒီမိုကရေစီ ပွင့်လင်းလာသည့်အခါတွင်မူ ပထမဆုံးအနေဖြင့် အဂတိလာဘ်ပေးလာဘ်ယူအမှုများကို စစ်ဆေးမှုများ ရှိလာနိုင်ခဲ့ပြီ။ အရေးယူနိုင်မှုများလည်း ရှိလာခဲ့ပြီ။ ယင်းသို့သော အနေအထားများ ပြောင်းလဲလာခြင်းသည်ပင် ဒီမိုကရေစီစနစ်အောက်တွင်ရှိသော တိုးတက်မှုများကို မျက်ဝါးထင်ထင် မြင်လာရခြင်းဟု ယူဆပါသည်။

လာဘ်ပေးလာဘ်ယူစနစ်က နှစ်ကာလရှည် အမြစ်တွယ်လာသည့်အခါ ပေးလျှင်ရသည်ဟူသော အစဉ်အလာအောက်တွင် လုပ်ကိုင်ခဲ့သူများက သည်နည်းဖြင့် ဆက်လက် အသက်ဆက်ရန် ကြိုးစားကြသည်မှာ မထူးဆန်းပါ။ သို့သော်လည်း ဒီမိုကရေစီစနစ်အောက်တွင် ပွင့်လင်းမြင်သာမှုက တဖြည်းဖြည်းချင်း ပွင့်လန်းလာသည့်အခါ ပြည်သူလူထုကို လှည့်စားချင်တိုင်းလှည့်စားဖို့ ခက်ခဲလာပြီဖြစ်သည်။

အဂတိကင်းစင်ရေးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျလှသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့်ပင် အဂတိနှင့် လာဘ်ပေးလာဘ်ယူတို့ကို မြန်မာနိုင်ငံတွင်း လျော့ပါးသည်ထက် လျော့ပါးအောင်၊ ပပျောက်ကင်းစင်အောင် အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အနေဖြင့် တိကျမှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေသတည်း။ ။

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ပဉ္စမနေ့သို့ အမေရိကန်သံရုံးမှ ဧည့်သည်တော်များ၊ ဒဂုံတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မန္တလေးတိုင်းဒေသကြီး ပညာစံအိမ်-ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၆၁၈ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

**သုံးရက် ကြိုတင်ပေးပို့နိုင်**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၅၀၆၉ ဦးရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၂/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)**

**ပြည်ထောင်စုဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကို ယင်း၏သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အီဂျစ်နိုင်ငံ၏ (၆၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

အီဂျစ်နိုင်ငံ၏(၆၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အီဂျစ်နိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။



ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး Mr. Khaled Mohamed Abdelrahman Abdel-salam နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်ခံပွဲသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ နိုင်ငံခြားပညာတော်သင် ၁၄၃၈၁ ဦး စေလွှတ်ထားပြီးဖြစ်

နေပြည်တော် ဇူလိုင် ၂၆

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များမှ နှစ်အလိုက် နိုင်ငံခြားပညာတော်သင်စေလွှတ်ပေးနိုင်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်အလိုက်ပညာသင်စေလွှတ်မှုအခြေပြဇယား**

| စဉ် | ပညာသင်နှစ် | သင်တန်းအမျိုးအစား | | | | ပေါင်း |
|---|---|---|---|---|---|---|
| | | ဘွဲ့မယူသည့် သင်တန်း | ဘွဲ့ / ဒီပလိုမာ သင်တန်း | မဟာဘွဲ့ သင်တန်း | ပါရဂူဘွဲ့ သင်တန်း | |
| ၁ | ၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိ | ၂၅၆၃ | ၃၉ | ၂၀၂ | ၁၈၁ | ၂၉၈၅ |
| ၂ | ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ | ၃၇၁၄ | ၄၃ | ၄၉၈ | ၁၉၆ | ၄၄၅၁ |
| ၃ | ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ | ၄၂၀၂ | ၅၁ | ၃၉၈ | ၁၇၃ | ၄၈၂၄ |
| ၄ | ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ | ၂၀၁၇ | ၆ | ၅၄ | ၃၄ | ၂၁၁၁ |
| စုစုပေါင်း | | ၁၂၅၀၆ | ၁၃၉ | ၁၁၅၂ | ၅၈၄ | ၁၄၃၈၁ |

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ စုစုပေါင်း ၅၄ ဌာနမှ နိုင်ငံပေါင်း ၇၀ နိုင်ငံသို့ နိုင်ငံခြားပညာတော်သင် ၁၄၃၈၁ ဦး စေလွှတ်ပေးခဲ့ရာ ရိုးရိုးသင်တန်းများသို့ ၁၂၅၀၆ ဦး၊ ဘွဲ့ဒီပလိုမာသင်တန်းများသို့ ၁၃၉ ဦး၊ မဟာဘွဲ့သင်တန်းများသို့ ၁၁၅၂ ဦး၊ ပါရဂူဘွဲ့သင်တန်းများသို့ ၅၈၄ ဦး စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ အများဆုံးစေလွှတ်သည့်နိုင်ငံများမှာ အိန္ဒိယသမ္မတနိုင်ငံသို့ ၂၉၄၁ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၂၇၇၆ ဦး၊ ဂျပန်နိုင်ငံသို့ ၂၁၆၀ ဦး၊ ထိုင်းနိုင်ငံသို့ ၁၇၄၂ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၉၃၉ ဦး အသီးသီးစေလွှတ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ဒေးဒရဲတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေး

ဒေးဒရဲ ဇူလိုင် ၂၆

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောငါး၊ ပုစွန် မွေးမြူရေးကျင့်စဉ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က ဒေးဒရဲမြို့နယ် ဘိုးတုတ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက အသိပညာပေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက်တာဝန်ရှိသူများက လယ်ယာမြေပြုပြင်ထိန်းသိမ်းနည်းနှင့် မျိုးစေ့ဘဏ်များ တည်ထောင်၍ စိုက်ပျိုးနည်းအကြောင်း၊ စိုက်ခင်းအတွင်း ကျရောက်တတ်သော ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ကောင်းမွန်သော ငါး၊ ပုစွန်မွေးမြူရေး ကျင့်စဉ်နှင့် ဆောင်ရန် ရှောင်ရန်များအကြောင်း၊ မိရိုးဖလာ ဝက်မွေးမြူရေးနှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ရေးအကြောင်းများ ဟောပြောခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

# မတူညီတဲ့ သဘောထားတွေ၊ မတူညီတဲ့ ဆန္ဒတွေ၊ မတူညီတဲ့ လိုအပ်ချက်တွေကို ပေါင်းစပ်ပြီး အများအတွက် အကောင်းဆုံးတွေ ဘယ်လိုရှာမလဲဆိုတာ ကြိုးစားပြီးတော့ လုပ်နေ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ UEHRD နှင့် ICOE အဖွဲ့ဝင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❒ *ရှေ့ဖုံးမှ*

ကျွန်မတို့ အစိုးရတာဝန်ယူတဲ့အချိန်က စပြီးတော့ နိုင်ငံအတွက် အဓိက လိုအပ်ချက်တစ်ခုကတော့ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ပဲဆိုပြီး အဲဒီလိုအသိနဲ့ တာဝန်တွေကို ထမ်းဆောင်တာပါ။ ဒါကြောင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးက ဘယ်လောက်ထိ လုပ်နိုင်ပြီလဲဆိုတာ ကို ပြန်ပြီးတော့ သုံးသပ်ချင်ပါတယ်။

**ငြိမ်းချမ်းရေးရနိုင်ဖို့**

“အစိုးရအနေနဲ့ တာဝန်ယူပြီးတဲ့ ၂၀၁၆ ခုနှစ်မှာ အားလုံးသိတဲ့အတိုင်း မထင်မှတ်ဘဲ ရခိုင်ကိစ္စ ပေါ်လာပါတယ်။ ကျွန်မတို့ NRPC ကို စပြီးထူထောင် လိုက်တဲ့အခါမှာ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စတွေကို အဓိကထားပြီးတော့ ဆောင် ရွက်ဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ရခိုင် ပြဿနာကတော့ ၂၀၁၂ ခုနှစ်ကတည်းက စတယ်ဆိုတော့ ကျွန်မတို့ ဒီကိစ္စကိုလည်း ကိုင်တွယ်ရမယ်ဆိုတာ သဘောပေါက်ပါ တယ်။ သို့သော်လည်း ၂၀၁၆ ခုနှစ်မှာ ARSA နဲ့ တိုက်ပွဲတွေဖြစ်ပြီးတဲ့အခါ ဒီပြဿနာက ကြီးကျယ်သွားပါတယ်။ စိန်ခေါ်မှုတွေ ပိုပြီးတော့ ကြီးထွားသွား ပါတယ်။ အဲဒီအချိန်မှာ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ငြိမ်းချမ်း ရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးဆိုတာ ကို နှစ်ခုလုံး ကိုင်တွယ်ရတာ ဖြစ်ပါတယ်။ နှစ်ခုလုံးကို ကိုင်တွယ်ရတဲ့အပြင် ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ ရေးဆိုတာ ကျွန်မတို့စပြီးလုပ်တဲ့အခါမှာ အဓိကအားဖြင့် ပြည်တွင်းရေးပဲဖြစ်ပါ တယ်။ ကျွန်မတို့အချင်းချင်းအကြားမှာ ရင်ကြားစေ့ဖို့အတွက်၊ ငြိမ်းချမ်းရေးရနိုင် ဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက မထင်မှတ်ဘဲ အများကြီး ပိုပြီးတော့ ရုန်းကန်ရပါတယ်။ အများကြီး ပိုပြီး အားထုတ်ရပါတယ်။ မထင်မှတ်တဲ့ဘက် တွေမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် ရတဲ့အခြေအနေတစ်ခုကို ရောက်လာပါ တယ်။ ဒီလိုလုပ်တဲ့အခါမှာ ကျွန်မတို့ ရုံးရဲ့ ဝန်ထမ်းတွေရဲ့ ဝိုင်းဝန်းပံ့ပိုးမှုအရည်အချင်း ဟာ အင်မတန်မှ အရေးကြီးပါတယ်။

**ဝန်ထမ်းတွေရဲ့ပူးပေါင်းဆောင်ရွက်မှု**

“ဒီလိုအခမ်းအနားမှာ ဝန်ထမ်းတွေ ကို ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဌာနတစ်ခုလည်ပတ်ဖို့ဆိုတာ ဟာ ဦးဆောင်သူများ ထိရောက်ဖို့၊ အရည်အချင်းပြည့်စုံဖို့ အရေးကြီးပေမယ့် ဦးဆောင်သူများရဲ့ ရည်မှန်းချက်တွေ ရည်ရွယ်ချက်တွေ အမြော်အမြင်ကြီး မှုတွေကို အကောင်အထည်ဖော်ပေးရ တာကတော့ ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ ဝန်ထမ်းတွေရဲ့ပူးပေါင်းဆောင်ရွက်မှုမရှိ ဘဲနဲ့ ဌာနတစ်ခုဟာ ချောချောမွေ့မွေ့နဲ့ လည်ပတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဝန်ထမ်းတွေကို ကျေးဇူးတင်ပါတယ်။

“ကျေးဇူးတင်တယ်လို့ ပြောတဲ့ တစ်ချိန်တည်းမှာဘဲ ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက် တစ်ခုဖြစ်တဲ့ ပီပြင်တဲ့ ဝန်ထမ်းလုပ်ပုံ၊ လုပ်နည်း၊ လုပ်ထုံး အဆောက်အအုံတွေ အခြေခိုင်အောင် လုပ်ဖို့လည်း လိုတယ်ဆိုတာ ပြောချင်ပါ တယ်။ ဝန်ထမ်းတွေဟာ ကျွန်မတို့ နိုင်ငံကို ပြန်ပြီးတော့ ရောင်ပြန်ဟပ်တာပါပဲ။ ဝန်ထမ်းတွေကို မွေးထုတ်လိုက်တာက ဒီနိုင်ငံရဲ့ ပညာရေးစနစ်ပဲဖြစ်တယ်။ ဒီနိုင်ငံရဲ့လူမှုရေးစနစ်ဖြစ်တယ်။ ဒီနိုင်ငံရဲ့ နိုင်ငံရေး စနစ်လည်းဖြစ်တယ်။ ကျွန်မတို့ နိုင်ငံဝန်ထမ်းတွေဟာ နောက်ဆုံးတော့ နိုင်ငံသူ နိုင်ငံသားတွေပါပဲ။ နိုင်ငံသူ နိုင်ငံ သားတွေအနေနဲ့ နိုင်ငံရဲ့ အခြေအနေ၊ နိုင်ငံရဲ့သမိုင်း၊ နိုင်ငံရဲ့အတွေ့အကြုံတွေကို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ အား တာဝန်ရှိသူတစ်ဦးထံ ထောက်ပံ့ပေးအပ်စဉ်။ သတင်းစဉ်

ရောင်ပြန်ဟပ်ပါတယ်။ အဲဒီဟာတွေက လည်း ဝန်ထမ်းတွေရဲ့ လုပ်ရည်ကိုင်ရည် ပေါ်မှာ ပြန်ပြီးတော့ သက်ရောက်မှုရှိပါ တယ်။ ဝန်ထမ်းတွေရဲ့ အရည်အချင်း မြှင့်တင်ရေးကို အင်မတန်မှ အလေးထား ပါတယ်။ ဝန်ထမ်းများဟာ မိမိတို့တာဝန် တွေကို သေသေချာချာပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်ဖို့ဆိုတာဟာ အရေး အကြီးဆုံးကတော့ လေ့ကျင့်မှုပါပဲ။ လေ့ကျင့်မှုက ဘာကိုအခြေခံသလဲဆိုရင် တတ်ထားတဲ့ပညာတွေ သင်ထားတဲ့ ပညာတွေကို အခြေခံပါတယ်။

**ခေတ်နဲ့ညီတဲ့အတွေးအခေါ် ပျိုးထောင်**

“ဝန်ထမ်းတွေရဲ့ အရည်အချင်း မြှင့်တင်ဖို့ဆိုတာ အခြေခံကတော့ အခြေခံ ပညာကျောင်းတွေ၊ တက္ကသိုလ်တွေမှာ သင်ခဲ့တဲ့ပညာဟာ အင်မတန်မှ အရေး ကြီးပါတယ်။ အရင်တုန်းက စနစ်ကိုဖြတ် ကျော်ခဲ့တဲ့ အကြီးပိုင်းက ဝန်ထမ်းတွေ ဆိုရင် ပြန်ပြီးတော့ သင်ယူဖို့မလွယ်တော့ ပါဘူး။ လူငယ်ပိုင်းအတွက်တော့ အများ ကြီး ဖြည့်ဆည်းပေးနိုင်တဲ့အရည်အချင်း တွေ ပိုပြီးတတ်အောင်လုပ်ပေးနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ လူကြီးတွေ အတွက်ကလည်း ပညာရေးစနစ်ကြောင့်၊ အရင်က သင်ပုံသင်နည်းကြောင့် ဖြစ်ခဲ့တဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်တာ ကတော့ အလေ့အကျင့်ပါ။ အတွေ့အကြုံ အလေ့အကျင့်ကရတဲ့ သင်ခန်းစာအနေနဲ့ ကျော်လွှားလို့ရပါတယ်။ အရင်တုန်းက ဘယ်လိုပညာရေးစနစ်မျိုးနဲ့ပဲ ကြည့်ခဲ့ ကြည့်ခဲ့၊ ကိုယ့်ရဲ့အတွေ့အကြုံ၊ သုံးသပ်မှု အရ ဒီဟာတွေကို ကျော်လွှားပြီးတော့ ခေတ်နဲ့ညီတဲ့အတွေးအခေါ်တွေကို ပြုစု ပျိုးထောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ်များ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

"ကျွန်မတို့ကလေးတွေ အခြေအနေက အင်မတန်မှ အားရစရာကောင်းပါတယ်။ အားရစရာကောင်းတယ်လို့ ပြောခြင်းဟာ ပထမဦးဆုံးက ကျွန်မတို့ ကလေးတွေကို ဂုဏ်ယူလို့ ဖြစ်ပါတယ်။ နောက်တစ်ခုက အားပေးချင်လို့ ဖြစ်ပါတယ်။ သူတို့က တော်တယ်၊ တက်လမ်းတွေအများကြီးရှိတယ်။ ဒီဟာတွေကို သူတို့သိရင် ပိုပြီးတော့ ကြိုးစားချင်တဲ့ စိတ်၊ ယုံကြည်တဲ့စိတ်တွေ ဖြစ်စေချင်တယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံတစ်နိုင်ငံလုံးဟာ၊ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်ဟာ အင်မတန်မျှော်လင့်ချက်တွေနဲ့ ပြည့်နေတယ်ဆိုတာကိုလည်း သိစေချင်လို့ ဖြစ်ပါတယ်။ ဒါပေမယ့် မျှော်လင့်ချက်ဆိုတာဟာ အကောင်အထည်ဖော်မှ အဓိပ္ပာယ်ရှိတာပါ။ ထိုင်ပြီးမျှော်လင့်ရုံနဲ့တော့ မပြီးပါဘူး။ အလုပ်ကြိုးစားမှုနဲ့ ကျွန်မတို့မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ကျွန်မတို့ အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ အင်မတန်မှ အဓိကကျတဲ့နေရာက ပါနေတယ်ဆိုတာ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့နိုင်ငံမှာ အလိုအပ်ဆုံးကိစ္စတွေ၊ ကျွန်မတို့နိုင်ငံအတွက် အရေးကြီးဆုံးကိစ္စတွေကို ဖြစ်မြောက်အောင်၊ အောင်မြင်အောင် လုပ်ပေးနေတာဟာ နိုင်ငံတော်အတိုင်ပင်ခံရုံးပဲ ဖြစ်ပါတယ်။

**ပူးပေါင်းဆောင်ရွက်တဲ့ အရည်အချင်း**

"ဒီလိုပြောခြင်းအားဖြင့် တခြားဝန်ကြီးဌာနတွေက အရေးမကြီးဘူးလို့ ပြောတာ မဟုတ်ပါဘူး။ နိုင်ငံတော်အတိုင်ပင်ခံရုံးက တခြားဌာနတွေကို လည်း အားကိုးရပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနကို အားကိုးရတယ်၊ စီမံ၊ ဘဏ္ဍာကို အားကိုးရတယ်၊ ကျန်းမာရေး၊ ပညာရေး၊ ရှေ့နေချုပ်ရုံး စသည်ဖြင့် အားလုံးပါတယ်။ နောက်ဆုံးမှာ နိုင်ငံတစ်နိုင်ငံ အောင်မြင်ဖို့ဆိုတာ ဒီနိုင်ငံအပေါ်မှာ စေတနာရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိရပါလိမ့်မယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်း တော်နေပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ပူးပေါင်းဆောင်ရွက်မှုမရှိဘူး၊ တစ်ယောက်ကို တစ်ယောက် တန်ဖိုးထားခြင်း မရှိဘူးဆိုရင် ဘယ်လိုပဲ တစ်ယောက်ချင်း တစ်ယောက်ချင်းတော်တော် တကယ့်ပြည့်စုံတဲ့အောင်မြင်မှု ရနိုင်မှာ မဟုတ်ပါဘူး။

"ဒါကြောင့် အမျိုးသားရင်ကြားစေ့ရေးဆိုတာ နောက်ဆုံးမှာ လူတိုင်း လူတိုင်းဟာ ကိုယ့်စိတ်ကိုယ်နဲ့ မွေးလာကြတယ်။ ကိုယ့်စိတ်ကိုယ်နဲ့ ကြီးလာကြတယ်။ ဒီမတူတဲ့ အတွေးအခေါ်တွေကို ပေါင်းစည်းပြီး မတူတဲ့အတွေးအခေါ်တွေကနေ အင်မတန်မှ ကောင်းတဲ့ အင်အားဖြစ်အောင် လုပ်ခြင်းဟာ အမျိုးသားရင့်ကြားစေ့ခြင်းပါပဲ။ ဒါဟာ ကျွန်မတို့နိုင်ငံအတွက် အဓိက လိုအပ်ချက်ပါပဲ။ ငြိမ်းချမ်းရေးဆိုတာလည်း ဒါပါပဲ။ ရခိုင်ပြည်နယ်က ပြဿနာဆိုတာလည်း ဒါပါပဲ။ မတူညီတဲ့ သဘောထားတွေ၊ မတူညီတဲ့ဆန္ဒတွေ၊ မတူညီတဲ့ လိုအပ်ချက်တွေ ဒီဟာတွေကို ပေါင်းစပ်ပြီး အများအတွက် အကောင်းဆုံးတွေ ဘယ်လိုရှာမလဲဆိုတာကြိုးစားပြီးတော့ လုပ်နေရတာ ဖြစ်ပါတယ်။

**ကိုယ်ဘာပေးနိုင်သလဲစဉ်းစားပါ**

"ကျွန်မ ခဏခဏ ပြောပါတယ်။ ကိုယ်ဘာရနိုင်မလဲဆိုတာထက် ကိုယ်ဘာပေးနိုင်မလဲဆိုတာကို အားလုံးစဉ်းစားရင် ဒီနိုင်ငံကြီးဟာ မတိုးတက်စရာအကြောင်း မရှိပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာလည်း ကျွန်မ ဒီလိုပဲပြောပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ စားပွဲဝိုင်းကို ရောက်လာတဲ့သူတွေ အားလုံးဟာ ကိုယ်ဘာပေးနိုင်သလဲဆိုတာကို ပထမစဉ်းစားပါ။ ကိုယ်ဘာရနိုင်မလဲဆိုတာကို မစဉ်းစားပါနဲ့။ အဲဒီလိုမာနမျိုး ရှိသင့်တယ်။ တချို့မာနက တစ်မျိုးပါ။ ငါတို့ ရနိုင်သလောက်ရအောင် လုပ်တယ်ဆိုတာကို ဂုဏ်ယူစရာလို့ ထင်ကြတယ်။ ငါတို့ပေးနိုင်သမျှ ပေးတယ်ဆိုတာက တကယ့်ဂုဏ်ယူစရာ ဖြစ်မှန်းကို သဘောမပေါက်ကြဘူး။ ဒီလိုစိတ်တွေ ဖြစ်အောင်လို့ လုပ်ပေးရတယ်ဆိုတာဟာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဦးဆောင်တဲ့ ငြိမ်းချမ်းရေးလမ်းစဉ်မှာ အင်မတန်အဓိကကျတဲ့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ဝန်ထမ်းများ အချင်းချင်းလည်း ဒီလိုစိတ်တွေ မွေးစေချင်ပါတယ်။

**နိုင်ငံရဲ့ကံကြမ္မာပြောင်းနိုင်တဲ့ အခွင့်အရေး**

"ကျွန်မတို့ ဝန်ထမ်းတွေရဲ့ အခြေအနေကို ပိုပြီးကောင်းအောင်လို့ အများကြီး ကြိုးစားပါတယ်။ ဝန်ထမ်းများကလည်း ကျွန်မတို့နိုင်ငံရဲ့အခြေအနေပိုပြီးတော့ ကောင်းအောင် ကြိုးစားကြပါ။ အပြန်အလှန် ကျွန်မတို့ ကြိုးစားမှသာ မြန်မြန်တိုးတက်နိုင်မယ်။ ဒီတိုးတက်မှုကြောင့်လည်း ကျွန်မတို့ အများကြီး ကျေနပ်မှုရနိုင်ပါတယ်။ တချို့ကတော့ အင်မတန် ဖွံ့ဖြိုးတိုးတက်ချမ်းသာတဲ့ နိုင်ငံတွေမှာ ဝန်ထမ်းလုပ်ရတာကို အားကျရင်လည်း အားကျပါလိမ့်မယ်။ သို့သော်လည်း တကယ်လုပ်ပေးနိုင်တာ ကျွန်မတို့နိုင်ငံလို အခြေအနေမျိုးမှာ လုပ်ပေးနိုင်တာပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကို ပြောင်းလဲပေးနိုင်တဲ့ အခြေအနေဆိုတာဟာ မျိုးဆက်တိုင်း မျိုးဆက်တိုင်းမှာ ရတဲ့အခွင့်အရေးမဟုတ်ပါဘူး။ ကျွန်မတို့ အခုမျိုးဆက်မှာ ကျွန်မတို့ခေတ်မှာသာ ဒီနိုင်ငံရဲ့ ကံကြမ္မာကို ပြောင်းပေးနိုင်တဲ့ အခွင့်အရေးကို ရတာပါ။ အဲဒီအခွင့်အရေးကို ကောင်းကောင်း မွန်မွန်သုံးကြပါ။ နိုင်ငံ့ရဲ့ ကံကြမ္မာကို ကောင်းတဲ့ဘက်ကိုဖြစ်အောင် ပြောင်းပေးခြင်းဖြင့် ကိုယ့်ရဲ့စိတ်တွေလည်း ပိုပြီး ကျေနပ်မှုရှိပြီးတော့ ကိုယ့်ရဲ့ကံကြမ္မာလည်း ပိုပြီးတော့ ကောင်းတဲ့ဘက်ကို ရောက်သွားနိုင်မှာ ဖြစ်ပါတယ်လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

**ပညာသင်စရိတ်ထောက်ပံ့**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်အဆင့်၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြားနေကြသည့် ဝန်ထမ်းမိသားစုဝင် ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများအား တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ UEHRD နှင့် ICOE အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဝန်ထမ်းများနှင့်လည်းကောင်း၊ မူဝါဒရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် လည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ၃ နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် အတူ ညစာသုံးဆောင်သည်။ **သတင်းစဉ်**

> **"နိုင်ငံတစ်နိုင်ငံ အောင်မြင်ဖို့ဆိုတာ ဒီနိုင်ငံအပေါ်မှာ စေတနာရှိတဲ့ ပုဂ္ဂိုလ်တွေအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိရပါလိမ့်မယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်း တော်နေပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်မှုမရှိဘူး၊ တစ်ယောက်ကို တစ်ယောက် တန်ဖိုးထားခြင်းမရှိဘူးဆိုရင် ဘယ်လိုပဲ တစ်ယောက်ချင်း တစ်ယောက်ချင်း တော်တော် တကယ့်ပြည့်စုံတဲ့အောင်မြင်မှုရနိုင်မှာ မဟုတ်"**

# ၁၂ လရာသီ ပွဲတော်များနှင့် ပန်းအထိမ်းအမှတ်၊ ဝါခေါင်လအတွက် စာရေးတံမဲပွဲနှင့် ခတ္တာပန်း ၂၀၀ ကျပ်တန် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် ဇူလိုင် ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လ ရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ်၊ ဝါခေါင်လအတွက် စာရေးတံမဲပွဲနှင့် ခတ္တာပန်း ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၁ ရက် (ကြာသပတေး)နေ့ နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့် စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ဩဂုတ် ၁ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။ **သတင်းစဉ်**



# မြန်မာ - အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ အိန္ဒိယနိုင်ငံ ဗီဇာကာပတ်တနန်မြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်၌ ဌာနချုပ်မှူး Vice Admiral Atul Kumar Jain က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral Atul Kumar Jain တို့သည် အရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် လေ့ကျင့်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

**ရေကြောင်းပိုင်နက်လုံခြုံရေး စုပေါင်းဆောင်ရွက်ရမည်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား အိန္ဒိယအရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေတပ်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းပိုင်နက်လုံခြုံရေးအတွက် နိုင်ငံတစ်နိုင်ငံတည်း ဆောင်ရွက်၍မရဘဲ ရေပိုင်နက်နယ်နိမိတ်ထိစပ်နေသည့်နိုင်ငံများ စုပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**တိုပီဒိုထုတ်လုပ်နေမှု ကြည့်ရှုလေ့လာ**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး တိုပီဒိုထုတ်လုပ်သည့် Bharat Dynamics Limited သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး စက်ရုံအတွင်း တိုပီဒိုထုတ်လုပ်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုလေ့လာကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယအရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral Atul Kumar Jain တို့ တွေ့ဆုံဆွေးနွေးစဉ်။**

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီဇာကာပတ်တနန်မြို့၏ ၁၅ ကီလိုမီတာအကွာရှိ Bheemunipatnam တောင်ကုန်းပေါ်တွင် တည်ထားကိုးကွယ်သည့် Thotlakonda Buddhist Complex သို့ သွားရောက်လေ့လာ ဖူးမြော်ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral Atul Kumar Jain က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၆

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အား ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး ဒေါ်ခိုင်မေကြူတို့က ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးခဲ့ပြီး ဒုတိယဝန်ကြီးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊အမှုထမ်းများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေနှင့် နှစ်ရှည်သီးပင်စားပင် စုစုပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ စိုက်ပျိုးသည့်အပင်များရာနှုန်းပြည့် ရှင်သန်ဖြစ်ထွန်းရေးအတွက် အိမ်ရာရှိ ဝန်ထမ်းများက အနီးကပ်တာဝန်ယူ ပြုစုထိန်းသိမ်းနိုင်ရေး တာဝန်ခွဲဝေပေးအပ်ခဲ့သည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှုထမ်းများနေထိုင်ရာ သရဖီအိမ်ရာ (ဘူးကွဲ)နှင့် အရာထမ်း၊ အမှုထမ်းများနေထိုင်ရာ ခရေအိမ်ရာများသို့ ရောက်ရှိကာ အိမ်ရာများလုံခြုံရေး၊ ရေ၊ မီး၊ မိလ္လာပြည့်စုံကောင်းမွန်စေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ရာသီသီးနှံနှင့် နှစ်ရှည်သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တိုက်တာဝန်ခံများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန စိုက်ခင်းရေိယာအတွင်း ယခင်နှစ်မိုးရာသီအထိ စုပေါင်းစိုက်ပျိုးခဲ့သော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ကံ့ကော်၊ ခရေ၊ သပြေနှင့် ငုချယ်ရီပင်တို့၏ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းရေိယာအတွင်းရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ယခင်နှစ်များ နည်းတူ ငါးမြစ်ချင်း၊ ယိုးဒယားငါးခုံးမ သားပေါက်ကောင်ရေ ၅၀၀၀၀ အား ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး ဒေါ်ခိုင်မေကြူတို့က ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။** သတင်းစဉ်



# မြန်မာ- ဆွစ်ဇာလန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စ၊ ပြည်သူဗဟိုပြု ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဆိုင်ရာကိစ္စ၊ ဗဟိုအစိုးရချုပ်ကိုင်မှုလျှော့ချရေးနှင့် အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ရာသီတုပ်ကွေးရောဂါ Seasonal Influenza ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက် (၄/၂၀၁၉)

**နေပြည်တော် ဇူလိုင် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ၊ ကူးစက်မြန်ရောဂါများ အထူးသဖြင့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) နှင့် ကပ်ရောဂါ (Epidemic) အသွင်ဖြင့် ဖြစ်ပွားနိုင်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ (Communicable Disease Surveillance) လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅) (International Health Regulations-IHR 2005) နှင့်အညီ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရာသီတုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင်သာမက အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၌လည်း ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင် (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ ဇူလိုင်လ (၂၅) ရက်နေ့အထိ စာရင်းဇယားများအရ ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၃၈၉ ဦးဖြစ်ကာ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်ရောဂါများကြောင့် သေဆုံးသူ ၇၂ ဦး ရှိခဲ့ပါသည်။

**(က) (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီမှ ဇူလိုင်လ (၂၅) ရက်နေ့အထိ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေ**

| စဉ် | နိုင်ငံ | ခန့်မှန်းလူဦးရေ (သန်း) | Influenza A(H1N1)pdm09 | Influenza A (H3N2) | Influenza B | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | တရုတ် | ၁,၄၃၃.၇၀ | ၄၈,၀၈၆ | ၁၉,၅၄၂ | ၂၄,၂၄၅ | ၉၁,၈၇၃ |
| ၂ | အိန္ဒိယ | ၁,၃၆၆.၄၀ | ၅,၆၈၄ | ၁,၉၃၆ | ၂၂၆ | ၇,၈၄၆ |
| ၃ | သြစတြေးလျ | ၂၅.၂ | ၅၅၈ | ၃,၇၉၄ | ၁,၁၃၄ | ၅,၄၈၆ |
| ၄ | မြန်မာ | ၅၄ | ၃၄၀ | ၂၆ | ၂၃ | ၃၈၉ |
| ၅ | ဘင်္ဂလားဒေ့ရှ် | ၁၆၃ | ၂၉၀ | ၃၃၈ | ၇၂၅ | ၁,၃၅၃ |
| ၆ | အင်ဒိုနီးရှား | ၂၅၇ | ၁၇၃ | ၂၂၄ | ၂၅၇ | ၆၅၄ |
| ၇ | ထိုင်း | ၆၉.၆ | ၁၅၀ | ၁၈၉ | ၆၈ | ၄၀၇ |
| ၈ | လာအို | ၇.၂ | ၁၂၈ | ၁၇ | ၀ | ၁၄၅ |
| ၉ | စင်ကာပူ | ၅ | ၁၁၆ | ၈၅ | ၅ | ၂၀၆ |
| ၁၀ | ကမ္ဘောဒီးယား | ၁၆.၄၉ | ၁၁၀ | ၁၄ | ၅၄ | ၁၇၈ |
| ၁၁ | မလေးရှား | ၃၂.၂၉ | ၇၀ | ၇၁ | ၁၄၅ | ၂၈၆ |

(၂၅-၇-၂၀၁၉) ရက်နေ့အထိ အိမ်နီးချင်းနိုင်ငံများတွင် ရာသီတုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများမှာ သိသာစွာ ကျဆင်းလာခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**(ခ) (၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဇူလိုင်လ (၂၅) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါပိုးဖြစ်ပွားမှုအား ဆန်းစစ်သုံးသပ်ချက်**

**(ခ-၁) ရောဂါတွေ့ရှိမှုနှင့် ဖြစ်ပွားမှုအခြေအနေ**

| ရာသီတုပ်ကွေးရောဂါ သံသယလူနာဓာတ်ခွဲနမူနာ အရေအတွက် | ရာသီတုပ်ကွေးရောဂါပိုးတွေ့လူနာဦးရေ | | | |
|---|---|---|---|---|
| | Influenza A (H1N1)pdm09 | Influenza A (H3N2) | Influenza B | စုစုပေါင်း |
| ၉၀၈ | ၃၄၀ | ၂၆ | ၂၃ | ၃၈၉ |

ယခုနှစ် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကို လေ့လာသုံးသပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇွန်လ ဒုတိယပတ်မှစ၍ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုများ စတင်များပြားလာခဲ့ပြီး ဇူလိုင်လဆန်းမှ ဇူလိုင်လဒုတိယပတ်အတွင်း ဖြစ်ပွားမှုမြင့်မားခဲ့သော်လည်း ယခုလက်ရှိအချိန်တွင် ဖြစ်ပွားမှုနည်းပါးလာကြောင်း တွေ့ရှိရပါသည်။

**(၁-၆-၂၀၁၉) ရက်နေ့မှ (၂၅-၇-၂၀၁၉) ရက်နေ့အထိ ရက်အလိုက် ရာသီတုပ်ကွေးရောဂါ စစ်ဆေးမှု၊ ရောဂါပိုးတွေ့ရှိမှုနှင့် ဖြစ်ပွားမှုနည်းပါးလာသည့် အခြေအနေ (ပုံပြဇယား)**




**(ခ-၂) ရာသီတုပ်ကွေးရောဂါနှင့် ဆက်စပ်သေဆုံးသူများအား ဆန်းစစ်သုံးသပ်ချက်**

ရာသီတုပ်ကွေးရောဂါဖြစ်ပွားသူများတွင် နာတာရှည်ရောဂါအခံရှိသူများ၊ အသက်အရွယ်ကြီးလွန်းသူနှင့် ငယ်လွန်းသူကလေးငယ်များတွင် ရောဂါပိုမိုပြင်းထန်ပြီး သေဆုံးမှုနှုန်းမြင့်မားကြောင်း တွေ့ရှိရပါသည်။ (၁-၁-၂၀၁၉) ရက်နေ့မှ (၂၅-၇-၂၀၁၉) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါတွေ့ရှိ၍ သေဆုံးသူ ၇၂ ဦးအနက် အသက်အုပ်စု အသက် (၁၅-၆၅) နှစ်တွင် သေဆုံးမှုအများဆုံးဖြစ်ပြီး စုစုပေါင်းသေဆုံးမှု၏ (၄၀.၃%) ဖြစ်ကာ နာတာရှည်ရောဂါအခံရှိသူ (ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါ၊ အာရုံကြောရောဂါ၊ မွေးရာပါရောဂါလက္ခဏာစု၊ ကင်ဆာရောဂါနှင့် အခြားကိုယ်ခံအား ကျဆင်းသည့်ရောဂါ) များတွင် သေဆုံးသူ ၅၈ ဦးအထိရှိပြီး စုစုပေါင်းသေဆုံးမှု၏ ၈၀ .၆ % ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ရောဂါလက္ခဏာများဖြစ်ပွားခဲ့ပြီး ဆေးရုံသို့နောက်ကျမှ ရောက်ရှိလာသူများတွင် သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရှိရပါသည်။

**(ခ-၃) ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားသူများအနက် ဓာတ်ခွဲအတည်ပြု Influenza A(H1N1)pdm09 ဖြင့် သေဆုံးသူများအား ဆန်းစစ်ခြင်း (၁-၁-၂၀၁၉ မှ ၂၅-၇-၂၀၁၉)**

| နာတာရှည်ရောဂါအခံ ရှိသူများတွင် သေဆုံးသူ ဦးရေ | ရောဂါပိုးကူးစက်ခံရပါက သေဆုံးနိုင်ခြေများသော အုပ်စု (အသက်အရွယ် ကြီးရင့်သူများ၊ အသက်အရွယ်ငယ်လွန်းသူများ) တွင် သေဆုံးသူဦးရေ | ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားပြီး အခြားသိသာ ထင်ရှားသော ရောဂါအခံ မရှိသူများတွင် သေဆုံးသူဦးရေ | သေဆုံးသူ စုစုပေါင်း |
|---|---|---|---|
| ၅၈ (၈၀.၆%) | ၇ (၉.၇ %) | ၇(၉.၇ %) | ၇၂ |

**(ခ-၄) ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသမှုအခြေအနေ**

(၁-၁-၂၀၁၉) ရက်နေ့မှ (၂၅-၇-၂၀၁၉) ရက်နေ့အထိ ရာသီတုပ်ကွေးရောဂါဖြင့် -

- စုစုပေါင်းဆေးရုံတက်ရောက်ကုသသူ ၂၉၉ ဦး
- ဆေးရုံမှ ဆင်းသွားသူ ၁၈၅ ဦး
- လက်ရှိ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိသူ ၄၂ ဦး

**(ခ-၅) တိုင်းဒေသကြီး/ပြည်နယ်အလိုက် Seasonal Influenza ဓာတ်ခွဲအတည်ပြုဖြစ်ပွား/သေဆုံးသူဦးရေစာရင်း (၁-၁-၂၀၁၉) ရက်နေ့မှ (၂၅-၇-၂၀၁၉) ရက်နေ့အထိ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လူဦးရေသိပ်သည်းဆ (Population Density per Km²) | ရာသီတုပ်ကွေး ရောဂါ သံသယ လူနာ ဓာတ်ခွဲ စစ်ဆေးသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု ဖြစ်ပွားသူ ဦးရေ | ဓာတ်ခွဲ အတည်ပြု သေဆုံးသူ ဦးရေ |
|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၇၁၆ | ၄၅၀ | ၂၀၉ | ၅၆ |
| ၂ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၇ | ၆၃ | ၃၄ | ၅ |
| ၃ | နေပြည်တော် | ၁၆၄ | ၆၇ | ၃၀ | - |
| ၄ | ရခိုင်ပြည်နယ် | ၈၇ | ၅၈ | ၂၆ | - |
| ၅ | ကချင်ပြည်နယ် | ၁၉ | ၆၅ | ၂၁ | ၁ |
| ၆ | ပဲခူးတိုင်းဒေသကြီး | ၁၂၄ | ၄၆ | ၁၅ | ၄ |
| ၇ | မကွေးတိုင်းဒေသကြီး | ၈၇ | ၂၆ | ၁၄ | ၁ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၇ | ၁၁ | ၇ | ၂ |
| ၉ | မွန်ပြည်နယ် | ၁၆၇ | ၁၂ | ၆ | ၃ |
| ၁၀ | ကယားပြည်နယ် | ၂၄ | ၆ | ၆ | - |
| ၁၁ | ကရင်ပြည်နယ် | ၅၂ | ၆၅ | ၅ | - |
| ၁၂ | ရှမ်းပြည်နယ် (တောင်) | - | ၇ | ၅ | - |
| ၁၃ | ရှမ်းပြည်နယ် (မြောက်) | - | ၉ | ၄ | - |
| ၁၄ | မန္တလေးတိုင်းဒေသကြီး | ၂၀၀ | ၁၄ | ၄ | - |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ၃၂ | ၆ | ၃ | - |
| ၁၆ | ချင်းပြည်နယ် | ၁၃ | ၂ | - | - |
| ၁၇ | ရှမ်းပြည်နယ် (အရှေ့) | - | ၁ | - | - |
| | **စုစုပေါင်း** | ၇၆ | ၉၀၈ | ၃၈၉ | ၇၂ |

**(ဂ) ရောဂါနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ**

တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ -

(ဂ-၁) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဦးဆောင်၍ လမ်းညွှန်ချက်များချမှတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များတွင် ရာသီတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်မြှင့်ကာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဂ-၂) ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင်လည်း လူနာဆောင်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရောဂါဖြစ်ပွားလာပါက ထိရောက်စွာ ကုသခြင်းလုပ်ငန်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရာသီတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း လမ်းညွှန်နှင့် ကုသရေးလုပ်ငန်းလမ်းညွှန်များကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(ဂ-၃) ရာသီတုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်းသည် လွန်စွာ အရေးကြီးပါသဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတင်းမီဒီယာများတွင် အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ၊ ပိုစတာများဖြန့်ဝေခြင်းတို့ကို လူစည်ကားရာနေရာများတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ပြည်သူများအကြား သတင်းအမှန်ရရှိပြီး စိုးရိမ်မှုလျော့ကျစေရန်အတွက် ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာဖြစ်သော www.mohs.gov.mm, https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် Myanmar CDC ၏ facebook စာမျက်နှာများမှ အချိန်နှင့်တစ်ပြေးညီ သတင်းဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။ ရာသီတုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု နည်းပါးလာသည်ကို တွေ့ရသော်လည်း ပြည်သူများအနေဖြင့် ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် အတည်ပြုချက်များအတိုင်းနှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ ဆွေးနွေးချက်၊ အကြံပြုချက်များအပေါ် ကော်မရှင်အနေဖြင့် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကော်မရှင်၏ ၂၀၁၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်

ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ အကြံပြုချက်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ဒဂုံမြို့သစ် (ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်


ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်း

အဖွဲ့အစည်းဝင်၏ ရှင်းလင်းပြောကြားချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော Memorandum of Understanding on the Improvement of Safety Standards and Inspection for Non-Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်က အာဆီယံဒေသတွင်းနိုင်ငံများအနေဖြင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် မူဝါဒများကိုပေါင်းစပ်၍ ဒေသတွင်း သွားလာခုတ်မောင်းလျက်ရှိသည့် IMO Convention များကို လိုက်နာရန်မလိုအပ်သည့် သင်္ဘောများ၏ အန္တရာယ်ကင်းရှင်းရေးနှင့် မတော်တဆထိခိုက်မှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှ ကာကွယ်တားဆီးရေးတို့အတွက် စည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများ သတ်မှတ်၍ ရေယာဉ်များကို တိုင်းတာစစ်ဆေးခြင်း အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ရန် သဘောတူညီချက်များကို အဆိုပါနားလည်မှုစာချွန်လွှာတွင် ထည့်သွင်းထားသည့်အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ မျှော်မှန်းချက်များနှင့်အညီ အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်စည်စီးဆင်းမှုနှင့် သွားလာမှုတို့ကို ရေကြောင်းလမ်းမှတစ်ဆင့် တိုးမြှင့်ဆောင်ရွက်နိုင်မည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့်လည်း လက်မှတ်ရေးထိုးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ထောက်ခံအကြံပြုဆွေးနွေးသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ Memorandum of Understanding on the Improvement of Safety Standards and Inspection for Non-Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားကိုရယူရာ သဘောမတူသူမရှိသည့်အတွက် Memorandum of Understanding on the Improvement of Safety Standards and Inspection for Non-Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော The Protocol of 1988 relating to the International Convention on Load Lines, 1966 (LLPROT 1988) တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက Protocol ဆိုသည့် နောက်ဆက်တွဲသဘောတူစာချုပ်အား လက်မှတ်ထိုးထားမှုရှိခြင်းကြောင့် မြန်မာသင်္ဘောများ ပြည်ပဆိပ်ကမ်းများသို့ ဆိုက်ရောက်စဉ် ကြုံတွေ့ရမည့် အခက်အခဲများ နည်းပါးပပျောက်သွားနိုင်ပါကြောင်း၊ Inspection စစ်ဆေးခံယူခြင်း၊ Certification လက်မှတ်ထုတ်ပေးခြင်းတို့ကို အခြားသော Convention သဘောတူညီချက်များနှင့်အတူ တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်သော HSSC (Harmonized System of Survey and Certification) စနစ်ကို လိုက်နာကျင့်သုံးနေခြင်းကို ပေါ်လွင်စေရန်ဖြစ်ပါကြောင်း။

တစ်ခုထက်မက တစ်ပြိုင်နက်စစ်ဆေးနိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အချိန်သက်သာကာ လုပ်ငန်းပြီးမြောက် မြန်ဆန်ခြင်း၊ နိုင်ငံတကာစံချိန်ညီကာ ဆိပ်ကမ်းများ၏ စစ်ဆေးချိန် သက်သာခြင်းစသည့် အကျိုးကျေးဇူးများရရှိကာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်မှ စေလွှတ်သော IMSAS Audit စစ်ဆေးတွေ့ရှိချက်ကို ဆောင်ရွက်ပြီးစီးခြင်းကိုလည်း တစ်ပြိုင်နက်တည်း ပါဝင်စေပါကြောင်း၊ သို့ဖြစ်ပါ၍ 1988 Load Line Protocol အား မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးသင့်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်နှင့် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းတို့က ထောက်ခံအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ The Protocol of 1988 relating to the International Convention on Load Lines,1966 (LLPROT1988) တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ သဘောထားကိုရယူရာ သဘောမတူသူမရှိသည့်အတွက် The Protocol of 1988 relating to the International Convention on Load Lines, 1966 (LLPROT 1988) တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော "မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ သဘောထားရယူအတည်ပြုပြီး အထက်ပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို လွှတ်တော်နှစ်ရပ် အတည်ပြုချက်များအတိုင်းလည်းကောင်း၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်းလည်းကောင်း ပြန်လည်ပြင်ဆင်၍ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လွှဲပြောင်းပေးပို့သည့် အမှု (၆) မှုကို စိစစ်ဆောင်ရွက်ပေးရသည့်ကိစ္စနှင့်ပတ်သက်ပြီး အကြံပြု

ယင်းနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လွှဲပြောင်းပေးပို့သည့် အမှု (၆) မှုကို စိစစ်ဆောင်ရွက်ပေးရသည့်ကိစ္စနှင့်ပတ်သက်ပြီး အကြံပြုလိုပါကြောင်း၊ ယနေ့ အချို့ဒေသများတွင် တိုက်ပွဲများ အဆုံးမသတ်နိုင်၍ မငြိမ်သက်ကွယ်ရာတွင် လူ့အခွင့်အရေးနှင့် အခြားကိစ္စများ၌ မတရားခံရမှုများ ရှိနေနိုင်ပါကြောင်း၊ ယင်းတို့ကို ယခုကဲ့သို့ အဖွဲ့အစည်းတစ်ရပ်ရပ်က အကြောင်းကြားလာမှ အမှုစိစစ်ဆောင်ရွက်ပေးရမှုထက် မီဒီယာများ၊ အခြားသတင်းအချက်အလက်များအရ သိသိချင်း အကူအညီပေးနိုင်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ လမ်းညွှန်အကြောင်းကြားပြီး ကွင်းဆင်းဆောင်ရွက်မှုများ၊ အချက်အလက်စုစည်းမှုများ လုပ်ပေးခြင်းအား


ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုး


အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

ဖြင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်သည့် အဖွဲ့အစည်းအဖြစ် အဖွဲ့၏ လုပ်ငန်းပုံရိပ် ပိုမိုတိုးတက်လာနိုင်သောကြောင့် ယင်းကို အကြံပြုလိုပါကြောင်း။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအနေနှင့် လည်းကောင်း၊ တည်ဆဲအခြား ပြဋ္ဌာန်းထားသည့် အထူးဥပဒေများနှင့် လည်းကောင်း၊ ပြည်သူလူထုသိရှိနားလည်အောင် အသိပညာပေးခြင်း လုပ်ငန်းများကို အသီးသီးတာဝန်များခွဲဝေပြီး ကျေးရွာအုပ်စုများအထိ ဆွေးနွေးမှုများပြုလုပ်ကာ ဥပဒေဆိုင်ရာ အသိပညာပေးကိစ္စများကို ကွင်းဆင်းဆောင်ရွက်ပေးနေသည်ကိုလည်း ကျေနပ်စွာ တွေ့ရှိရသည့်အတွက် အချိန်တိုအတွင်း မနိုင်ဝန်များထမ်းဆောင်ပြီး ကြိုးစားလုပ်ဆောင်နေသည်ကို ကြိုဆိုပါကြောင်း၊ သို့ရာတွင် ပိုပြီးထိရောက်လွယ်ကူစွာ လုပ်ငန်းများဆောင်ရွက်ရန် ဝေးလံသော ဒေသများသို့ သွားရောက်ရှင်းလင်းခြင်းထက် အမှုရင်ဆိုင်ဖြစ်ပွားရာ အချုပ်ခန်း ၊ တရားရုံးများနှင့် မလှမ်းမကမ်း နားခိုစောင့်ဆိုင်းရာနေများ၌ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ကြော်ငြာဆိုင်းဘုတ်ဖြင့် အသိပေးခြင်း၊ အကူအညီလိုပါက မည်သူ့ထံ မည်သို့ဆက်သွယ်ပါစသည့် သတင်းပေးစကား ဖြန့်ဝေခြင်း၊ ရှင်းလင်းခြင်း၊ ပြန့်ပွားအောင်လုပ်ဆောင်အသိပေးခြင်းတို့ကို မြို့နယ်တိုင်းတွင် ဆောင်ရွက်နိုင်ပါက နည်းနည်းနှင့် ကျဲကျဲဝိုင်းနိုင်ပြီး ယခုထက်ပိုမို ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခေါ်)ဦးအုန်းခင်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ နော်လှလှစိုး၊ ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဦးမျိုးနိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်းနှင့် စလင်းမဲဆန္ဒနယ်မှ ဦးကံဦးတို့က ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာအဖွဲ့က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း အစီအစဉ်များကို အစည်းအဝေး ဆဋ္ဌမနေ့တွင် ဆောင်ရွက်ရန်လျာထားကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း- မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**

---

## တောင်ငူတွင် မသန်စွမ်းသူများအတွက် စီးပွားရေးဆိုင်ရာ မတည်ပံ့ပိုးမှု အခမ်းအနားကျင်းပ

**တောင်ငူ ဇူလိုင် ၂၆**

တောင်ငူမြို့တွင် brac Myanmar International Organization မှ မသန်စွမ်းသူများအတွက် စီးပွားရေးဆိုင်ရာ မတည်ပံ့ပိုးမှုအခမ်းအနားကို ဇူလိုင် ၂၆ ရက်က တောင်ငူမြို့ ၂၁ ရပ်ကွက်ရှိ brac Myanmar ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် brac Myanmar International Organization မှ အထွေထွေမန်နေဂျာ ဆာဇာဒူဇာမန် ဆာဇက်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ အိမ်တွင်းမှုသင်တန်းကျောင်းအုပ်ကြီးက မိတ်ဆက်စကားပြောကြားသည်။

ယင်းနောက် စီမံကိန်းတာဝန်ခံ ဒေါ်နှင်းစုဝေက စီမံကိန်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထွေထွေမန်နေဂျာ ဆာဇာဒူဇာမန် ဆာဇက်နှင့် တာဝန်ရှိသူများက မသန်စွမ်းသူ ၇၉ ဦးကို ဝက် ၃၆ ကောင်၊ ဆိတ် ၁၂ ကောင်၊ နွားနှစ်ကောင်၊ ရေမော်တာစက် နှစ်လုံး၊ မြေသြဇာ ၆၁ အိတ်၊ အပ်ချုပ်စက် တစ်စုံ၊ လယ်သမားပစ္စည်းအစုံကို ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မတက်ရောက်နိုင်သည့်သူများကို ဝန်ထမ်းများက အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်သွားမည်ဖြစ်သည်။

အခမ်းအနားသို့ ဖိတ်ကြားထားသော မသန်စွမ်းသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံများတက်ရောက်ခဲ့ပြီး တခြားမြို့ကြီးများတွင်လည်း အလားတူ ကူညီထောက်ပံ့ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ( တောင်ငူ )**

# သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ မဏ္ဍိုင်သုံးရပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**
သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ မဏ္ဍိုင်သုံးရပ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေသည် ဒီမိုကရေစီနိုင်ငံများတွင် လိုအပ်သည့် ဥပဒေတစ်ရပ်အနေဖြင့် ပြောဆို၊ တောင်းဆိုကြပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ၏ သွင်ပြင်လက္ခဏာ၊ အရည်အချင်းများတွင် ထိုဥပဒေရှိခြင်းကို အချက်တစ်ချက်အဖြစ် အများနားလည် သဘောပေါက်ကြပါကြောင်း။

ယနေ့ကမ္ဘာတွင် နိုင်ငံပေါင်း ၂၀၀ ဝန်းကျင်ရှိသည့်အနက် နိုင်ငံပေါင်း ၁၀၀ ကျော်သည် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ ထိုဥပဒေ ပြဋ္ဌာန်းခြင်းသည် ဒီမိုကရေစီနိုင်ငံများတွင် ရှိသင့်သည့် လက္ခဏာတစ်ရပ်ဖြစ်သော်လည်း ပြဋ္ဌာန်းမှုသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီသည်ကို တွေ့ရပါကြောင်း။

ဒီမိုကရေစီ၏ အနှစ်သာရသည် အများပြည်သူပါဝင်မှုဖြစ်ပြီး ပါဝင်မှုများလေ ဒီမိုကရေစီပြည့်ဝလေ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ခေတ်တွင် အများပြည်သူပါဝင်ခွင့်ကို ပြောဆိုလာကြပါကြောင်း၊ ထို့ပြင် အစိုးရပိုင်းကလည်း ပွင့်လင်းမြင်သာမှုရှိရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ မဏ္ဍိုင်များတွင် တာဝန်ယူထားသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ရန် လိုအပ်ပါကြောင်း၊ များများသိနိုင်လေ ပွင့်လင်းမြင်သာမှု ပိုရှိလေဆိုသည့် သဘောဖြစ်သည့်အတွက် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း။

သတင်းအချက်အလက်နှင့်ပတ်သက်၍ ဒီမိုကရေစီနိုင်ငံတွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ သတင်းအချက်အလက် ရယူခွင့်များသည် တွဲ၍တည်ရှိနေပါကြောင်း၊ ယခင်က လွတ်လပ်စွာ ပြောဆိုရေးသားခွင့်များသည် မီဒီယာသမားများအတွက် အဓိကဖြစ်ပါကြောင်း၊ သို့သော် ယနေ့ခေတ်အခါတွင် နည်းပညာများ ထွန်းကားလာပြီး ဆိုရှယ်မီဒီယာများ အားကောင်းလာသည့်အခါ မီဒီယာသမားများနည်းတူ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ပြောဆိုရေးသားလာကြပါကြောင်း။

သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေအရ နိုင်ငံသားတစ်ဦးမှ သိရှိလိုသည့် အချက်များကို ဖြေဆိုပေးရမည်ဖြစ်ပါကြောင်း၊ ဤဥပဒေပြဋ္ဌာန်းပြီးပါက အများပြည်သူက သိရှိလိုသည့်အချက်များကို မေးမြန်းလာကြမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများတွင် မေးမြန်းလာသည့် အချက်များကို ဖြေကြားပေးမည့်ဌာနနှင့် ပုဂ္ဂိုလ်များ ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ အားလုံးအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း။

ထိုကဲ့သို့ အများပြည်သူက မေးမြန်းလာပါက ဖြေကြားပေးရန်အတွက် မည်သည့်သတင်းအချက်များ ရှိသည်၊ မည်သည့် သတင်းအချက်အလက်က အများပြည်သူသို့ ထုတ်ပြန်ပေးရန် သင့်/မသင့်၊ သတင်းအချက်အလက်ကို မည်သို့သောနေရာဌာနမျိုးမှ တောင်းဆိုမှ ထုတ်ပြန်ပေးမည် စသည့်သတင်းအချက်အလက် အမျိုးအစား၊ အဆင့်အတန်း သတ်မှတ်ခွဲခြားသည့် လုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ထားရမည် ဖြစ်ပါကြောင်း။

ဤဥပဒေ ပြဋ္ဌာန်းပြီးပါက မိမိတို့နိုင်ငံကို ဒီမိုကရေစီပြည့်ဝသော၊ ပွင့်လင်းမြင်သာမှုရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အစိုးရတစ်ရပ်အဖြစ် အများပြည်သူက ပိုမိုယုံကြည်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း) ရေးဆွဲထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မဏ္ဍိုင်သုံးရပ်မှ တာဝန်ရှိသူများက သတင်းအချက်အလက် ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အခန်းတစ်ခန်းချင်းအလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ဖြုတ်ပယ်လိုသည့်အချက်များ၊ အားနည်းချက်၊ အားသာချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းအချက်အလက်ရပိုင်ခွင့်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ မဏ္ဍိုင်သုံးရပ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**
နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေပြည်တော်ဝင်လမ်းနှင့် ဒက္ခိဏသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အကြားရှိ ပန်းခြံအတွင်း ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် စင်ကာပူချယ်ရီပင်ကို စိုက်ပျိုးပေးပြီး ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများက သတ်မှတ်အပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အရိပ်ရလေကာပင်များဖြစ်သည့် စင်ကာပူချယ်ရီ၊ ခရေ၊ ပျဉ်းမ၊ ငု၊ သပေ့ပူရနှင့် စိန်ပန်းပင်တို့ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ စိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးသည်။ ယနေ့အခမ်းအနားတွင် ပျိုးပင်ပေါင်း ၁၇၅ ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမျိုးအောင် စင်ကာပူချယ်ရီပင်ကို စိုက်ပျိုးစဉ်။** သတင်းစဉ်

# တာချီလိတ် အ.ထ.က ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး စာအုပ်စင်နှင့် စာအုပ်များလှူဒါန်း

**တာချီလိတ် ဇူလိုင် ၂၆**
တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး စာအုပ်စင်နှင့် စာအုပ်များ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အ.ထ.က (တာချီလိတ်)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက ကျောင်းစာကြည့်တိုက်ကို အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခြင်းဖြင့်ကျောင်းသား ကျောင်းသူများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နှင်းရည်က ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)တွင် ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်သည့် အထိမ်းအမှတ်နှင့် နောက်ဆက်တွဲအောင်ပွဲအဖြစ် ကျောင်းစာကြည့်တိုက် အဆင့်မြှင့်တင်နိုင်ရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် အလှူငွေများ လှူဒါန်းကြရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးချမ်းမြေ့စောက အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း၊ တာချီလိတ်မြို့ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစံသိန်း၊ တာချီလိတ်မြို့နယ် စာရေးဆရာအသင်း၊ တာချီလိတ်မြို့နယ် စာကြည့်တိုက်ဖောင်ဒေးရှင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ စုစုပေါင်း ငွေကျပ် သုံးသိန်းလေးသောင်း တန်ဖိုးရှိ စာအုပ်စာစောင်များကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ခြောက်သိန်း တန်ဖိုးရှိ စာအုပ်တင်သံစင်များကိုလည်းကောင်း အသီးသီး လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




**မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော အမှာစကားပြောကြားစဉ်။**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၆**
နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာ-တရုတ်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်(BECZ) တည်ထောင်အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**နှစ်နိုင်ငံညှိနှိုင်း**

ရှေးဦးစွာ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဇုန်များ တည်ထောင်အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံညှိနှိုင်းမှုအရ မူဆယ်-ရွှေလီ-ကျယ်ခေါင်ကို ဦးစားပေးတည်ထောင်ရန်ဖြစ်သော်လည်း တရုတ်နိုင်ငံဘက်ခြမ်းတွင် လျာထားတည်နေရာ သုံးခုစလုံး အခြေခံအဆောက်အဦများ အဆင်သင့်နီးပါးဖြစ်နေမှုကို တွေ့ရှိရပါကြောင်းနှင့် မိမိတို့ဘက်ခြမ်းတွင် မြေနေရာအသုံးပြုခွင့်ရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကိစ္စရပ်များကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားကြရန် ဖြစ်ကြောင်း၊ မြေနေရာရွေးချယ်ရာတွင် နှစ်နိုင်ငံနယ်စပ် နယ်နိမိတ်မျဉ်းအတည်ပြု သတ်မှတ်ထားပြီးဖြစ်၍ အရေးကြီးသကဲ့သို့ လမ်းပန်းဆက်သွယ်မှုမှာလည်း မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် ယဉ်ကျေးမှုထိခိုက်ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ မူလစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းကျဆင်းမှု မရှိစေရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်စေရေးအတွက် နယ်စပ်စီးပွားရေးဇုန် လျာထားနေရာနှင့် မလွတ်ကင်း၍ မဖြစ်မနေပြောင်းရွှေ့ပေးရန် လူနေအိမ်နှင့် စိုက်ပျိုးမြေများအတွက် သင့်တင့်မျှတသည့် မြေယာလျော်ကြေးအပြင် မြေယာအစားထိုးပေးအပ်နိုင်ရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**“မြေနေရာရွေးချယ်ရာတွင် နှစ်နိုင်ငံနယ်စပ် နယ်နိမိတ်မျဉ်းအတည်ပြု သတ်မှတ်ထားပြီးဖြစ်၍ အရေးကြီးသကဲ့သို့ လမ်းပန်းဆက်သွယ်မှုမှာလည်း မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် ယဉ်ကျေးမှု ထိခိုက်ပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ မူလစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းမှုမရှိစေရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်စေရေးအတွက် နယ်စပ်စီးပွားရေးဇုန် လျာထားနေရာနှင့် မလွတ်ကင်း၍ မဖြစ်မနေပြောင်းရွှေ့ပေးရန် လူနေအိမ်နှင့် စိုက်ပျိုးမြေများအတွက် သင့်တင့်မျှတသည့် မြေယာလျော်ကြေးအပြင် မြေယာအစားထိုးပေးအပ်နိုင်ရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်”**

**နယ်နိမိတ်မျဉ်း အတည်ပြု**

မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် (မြန်မာဘက်ခြမ်း)တည်ထောင်အကောင်အထည်ဖော်ရေး ဆောင်ရွက်ရာတွင် အရေးကြီးအချက်များဖြစ်သည့် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံ နယ်စပ်နယ်နိမိတ်မျဉ်း အတည်ပြုသတ်မှတ်ပြီးဖြစ်ခြင်း၊ မြေအသုံးချခွင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့အား မှန်မှန်ကန်ကန် ညှိနှိုင်းဖြေရှင်းပြီးမှသာ E.O.I ခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းများ အပ်နှံအကောင်အထည် ဖော်ခြင်းတို့အား ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က မိမိတို့ပြည်နယ်အတွင်း နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အခြေအနေများ၊ ပြည်နယ်အတွင်း ဆောင်ရွက်လိုသည့် စီးပွားရေးဇုန်ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက လောက်ကိုင်မြို့ (BP.125) နယ်ခြားမှတ်တိုင်၊ နယ်စပ်ကုန်သွယ်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

**ပြန်လည်ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မွန်းလွဲ ၂ နာရီတွင် တောင်ကြီး-ဟိုပုံး ကားလမ်းဘေးရှိ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ကျင်းပသည့် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသော ကုန်သည်လုပ်ငန်းရှင်များ၏ တင်ပြချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများကို ပြန်လည်ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၂၆**

(၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (19th Senior Officials Meeting on Transnational Crimes and Its Related Meetings-19th SOMTC)ကို ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်တွင် လက်ခံကျင်းပသည်။




အဆိုပါ 19th SOMTC နှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးအဆင့် ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုနှင့် UNODC ၊ ဒေသဆိုင်ရာတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဘက်မှ SOMTC ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဦးစီးသည့် ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်းကိုယ်စားလှယ် ၂၅၀ ခန့် တက်ရောက်သည်။

**လုပ်ငန်းအဖွဲ့ အစည်းအဝေးခြောက်ခုကျင်းပ**

ဇူလိုင် ၂၃ ရက်တွင် အဆင့်မြင့်အရာရှိကြီးများအဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လက်နက်မှောင်ခိုမှုခင်းများ တိုက်ဖျက်ရေး၊ ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ ဆက်စပ်အစည်းအဝေးများ အပါအဝင် လုပ်ငန်းအဖွဲ့ အစည်းအဝေး ခြောက်ခု ကျင်းပသည်။

ဇူလိုင် ၂၄ ရက်တွင် 19th SOMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီက နေပြည်တော် Horizon Lake View Hotel, Thazin Villa ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးတို့ တက်ရောက်၍ ဖွင့်ပွဲမိန့်ခွန်းပြောကြားသည်။

အာဆီယံအသင်းကြီး၏ မဏ္ဍိုင်ကြီး သုံးရပ်တွင် နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC) ၏ မျှော်မှန်းချက်များ အကောင်အထည်ဖော်မှုတွင် နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးသည် အာဆီယံဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်တွင် ဝန်ကြီးအဆင့် AMMTC နှင့် အဆင့်မြင့်အရာရှိကြီးအဆင့် SOMTC တို့သည် နှစ်စဉ် အလှည့်ကျနိုင်ငံမှ အိမ်ရှင်အဖြစ် တာဝန်ယူ၍ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် 12th AMMTC ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ 9th SOMTC အစည်းအဝေးကို ၂၀၀၉ ခုနှစ်တွင် နေပြည်တော်၌ လက်ခံကျင်းပခဲ့ပြီး ယခု 19th SOMTC ကို ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

အာဆီယံအသင်းကြီးအနေဖြင့် စတင်ထူထောင်ကတည်းက ချမှတ်အတည်ပြုထားသော ပဋိညာဉ်စာတမ်းပါ အခြေခံမူ၊ ရည်ရွယ်ချက်များ၏ အဓိကဖော်ပြချက်သည် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်ဖြစ်ပြီး နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ခြင်းအားဖြင့် ဒေသဆိုင်ရာ ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်ဖြစ်သည်။ အာဆီယံအသင်းကြီး၏ အဓိကရည်ရွယ်ချက်နှင့် အခြေခံမူဝါဒများကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့် နိုင်ငံဖြတ်ကျော် မှုခင်းပြဿနာများသည် အာဆီယံဒေသတွင်းသို့ တစ်စတစ်စ ကူးစက်ရောက်ရှိလာခြင်းကို သတိပြုမိကြသည့်အတွက် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ ဆိုက်ဘာမှုခင်း စသည့် မှုခင်းအမျိုးအစား ၁၀ မျိုးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို ပူးပေါင်းတိုက်ဖျက်နိုင်ရန် ယခုအဆင့်မြင့်အရာရှိကြီးအဆင့်တွင် ဆွေးနွေးကြခြင်းဖြစ်သည်။

**အဓိကဆွေးနွေးချက်များ**

19th SOMTC စုံညီအစည်းအဝေးကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီခွဲမှစ၍ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီအထိ အစည်းအဝေးအစီအစဉ် ၂၄ ခုဖြင့် ကျင်းပခဲ့သည်။ အစည်းအဝေးသဘာပတိအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက ဆောင်ရွက်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် အဓိကဆွေးနွေးချက်များမှာ လက်နက်မှောင်ခိုမှုခင်း၊ အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တရားမဝင် ကူးသန်းရောင်းဝယ်မှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့များ၏ ဆွေးနွေးချက်များနှင့် ဆက်လက်ဆောင်ရွက်ရန် အကြံပြုတင်ပြသည်များကို ရှင်းလင်းဆွေးနွေးခြင်း၊ အဆိုပါ မှုခင်းများနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် အကောင်အထည်ဖော်မည့် SOMTC ၏ လုပ်ငန်းအစီအမံများကို ရှင်းလင်းဆွေးနွေးခြင်း၊ အာဆီယံဒေသတွင်း ဖြစ်ပေါ်နေသော နိုင်ငံဖြတ်ကျော်မှုခင်းများအားလုံးနှင့် ပတ်သက်၍ တားဆီးနှိမ်နင်းရေး ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက် (ToR) ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်း၊ သတင်းအချက်အလက် မှတ်တမ်းများ ထားရှိအသုံးပြုနိုင်ရေးစနစ် ထူထောင်ရန်နှင့် ပတ်သက်၍ ဆွေးနွေးခြင်း။

ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုတို့၏ SOMTC တွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီပေးရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဇူလိုင် ၂၅ ရက် မွန်းလွဲ ၂ နာရီမှ ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီ မိနစ် ၂၀ အထိ နိုင်ငံတစ်ခုချင်းစီနှင့် သီးခြားဆွေးနွေးခြင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်မည့် 20th SOMTC နှင့် ဆက်စပ်အစည်းအဝေးများ လက်ခံကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံနှင့် ဆွေးနွေးခြင်းနှင့် သီးခြားလုပ်ငန်းစဉ်များ အနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများ၏ နယ်စပ်ဒေသများ စီမံခန့်ခွဲမှုဆိုင်ရာနှင့် ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးခြင်းတို့နှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။

**အပြန်အလှန်ဆွေးနွေး**

ယနေ့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ဆွေးနွေးချက်များမှ ရလဒ်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဒေသတွင်းဖြစ်ပေါ်နေသည့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်းများနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသော အစွန်းရောက်အကြမ်းဖက်ဝါဒနှင့် အစွန်းရောက်များ ပေါက်ဖွားလာမှုတို့နှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၅) အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

**အကျိုးရလဒ်ကောင်းများရရှိ**

ယင်းအချက်သည် မြန်မာနိုင်ငံအတွက်သာမက အာဆီယံဒေသတွင်း နိုင်ငံများနှင့် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ထိရောက်အကျိုးရှိသော ရလဒ်ကောင်းတစ်ခုဖြစ်ပြီး အာဆီယံအသင်းကြီး၏ ဘက်စုံလုံခြုံရေးအခြေခံမှုနှင့်အညီ ခြိမ်းခြောက်မှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် နယ်နိမိတ်ဖြတ်ကျော် စိန်ခေါ်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်ရန် အကျိုးရလဒ်ကောင်းများ ရရှိခဲ့သည့် အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၃၂။ (က) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိက မွေးစားခြင်းကို မှတ်ပုံတင်ပြီးသည့်အခါ မွေးစားခြင်းမပြုမီက မွေးစားခံရသည့် ကလေးသူငယ်၏ မိဘများနှင့် အုပ်ထိန်းသူများတွင် ရှိခဲ့သော အခွင့်အရေးများနှင့် တာဝန်များကို ရုပ်ဆိုင်းပြီး မွေးစားမိဘထံ လွှဲပြောင်းပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) မွေးစားခံရသည့် ကလေးသူငယ်တစ်ဦးသည် မွေးစားမိဘနှင့် သက်ဆိုင်သည့် ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မွေးစားမိဘ၏ အမွေဆက်ခံရန် အခွင့်အရေးနှင့် အခြားအခွင့်အရေးများ ရရှိစေရမည်။

## အခန်း (၉)
## အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်း

၃၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) အခြေအနေတစ်ရပ်ရပ်ကြောင့် မိရင်းဖရင်း ပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော သို့မဟုတ် မရရှိသော ကလေးသူငယ်များအား မိရင်းဖရင်းကိုယ်စား ဆွေမျိုးသားချင်းများက ပြုစုစောင့်ရှောက်ခြင်း၊ မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခြင်း၊ သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုစုစောင့်ရှောက်ခြင်းစသည့် နည်းလမ်းများအပါအဝင် အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းပြုနိုင်ရေးကို ဦးစားပေးကာ အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) အဆိုပါ ကလေးသူငယ်များအား မိသားစုပတ်ဝန်းကျင်မှ အမြဲတမ်း ဖယ်ရှားခြင်းသည် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွား ဖြစ်ထွန်းစေသည့်အခါမှတစ်ပါး ယင်းသို့ ဖယ်ရှားခြင်းမှာ ယာယီသာလျှင်ဖြစ်စေပြီး အတိုတောင်းဆုံးသော အချိန်ကာလအတွက်သာ ဖြစ်စေရမည်။

(ဂ) မိသားစုပတ်ဝန်းကျင်မှ ပြုစုစောင့်ရှောက်မှု ဆုံးရှုံးသွားသော ကလေးသူငယ်များအား သင်တန်းကျောင်းအခြေပြု ပြုစုစောင့်ရှောက်ခြင်းနှင့် ယာယီစောင့်ရှောက်ရေးဂေဟာတွင် ပြုစုစောင့်ရှောက်ခြင်းကို နောက်ဆုံးနည်းလမ်းအနေဖြင့်သာ ကျင့်သုံးရမည်။

(ဃ) သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ပြုစုစောင့်ရှောက်မှုစံနှုန်းများ သတ်မှတ်ပေးရမည်။

(င) အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်အရ ကလေးသူငယ်များအား သင့်လျော်သည့် စောင့်ရှောက်မှုအတွက် နေရာချထားပေးခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပါဝင်ဆောင်ရွက်စေနိုင်သည်။

(စ) အခြားနည်းဖြင့် ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်အရ ကလေးသူငယ်အား သင့်လျော်သည့် စောင့်ရှောက်မှုအတွက် နေရာချထားခြင်းကို ပုံမှန်ပြန်လည်သုံးသပ်ပြီး မိသားစုထံ ပြန်လည်အပ်နှံနိုင်မည့် ဖြစ်နိုင်ခြေကို အကဲဖြတ်သုံးသပ်ရမည်။

## အခန်း (၁၀)
## အုပ်ထိန်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၃၄။ အုပ်ထိန်းသူများအပါအဝင် မိဘများသည် ကလေးသူငယ်ကို အုပ်ထိန်းခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်း ပြုရာတွင်လည်းကောင်း၊ ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများအား စီမံခန့်ခွဲရာတွင်လည်းကောင်း ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများနှင့် ကလေးသူငယ်၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအရ သဘောတူညီချက်ကို အလေးထား ထည့်သွင်းစဉ်းစားရမည်။

၃၅။ မိဘနှစ်ပါးသည် -

(က) ကလေးသူငယ်၏ မူလအုပ်ထိန်းသူများဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) သဘာဝအားဖြင့် ကလေးသူငယ်ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ရန် တာဝန်နှင့် ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများအား စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၃၆။ မိဘနှစ်ဦးကွဲကွာနေပါက -

(က) ကလေးသူငယ်နှင့် အတူနေထိုင်ပြီး စဉ်ဆက်မပြတ် ဆက်ဆံရေးရှိသော မိခင် သို့မဟုတ် ဖခင်သည် တစ်ဦးတည်းဖြစ်စေ၊ မိဘနှစ်ဦးလုံးက မျှဝေ၍ဖြစ်စေ ကလေးသူငယ်ကို ထိန်းသိမ်းစောင့်ရှောက်ခွင့် ရှိစေရမည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို အဓိကထည့်သွင်းစဉ်းစားလျက် မိဘတစ်ဦးဦးစီဖြစ်စေ၊ မိဘနှစ်ဦးလုံးဖြစ်စေ ကလေးသူငယ်ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ရန် တာဝန်နှင့် ကလေးသူငယ်က ပိုင်ဆိုင်သောပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့် ရှိစေရမည်။

၃၇။ ကလေးသူငယ်နှင့် စဉ်ဆက်မပြတ်ဆက်ဆံရေးရှိသော မိဘတစ်ဦးဦး သေဆုံးလျှင် အသက်ရှင်ကျန်ရစ်သော မိခင် သို့မဟုတ် ဖခင်သည် မိဘ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဆက်လက်ကျင့်သုံးရမည်။

၃၈။ ကလေးသူငယ်ကို အုပ်ထိန်းလိုသော အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးသည် အုပ်ထိန်းသူအဖြစ် ခန့်အပ်တာဝန်ပေးသည့် စီရင်ချက်နှင့် ဒီကရီ ချမှတ်ပေးရန် သက်ဆိုင်ရာ တရားရုံးသို့ လျှောက်ထားနိုင်သည် -

(က) မိဘများကွဲကွာခြင်း သို့မဟုတ် ကွာရှင်းခြင်း ဖြစ်ပွားပြီးနောက် ကလေးသူငယ်ကို အုပ်ထိန်းလိုသူ၊

(ခ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်ကို ကြီးပြင်းလာအောင် ကျွေးမွေးပြုစုစောင့်ရှောက်ရေးနှင့် ကလေးသူငယ်က ပိုင်ဆိုင်သော ပစ္စည်းများကို စီမံခန့်ခွဲရေးအတွက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားသော ကလေးသူငယ်အား အုပ်ထိန်းလိုသူ။

၃၉။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၃၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားကို အဓိကထည့်သွင်းစဉ်းစားလျက် မိဘတစ်ဦးဦးကိုဖြစ်စေ၊ ဘိုးဘွားတစ်ဦးဦးကိုဖြစ်စေ၊ သွေးရင်းဆွေမျိုးတစ်ဦးဦးကိုဖြစ်စေ အုပ်ထိန်းသူအဖြစ်လည်းကောင်း၊ ယင်းတို့တစ်ဦးဦးမရှိသည့်အခါ သင့်လျော်သော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို အုပ်ထိန်းသူအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးသည့် စီရင်ချက်နှင့် ဒီကရီ ချမှတ်ပေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အသက်အရွယ်နှင့် ရင့်ကျက်မှုကို တည်မှီပြီး ကလေးသူငယ်နှင့် စပ်လျဉ်းသည့် အုပ်ထိန်းမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုတို့အတွက် စီရင်ချက်နှင့် ဒီကရီ ချမှတ်ရာတွင် ထိုကလေးသူငယ်၏ ဆန္ဒသဘောထားကို ရယူရမည်။

၄၀။ သက်ဆိုင်ရာတရားရုံးက မိဘမဟုတ်သူအား အုပ်ထိန်းသူအဖြစ် ခန့်အပ်တာဝန်ပေးပြီးနောက် ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ခွဲခွာနေထိုင်ရန် လိုအပ်သည့်အခါမှတစ်ပါး ကလေးသူငယ်တိုင်းသည် မိဘ၊ ဘိုးဘွားတို့နှင့် တွေ့ဆုံခွင့် ရှိစေရမည်။

## အခန်း (၁၁)
## စရိတ်ထောက်ပံ့ခြင်း

၄၁။ ကလေးသူငယ်၏ မိဘသည် ကလေးသူငယ်ကို ကျွေးမွေးပြုစုရန်နှင့် ကလေးသူငယ်၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးရန် တာဝန်ရှိစေရမည်။

၄၂။ (က) ဖခင်တိုင်းသည် လင်မယားကွာရှင်းသည်ဖြစ်စေ၊ မကွာရှင်းသည် ဖြစ်စေ မိမိ၏သားသမီးတိုင်းကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်အား စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည့်ဖခင်က လုံလောက်သော အကြောင်းမရှိဘဲ ကလေးသူငယ်အား စရိတ်ထောက်ပံ့ရန် ပျက်ကွက်ပါက ကလေးသူငယ်ကိုယ်စား မိခင် သို့မဟုတ် အုပ်ထိန်းသူက စရိတ်ထောက်ပံ့ရန် ပျက်ကွက်သည့် ဖခင်အပေါ် သက်ဆိုင်ရာ တရားရုံးတွင် စရိတ်ထောက်ပံ့ရန် လျှောက်ထားစွဲဆိုနိုင်သည်။

၄၃။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ ကလေးသူငယ် စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုတွင် လျှောက်ထားခံရသော ဖခင်က စရိတ်ထောက်ပံ့ရန် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း တွေ့ရှိပါက ကလေးသူငယ်တစ်ဦးလျှင် လစဉ် ကျပ် ၅၀၀၀၀ ထက်မပိုသော စရိတ်ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သည့်စရိတ်ကို လျှောက်ထားခံရသူက ပေးဆောင်ရန် ပျက်ကွက်လျှင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင် ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ဒဏ်ငွေအရ ကောက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောက်ခံပြီးရရှိသည့် ငွေကို ချမှတ်ထားသည့်စရိတ်အတွက် လျှောက်ထားသူအား ပေးရမည်။

## အခန်း (၁၂)
## ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ

၄၄။ ကလေးသူငယ်တိုင်းသည် -

(က) ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများ ရရှိစေရမည်။

(ခ) နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

(ဂ) ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီစွာ ခံစားခွင့် ရရှိစေရမည်။

၄၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် -

(က) ကလေးသူငယ်များ ကျန်းမာရေးဆိုင်ရာ အခွင့်အရေး ထိရောက်စွာ ခံစားခွင့်ရရှိစေရန် လိုအပ်သော နိုင်ငံတော်၏ အထောက်အပံ့နှင့် အရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) မွေးကင်းစကလေးအပါအဝင် ကလေးသူငယ်တိုင်း ကျန်းမာဖွံ့ဖြိုးရေးအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများအား စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်။

(ဂ) ကလေးသူငယ်၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်၊ အသုံးအဆောင်နှင့် ဆေးဝါးများအပါအဝင် ရပ်ရွာလူမှုအလေ့အထများကို ဆန်းစစ်၍ သင့်လျော်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ပညာရေးဆိုင်ရာ အခွင့်အရေးများ

၄၆။ ကလေးသူငယ်တိုင်းသည် -

(က) ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ပညာသင်ယူမှုဆိုင်ရာ အခွင့်အရေးများ ရရှိစေရမည်။

(ခ) နိုင်ငံတော်က ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် အမျိုးသားပညာရေးဥပဒေနှင့်အညီ အခမဲ့ပညာသင်ယူခွင့်ရှိသည်။

(ဂ) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများဖွံ့ဖြိုးရေးအတွက် သင်ယူစောင့်ထိန်းခွင့်ရှိသည်။

၄၇။ ပညာရေးဝန်ကြီးဌာနသည် -

(က) ကလေးသူငယ်များ ပညာသင်ယူမှုဆိုင်ရာ အခွင့်အရေး ထိရောက်စွာ ခံစားခွင့်ရရှိစေရန် လိုအပ်သော နိုင်ငံတော်၏ အထောက်အပံ့နှင့် အရင်းအမြစ်များ ခွဲဝေချထားပေးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်က ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် သတ်မှတ်ထားသောအဆင့်အထိ အခမဲ့ပညာသင်ယူခွင့်ရှိစေရန် ဦးတည်ဖော်ဆောင်ရမည်။

(ဂ) ကလေးသူငယ်များကို ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝ ရရှိနိုင်စေရန် ကျောင်းအပ်နှံရေး၊ ကျောင်းမှန်မှန်တက်ရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးတို့အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်က ဖွင့်လှစ်သောကျောင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်သော ကလေးသူငယ်များနှင့် ပညာသင်ယူနိုင်ခြင်းမရှိသော ကလေးသူငယ်များ ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းပြင်ပပညာရေးအပါအဝင် အခြားသော လက်တွေ့အသုံးချနိုင်သည့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးဆိုင်ရာ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(င) တိုင်းရင်းသားများ၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးစံများဖွံ့ဖြိုးစေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားရေးအတွက် ကူညီဆောင်ရွက်ရမည်။

## အခန်း (၁၄)
## ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခြင်းနှင့် အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း

၄၈။ (က) မည်သည့်ကလေးသူငယ်ကိုမျှ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း သို့မဟုတ် အလုပ်လုပ်ကိုင်ခွင့်ပြုခြင်း မပြုရ။

(ခ) အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် ကလေးသူငယ်၏ အသက်သည် ၁၄ နှစ်အောက် မငယ်စေရ။ အကယ်၍ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်အရ အခမဲ့မသင်မနေရပညာရေးစနစ်အတွက် သတ်မှတ်ထားသော အသက်သည် ၁၄ နှစ်ထက်ပိုပါက ကျောင်းနေသော ကလေးသူငယ်များ၏ အလုပ်လုပ်ကိုင်နိုင်သည့် အသက်သည် ထိုသို့ ပို၍သတ်မှတ်ထားသော အသက်ထက် မငယ်စေရ။

(ဂ) ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော အသက်ထက်ပို၍ကြီးသည့် ကလေးသူငယ်သည် ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာ အလုပ်ကို လုပ်ကိုင်နိုင်စွမ်းရှိပါက တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အလုပ်လုပ်ကိုင်ခွင့်ရှိသည်။

၄၉။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် -

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစားများ၊ လုပ်ငန်းခွင်များကို သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး သတ်မှတ်ထားရမည်။

(ခ) ဤဥပဒေနှင့်အညီ ကလေးသူငယ်များ အလုပ်လုပ်ကိုင်ခွင့်ရရှိရေး၊ အလုပ်လုပ်ကိုင်သော ကလေးသူငယ်များအား ကာယိန္ဒြေပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆိုအပါအဝင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ရပိုင်ခွင့်များ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး စီမံဆောင်ရွက်ရမည်။

## အခန်း (၁၅)
## မသန်စွမ်းကလေးသူငယ်များ

၅၀။ မသန်စွမ်းကလေးသူငယ်များသည် -

(က) မွေးရာပါအသက်ရှင်သန်ခွင့်ရှိပြီး ကလေးသူငယ်အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် ကိုးကွယ်ပိုင်ခွင့်အပါအဝင် အခြေခံလွတ်လပ်ခွင့်များကို အခြားသန်စွမ်းသူ ကလေးသူငယ်များနည်းတူ ခံစားခွင့်ရှိသည်။

(ခ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ အခွင့်အရေးများအပြင် သန်စွမ်းသူကလေးများနှင့် တန်းတူခံစားခွင့်ရှိသည်။

(ဂ) ကိုယ်တိုင်ဆုံးဖြတ် သုံးသပ်နိုင်စွမ်းမရှိသည့် ဉာဏ်ရည်ဆိုင်ရာ မသန်စွမ်းကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် တည်ဆဲဥပဒေနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက ကိုယ်စားစီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုးအပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၆

**ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများထောက်ပံ့နိုင်ရေးနှင့် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ညှိရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ချင်းပြည်နယ်တောင်ဘက်အစွန်းရှိ ပလက်ဝမြို့နယ်ကို လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ချင်းပြည်နယ်ဘက်မှ အချိန်မီထောက်ပံ့ရန် အခက်အခဲရှိသဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်ဘက်မှ ထောက်ပံ့နိုင်ရေးအတွက် လာရောက်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာလိုအပ်ချက်သည် အဓိကဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ရရှိလာသော စာရင်းများ အပေါ်အခြေခံပြီး လိုအပ်သော စားနပ်ရိက္ခာများကို လစဉ်ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်များအတွက် ယာယီခိုလှုံနေထိုင်ရန်နေအိမ်များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာများနှင့် ထောက်ပံ့မှုများကို လိုအပ်သောသူများထံသို့ အမြန်ရောက်ရှိရန် အရေးကြီးပါသဖြင့် အားလုံးဝိုင်းဝန်းကြိုးစားပေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးသည် ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ဆောင်ရွက်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်ရန်**

ယင်းနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က တိုက်ပွဲရှောင်ပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအတွက် ကူညီစောင့်ရှောက်ပေးရန်လိုအပ်ကြောင်း၊ ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အဓိကလိုအပ်သော ရိက္ခာဆန်များကို ပြည်သူများအနေဖြင့် ရခိုင်ပြည်နယ်မှ ဝယ်ယူနေရပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအပါအဝင် ဒေသခံပြည်သူများအတွက် ဆန်သယ်ယူမှုကိစ္စများ အဆင်ပြေစေရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် အကြံဉာဏ်များ ရယူလိုကြောင်း ဆွေးနွေးပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်က ပလက်ဝမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာ သုံးလစာနှင့် ကလေးကျောင်းဝတ်စုံများ၊ တာပေါ်လင်လိပ်များနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆန်ရိက္ခာ နှစ်လစာနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများမှလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသော ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်နိုင်ရန်ကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများကြောင့် အိမ်ထောင်စု ၉၀၀၀ ကျော် ရေဘေးသင့်

## ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း ငွေကျပ် ၂၀၉၃ သိန်းကျော် ထောက်ပံ့ပေးထားပြီးဖြစ်

**နေပြည်တော်**

၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း၌ တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ယနေ့အထိ အိမ်ထောင်စု ၉၀၀၀ ကျော် ရေဘေးကြုံတွေ့နေရကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ ထီးချိုင့်၊ ကန့်ဘလူ၊ ခင်ဦး၊ စစ်ကိုင်း၊ ကျောက်မြောင်းမြို့နယ်များ၌ အိမ်ထောင်စု ၃၁၀၀ ခန့်၊ လူဦးရေ ၁၃၀၀၀ ကျော်၊ မန္တလေးတိုင်းဒေသကြီး၌ သပိတ်ကျင်း၊ စဉ့်ကူး၊ စဉ့်ကိုင်၊ တံတားဦး၊ တောင်သာ၊ မြင်းခြံမြို့နယ်များတွင် အိမ်ထောင်စု ၅၅၀၀ ကျော်၊ လူဦးရေ ၂၃၀၀၀ ကျော်၊ မကွေးတိုင်းဒေသကြီး၌ ချောက်၊ ရေနံချောင်း၊ မကွေး၊ ကံမ၊ မင်းဘူး၊ စလင်းမြို့နယ်တို့၌ အိမ်ထောင်စု ၆၇၀ ကျော်၊ လူဦးရေ ၂၅၀၀ ကျော်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၈၃ ဦးတို့ ယာယီရေဘေးရှောင်နေရာများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးငွေများအပါအဝင် စုစုပေါင်း ငွေကျပ် ၂၀၉၃ သိန်းကျော် ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့်လည်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များကို အလေးထားဂရုပြုလိုက်နာရန်နှင့် အကူအညီလိုအပ်ပါက ဒေသအလိုက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများသို့ဖြစ်စေ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်) Hot Line နံပါတ်များဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ သို့ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည်။

**မြန်မာ့အလင်း**

**သံတောင်ကြီး**

ကရင်ပြည်နယ် သံတောင်ကြီးမြို့တွင် ဇူလိုင် ၂၅ ရက်က ညတစ်ညလုံး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သံတောင်ကြီးမြို့ အမှတ်(၃)ရပ်ကွက် လိပ်သိုလမ်း ဘယ်ဘက်ခြမ်း ဦးစောရွှေ လက်၏နေအိမ်အနောက်ဘက်ခြမ်း အလျား ၁၅ ပေ၊ အနံ ၁၀ ပေ အမြင့်ရှစ်ပေ မြေသားနံရံပြိုကျခဲ့ပြီး နေအိမ်ပျက်စီးသွားသည်။

အဆိုပါမြေပြိုသည့်နေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းစိန်နှင့် ရဲတပ်ဖွဲ့ဝင်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးနေလင်းအောင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သွားရောက်ကာ ပြိုကျနေသောမြေများကို ကူညီဖယ်ရှားပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက် ၄ မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ သပြေတန်းကျေးရွာသည် ယခုရက်ပိုင်း ရွာသွန်းသည့်မိုးကြောင့် တောင်ကျရေများ ငါးပေခန့်ဝင်ရောက်မှုကြောင့် လူနေအိမ်ခြေ ၆၀ ခန့် ရေနစ်မြုပ်လျက်ရှိသဖြင့် အိမ်ထောင်စု ခုနစ်စုခန့် ဆွေမျိုးများ၏ နေအိမ်သို့ အရေးပေါ် ရွှေ့ပြောင်းခဲ့ရကာ သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လိုအပ်လျက်ရှိနေကြောင်း ဒေသခံများက ပြောကြားသည်။

"ကျွန်တော်တို့ရွာ အခုအကြိမ်ဆိုရင် တောင်ကျရေတွေဝင်တာ သုံးကြိမ်ရှိပြီ။ မိုးရွာတိုင်းနစ်နေတာ ကားလမ်းနဲ့နီးတဲ့အိမ်တွေနေလို့မရတာ ရှစ်ရက်ရှိပြီ။ ကားလမ်းဘက်က မြေတွေဖို့ပြီးခဲ့လိုက်တော့ ကြားကရေမြောင်းက ကျဉ်းသွားတယ်။ မြောင်းကကျဉ်းရတဲ့အထဲ တုတ်ရိုက်၊ ကျောက်ကြီးတွေ ချတာက မြောင်းတစ်ဝက်လောက်ကိုရောက်တော့ ရွာထဲကို လျှံတက်ကုန်တာ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးက ပြောသည်။

ယခုကဲ့သို့ ကားလမ်းချဲ့ခြင်းကြောင့် ရေထွက်မြောင်းကျဉ်းကာ မိုးရွာလျှင် ကျေးရွာတွင်းသို့ ရေများ ဝင်ရောက်နိုင်သည့်အတွက် နွေရာသီကာလကပင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ စာဖြင့် တင်ပြထားကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က ပြောသည်။

**သန်းလွင်**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းဘေးကျေးရွာများရှိ အခြေခံပညာကျောင်းများအတွင်းသို့ မြစ်ရေဝင်ရောက်သဖြင့် ယနေ့တွင် စာသင်ကျောင်း ၁၃ ကျောင်း ထပ်မံပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ပိတ်ထားရသောကျောင်းများမှာ သနပ်ကုန်းကျေးရွာအုပ်စုမှ အ.ထ.က (သနပ်ကုန်း)၊ မူလွန်(မဲရွာကုန်း)၊ ပေါက်လေးပင်ကျေးရွာအုပ်စုမှ အ.မ.က(ပေါက်လေးပင်)၊ ရိုးကုန်းကျေးရွာအုပ်စုမှ အ.လ.က(သပြေရိုး)၊ အ.မ.က (ရုံးပင်ချောင်)၊ ဆင်မကျွန်းကျေးရွာအုပ်စုမှ အ.ထ.က(ခွဲ) ဆင်မကျွန်း၊ မူလွန်(အေးစု)၊ အ.မ.က(အချင်းပစ်)၊ အ.မ.က (ရေလယ်ရွာမ)၊ အ.မ.က (ဥယျာဉ်စု)၊ အ.မ.က(ဆင်မကျွန်းတောင်ရွာ)၊ ဇီးကျွန်းကျေးရွာအုပ်စုမှ အ.မ.က(စစ်ကုန်း)၊ အ.မ.က (ဇီးကျွန်း) စုစုပေါင်း ၁၃ကျောင်း ယာယီကျောင်းပိတ်ထားပြီး မြစ်ရေကျဆင်းမှုအပေါ်မူတည်ကာ ယင်းကျောင်းပိတ်ရက်များအား ကျောင်းဖွင့်ရက်တွင် အစားထိုးတက်ရောက်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မိုးညို**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၅ ရက်မှစ၍ ၅၂ ဒသမ ၆၀ ပေ ထက်ကျော်လွန်ပြီး ၅၄ ဒသမ ၈၅ ပေသို့ ရောက်ရှိနေသဖြင့် မြစ်ရေမြင့်တက်ကာ ဇူလိုင် ၂၅ ရက်မှစ၍ စာသင်ကျောင်းသုံးကျောင်းရှိ ဆရာ ဆရာမ ၁၉ ဦး၊ ကျောင်းသား ကျောင်းသူ ၂၅၀ တို့ ကျောင်းတက်ရန်ခက်ခဲမှုကြောင့် ယာယီပိတ်ထားခဲ့ရသည်။

အလားတူ ဇူလိုင် ၂၆ ရက်ကလည်း ကျောင်းငါးကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၄၅ ဦး ရေကြီးခြင်းကြောင့် ထပ်မံပိတ်ထားရပြီး ယနေ့ထိ ကျောင်းရှစ်ကျောင်း ပိတ်ထားရသည်။ ကျောင်းပြန်ဖွင့်သည့်အခါ အစားထိုး ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

**ကာမိုင်း**

ကာမိုင်း-မြစ်ကြီးနားကားလမ်းကြီးပေါ်ရှိ ကာမိုင်းမြို့နှင့် လဝါးကျေးရွာကြား ခြောက်မိုင်ကွာ မိုင်တိုင်အမှတ်(7KM)ကားလမ်းပေါ်သို့ ယနေ့နံနက် ၈ နာရီခန့်မှစတင်၍ ရေများတက်လာခဲ့ရာ ရေအမြင့်တစ်ပေရှိလာပြီး ကားလမ်းအရှည်ပေ ၃၀၀ ခန့် တစ်နေရာနှင့် အရှည်ပေ ၂၀၀ ခန့် နောက်တစ်နေရာ၌ စုစုပေါင်းနှစ်နေရာတွင် ရေများဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

ယင်းကားလမ်းရေကျော်နေသည့်နေရာသို့ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ခရီးသွားမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို ကာမိုင်းမြို့တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များက သွားရောက်၍ လမ်းပြဆောင်ရွက်ပေးလျက်ရှိရာ လမ်းပိုင်းပိတ်ဆို့မှုမရှိဘဲ ယာဉ်များအန္တရာယ်ကင်းရှင်းစွာ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကားလမ်းရေကျော်နေမှုသည် အထက်ဘက်မိုးရွာသွန်းမှုနှင့် ကာမိုင်းမြို့အတွင်း အဆက်မပြတ်မိုးရွာသွန်းခဲ့သောကြောင့် နန့်ကောင်းချောင်းရေ မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

**ဇွဲသူရအောင် (ပြန်/ဆက်)**




မိုးညိုမြို့နယ်အတွင်း ရေနစ်မြုပ်မှုကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းတစ်ကျောင်း။

# ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း သတင်းစာပညာသင်တန်းဖွင့်လှစ်



**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း (၂/၂၀၁၉) (ကျင့်ဝတ်နှင့် ဥပဒေ) ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရုံးခန်း (ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီး၊ အာဇာနည်ဗိမာန်နှင့် သူရဲကောင်းဗိမာန်လမ်း) တွင် စတင်ဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးသာဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး **(အပေါ်ယာပုံ)** ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဒါရိုက်တာ မောင်ယဉ်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိုးသန်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ကျေးဇူးတင်စကားပြောကြားသည်။

သတင်းသမားများအတွက် ဥပဒေပညာရပ်ဆိုင်ရာများ သင်ကြားပို့ချမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်က "သတင်းသမားတွေ လက်ရှိရင်ဆိုင်နေရတဲ့ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေနဲ့ပတ်သက်ပြီးတော့ သတင်းသမားနဲ့ ဆက်စပ်ယှက်နွယ်နေတဲ့ ဥပဒေတွေကို သိဖို့၊ အဲဒီဥပဒေတွေကို သိထားလို့ရှိရင် အရေးယူလို့ရတဲ့ ဥပဒေတွေရှိသလို၊ အရေးယူလို့မရတဲ့ အကြောင်းပြချက်တွေနဲ့ ဥပဒေတွေလည်းရှိတယ်။ အဲဒါကို သိတဲ့လူလည်း သိမယ်၊ မသိတဲ့လူလည်း ရှိမှာပါ။ အဲဒါတွေကို ရှင်းလင်းသွားအောင် အခုလိုသင်ကြားပို့ချပေးခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ဖွင့်လှစ်သော သတင်းစာပညာသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဝင်ပေါင်း ၁၁၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သတင်းသမားဆိုင်ရာ ဥပဒေများ၊ အခြေခံဓာတ်ပုံပညာ၊ သတင်းသမားများ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ သတင်းသမားအတွေ့အကြုံနှင့် မီဒီယာကျင့်ဝတ်၊ သတင်းသမား သိမှတ်ဖွယ်ရာများနှင့် သတင်းလောကအမှတ်တရများကို ဝါရင့်သတင်းစာပညာရှင်များ၊ ဓာတ်ပုံပညာရှင်များနှင့် ဥပဒေဘာသာရပ်ဆိုင်ရာ ပညာရှင်များက လာရောက်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကို ဇူလိုင် ၂၆ ရက်နှင့် ၂၇ ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းအနေဖြင့် ပထမအကြိမ်သင်တန်းကို ဇွန် ၂၇ ရက်နှင့် ၂၈ ရက်များတွင် သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်း အစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် သတင်းသမားစစ်စစ်များ နည်းပါးနေပြီး သတင်းကို ခုတုံးလုပ်ကာ အကျိုးအမြတ်ရှာဖွေနေသူများ များပြားနေသည့်အတွက် အမှန်တကယ် သတင်းလုပ်ငန်းလုပ်ကိုင်သူများကိုသာ ရွေးချယ်မွေးထုတ်ပေးမည်ဟူသော မျှော်မှန်းချက်ဖြင့် သတင်းရှာဖွေစုဆောင်း ရေးသားခြင်းသင်တန်းကို ယခုနှစ်အတွင်း ဖွင့်လှစ်ပို့ချသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

✤ *ကျောဖုံးမှ*

ပြီးရင် ဘုရားစုံလှည့်ဖူးကြမယ်။ ၂၈ ရက်မှာတော့ ကျွန်တော်တို့ အလာတုန်းကလိုပဲ ရထား၊ ကား ခွဲပြီးပြန်ကြမှာပါ" ဟု စက်ဘီးစီးကွန်ရက်အဖွဲ့ နာယကတစ်ဦးဖြစ်သူ ဦးအုံးဝင်းက ပြောသည်။

စက်ဘီးစီးအဖွဲ့တွင် ရထားဖြင့်လာရောက်သူ ၉၀၊ ကားဖြင့်လာရောက် သူ ၆၀ နှင့် ရမည်းသင်းမှလာရောက်သူ ၁၅ ဦး၊ ကျောက်ပန်းတောင်းဒေသခံ ၁၀ ဦး စုစုပေါင်း ၁၇၅ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ဘီးစီးအဖွဲ့အား ကျောက်ပန်းတောင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့တို့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ ဇူလိုင် ၂၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် ဟံသာဝတီအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းမှလွဲ၍ ကျန်အသင်းကြီးအများစုမှာ အိမ်ကွင်းကစားရမည်ဖြစ်ပြီး ချန်ပီယံဆုအတွက်သာမက တန်းဆင်းဇုန်နေရာအတွက်ပါ အရေးကြီးသည့်ကာလလည်းဖြစ်သည်။ ဇယားထိပ်ဆုံးမှ ရန်ကုန်အသင်းကို စမ်းသပ်မည့်ပွဲဖြစ်ကာ ရှုံးပွဲဆက်နေသည့် စစ်ကိုင်းအသင်းသည် အိမ်ကွင်းပြန်လည်ကစားရမည်ဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်သည့်ပွဲဖြစ်လာနိုင်သည်။ ရန်ကုန်အသင်း အဝေးကွင်းကစားရမည့်အချိန်တွင် အိမ်ကွင်းကစားရမည့် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့မှာလည်း အမှတ်ပြည့်ရယူနိုင်မှသာ ချန်ပီယံဆုကို ဆက်လက်ခြိမ်းခြောက်နိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁၇) အပြီးတွင် ရန်ကုန်အသင်းက ၃၆ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရောဝတီအသင်းက ၃၁ မှတ်၊ ဟံသာဝတီအသင်းက ၂၈ မှတ်၊ ရခိုင်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းက ၁၈ မှတ်စီ၊ Southern အသင်းက ၁၅ မှတ်၊ ဒဂုံအသင်းက ၁၃ မှတ်၊ Chinland အသင်းက ၁၂ မှတ် ရရှိထားသည်။ **ညီမြတ်သော်တာ**

# အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာနှင့် စင်ကာပူ ယနေ့ ကစားမည်

**ရန်ကုန် ဇူလိုင် ၂၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၂၇ ရက် **(ယနေ့)** စတင်မည်ဖြစ်ပြီး မြန်မာအသင်းသည် စင်ကာပူနှင့် ပွဲဦးထွက်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ တီမော၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။ အုပ်စု (က) ပွဲစဉ်များကို ယနေ့ စတင်ကျင်းပမည်ဖြစ်ကာ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ ညနေ ၃ နာရီတွင် တီမောနှင့် ဖိလစ်ပိုင်၊ ညနေ ၅ နာရီခွဲတွင် မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း စင်ကာပူ၊ တီမော၊ ဖိလစ်ပိုင်တို့နှင့် ပွဲများတွင် ရလဒ်ကောင်းထားရန် လိုအပ်နေသည်။ ထို့ကြောင့် ယနေ့ယှဉ်ပြိုင်မည့်ပွဲတွင် အနိုင်သုံးမှတ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်လည်း ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အမျိုးသားအသင်းတွင် **အုပ်ချုပ်သူ** - ဦးညီညီလတ်၊ **နည်းပြချုပ်**-တော်စတန်ဖရန့်ခ်၊ **လက်ထောက်နည်းပြ**-တာကူမာ၊ ဦးတင်မောင်ဝင်း၊ **ဂိုးနည်းပြ**-ဦးဇော်လင်းအောင်၊ ကစားသမားများအဖြစ် **ဂိုး**-ထက်အာကာဝင်း၊ အောင်ကျော်ဖြိုး၊ အောင်စည်သူ၊ **နောက်တန်း**-ထွန်းထွန်းဝင်း၊ ထူးမြတ်ခန့်၊ အောင်ကိုမင်း၊ လတ်ဝေဖုန်း၊ မိုးခန့်၊ ဝေယံလင်းသူ၊ **အလယ်တန်း**-ကောင်းထက်ပိုင်၊ ကောင်းခန့်၊ အောင်ကျော်မင်း၊ ထက်မြတ်လွင်၊ သန်းတိုးအောင်၊ ကျော်မင်းခန့်၊ ထက်အောင်ဝင်း၊ ကောင်းဇော်လင်း၊ **ရှေ့တန်း**-ရန်နိုင်ထွန်း၊ ဇင်မျိုးအောင်၊ စိုင်းစိုင်းအံထူး၊ ဝေဖုန်းမြင့်ကျော်၊ မင်းသူနှင့် ဟိန်းထက်ဇော်ဝင်းတို့ ပါဝင်သည်။

**ရဲရင့်ရှိုင်း**

# ရေပေးဝေမှုခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည့် ၅၆ လက်မဂျီးဖြူပိုက်နှင့် ၄၂ လက်မ လှော်ကားပိုက်တို့အား ဆက်သွယ်ထားသည့် ၂၄ လက်မပိုက်မှ Butterfly Valve လဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ရေပေးဝေခြင်းလုပ်ငန်းကို ခေတ္တရပ်ဆိုင်းရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်စဉ် ၃၀-၇-၂၀၁၉ ရက် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအတွင်း မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဒဂုံ၊ ကျောက်တံတား၊ သာကေတမြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းနိုင်ကြပါရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# (၁၁)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲမှ မြန်မာအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၆**

(၁၁)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်မှ ၂၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဆီမာရန်မြို့၌ ကျင်းပခဲ့သည့်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိပြီး အဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ အုပ်ချုပ်၊ နည်းပြနှင့် အားကစားသမားများသည် ယနေ့နံနက်က ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာရာ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ အဆိုပါပြိုင်ပွဲ၌ ကြိုးတပ်သံလုံးပစ်တွင် စောဒီဇင်ဘာသိန်း(မန္တလေး အား/ကာ သိပ္ပံ)က ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၃၀၀၀ အပြေးတွင်လွီးဇာ(လှိုင်ကော် အား/ကာ သိပ္ပံ)ကကြေးတံဆိပ်ဆုရရှိခဲ့ကြပြီး တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ရသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာကျောင်းသား ကျောင်းသူ အားကစားသမားများသည် တတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှစုစည်းတင်ပြသော ဇူလိုင်လ(၁၉)ရက်မှ (၂၆)ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | အိပ်မက်တွေကိုဆက်ထိန်းထားနှင့် အခြားစိတ်ခွန်အားဖြည့်ဘာသာပြန်စာများ | ခိုင်မင်းဆက် | ထီလာဝန်ဇင်း | ၂၀၀၀ |
| ၂။ | ဂန္ထဝင်ကောက်သင်းကောက် | သုဒ္ဓ | ဝိုင်းမော် | ၂၀၀၀ |
| ၃။ | လူ လူ့လောကသဘာဝဖွဲ့ကဗျာများ | မင်းမြတ်ဘုန်း (ညောင်လေးပင်) | ဆိပ်ကမ်းသာ | ၁၀၀၀ |
| ၄။ | လှောင်အိမ်ထဲက ငှက်ကမ်းလက်ဖျားဝတ္ထုတိုစုစည်းမှု အမှတ်စဉ် (၁၃) | ကလောင်စုံ | ကောင်းဆုသာ | ၅၀၀၀ |
| ၅။ | မြန်မာနိုင်ငံ၏ ဘတ်ဂျက်ပြဿနာ အတွေးအမြင်အဖြာဖြာ | ဦးအောင်ကြည်ဝင်း | မျိုးဆက်သစ် | ၄၀၀၀ |
| ၆။ | လက်မှုပညာဋီကာ | ဆရာလွန်း | နေရီရီ | ၂၀၀၀ |
| ၇။ | ကြည့်နေသောသူသည် မြင်၏ | မြင့်သူရ | မျိုးဆက်သစ် | ၃၅၀၀ |
| ၈။ | အကောင်းဆုံးကို ဖန်တီးပါ | ဒေါက်တာစစ်တင်(GP) | အလင်းဖြူစာပေ | ၃၀၀၀ |
| ၉။ | ဘယ်တော့မှလက်မလျှော့နဲ့ ဂျက်မားရဲ့စကားများ | သွယ်သွယ်မျိုးညွန့် | စာပေလောက | ၂၅၀၀ |
| ၁၀။ | ပါရဂူ(PH.D)ဘွဲ့ယူခရီးနှင့် သီရိလင်္ကာနိုင်ငံမှ စေတီတော်ကြီးများ သမိုင်းမှတ်တမ်း | ဒေါက်တာအရှင်ကေဝလ | မျိုးဆက်သစ် | ၆၀၀၀ |
| ၁၁။ | မျက်ရည်ကျနေတဲ့ရယ်သံ ကဗျာများစုစည်းမှု | စိုးခိုင်ညိန်း | ကိုလတ်စာပေ | ၂၅၀၀ |
| ၁၂။ | လူငယ်များ၏ ရွှေရောင်မနက်ဖြန် | နတ်သျှင်(ရွှေဂူ) | Global Piece | ၂၅၀၀ |
| ၁၃။ | မျှော်လင့်ခြင်း အရိုးစု | စိုးမင်းအောင် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၁၄။ | မြစ်ဆုံ(သို့မဟုတ်) နိုင်ငံရေးစစ်တလင်းမှ သည်ရခိုင်သို့ | ဒေါက်တာနေဇင်လတ် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၁၅။ | ကြားကာလ | မောင်ထင် | Milky way | ၂၂၀၀ |
| ၁၆။ | မနောရတပူရဏီသင်္ဂြိုဟ် ခက်ဆစ်အလင်းပြ အမေးအဖြေကျမ်း | ကျီးသဲလေးထပ် ဆရာတော်ကြီး | စိတ်ကူးချိုချို | ၇၅၀၀ |
| ၁၇။ | လူမျိုးစွဲကြီးလျှင်မှားမည် | သရဝဏ်(ပြည်) | စိတ်ကူးသစ် | ၃၅၀၀ |
| ၁၈။ | သောမတ်ဂျက်ဖာဆင် | ပန်းဆက်လမ်း အယ်ဒီတာအဖွဲ့ | ပန်းဆက်လမ်း | ၂၀၀၀ |
| ၁၉။ | အမေရိကန်တော်လှန်ရေး | ပန်းဆက်လမ်း အယ်ဒီတာအဖွဲ့ | ပန်းဆက်လမ်း | ၂၀၀၀ |
| ၂၀။ | သစ်စက်နှင့် အခြားကဗျာများ | မိုးကျော်အောင် | စိတ်ကူးချိုချို | ၁၅၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# AA /ARSA ပူးပေါင်းအဖွဲ့က ဘူးသီးတောင်မြို့နယ် ညောင်ချောင်းနယ်မြေရုံးစခန်းကို အင်အားအလုံးအရင်းဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်၊ မိမိစခန်းကျဆုံးမှုမရှိဘဲ AA အဖွဲ့ထံမှ အလောင်းနှင့်လက်နက်များ သိမ်းဆည်းရမိ

**နေပြည်တော်  ဇူလိုင်  ၂၆**
ဘူးသီးတောင်မြို့နယ် ညောင်ချောင်းကျေးရွာအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးဦးစီး တပ်ခွဲ ၁ ခွဲ အခြေပြုနေသည့် ညောင်ချောင်းနယ်မြေရုံးစခန်းကို AA /ARSA ပူးပေါင်းအဖွဲ့က ဇူလိုင် ၂၆ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် အင်အားအလုံးအရင်းဖြင့် လာရောက်တိုက်ခိုက်ခဲ့ကြောင်း၊ မိမိစခန်းကျဆုံးမှုမရှိဘဲ AA အဖွဲ့ထံမှ အလောင်းနှင့် လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်(စိစစ်ဆဲ) AA/ARSA ပူးပေါင်းအဖွဲ့က ညောင်ချောင်းနယ်မြေရုံးစခန်း၏ အရှေ့တောင်နှင့် အနောက်တောင်ဘက်တို့မှ လက်နက်ကြီး/လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ မိမိစခန်းမှ ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရဲမှူး ဦးစီး လှုပ်ရှားတပ်ခွဲကလည်း အမြန်ဆုံးစစ်ကူပေးဝိုင်းပတ် ပိတ်ဆို့တိုက်ခိုက်ခဲ့ရာ နံနက် ၆ နာရီတွင် AA/ARSA ပူးပေါင်းအဖွဲ့သည် အနောက်တောင်ဘက်နှင့် အရှေ့ဘက်သို့ အဖွဲ့ခွဲဆုတ်ခွာသွားခဲ့ကြောင်း။

ဖြစ်စဉ်တွင် မိမိဘက်မှ ရဲတပ်ဖွဲ့ဝင် နှစ်ဦး ကျည်ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ နယ်မြေရုံးဝန်းကျင်အား ရှင်းလင်းရာ အားကစားဝတ်စုံဝတ် AA အလောင်း သုံးလောင်း၊ M-22 တစ်လက်၊ M-79 မမဖုံးပစ်လောင်ချာ တစ်လက်၊ ကျည်အိမ် ရှစ်ခု၊ ကျည် ၄၀ ၊ ၄၀ မမဖုံးသီး နှစ်လုံး၊ လက်ပစ်ဗုံး ၁၇ လုံး၊ လက်လုပ်မိုင်းခြောက်လုံးနှင့် ကျောပိုးအိတ် ၁၃ လုံးတို့ သိမ်းဆည်းရရှိခဲ့ပြီး ၎င်းကျောပိုးအိတ်များအတွင်းမှ အားကစား ဝတ်စုံ၊ ဆေးထိုးအပ်များ၊ ဆေးဝါးများ၊ ဆေးဝါးကုသသည့် ပစ္စည်းများ၊ မိုးကာအင်္ကျီများ သိမ်းဆည်းရမိခဲ့ကြောင်း၊ ကျေးရွာသူ/ကျေးရွာသားများ၏ ပြောကြားချက်အရ AA /ARSA အဖွဲ့သည် လူနာအထမ်းများဖြင့် ဆုတ်ခွာသွားကြောင်းနှင့် မိမိစခန်းကျဆုံးမှုမရှိဘဲ ထိရောက်စွာထိန်းချုပ်ထားနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**




# ARSA အကြမ်းဖက်အဖွဲ့အား ကူညီပံ့ပိုးပေးနေသည့် အကြမ်းဖက်သမားများအား မလေးရှားရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**နေပြည်တော်  ဇူလိုင်  ၂၆**
နိုင်ငံခြားသားအကြမ်းဖက်သမား လေးဦးအား ဖမ်းဆီးရမိခဲ့သည်ဟု မလေးရှားနိုင်ငံရဲချုပ် Detuk Seri Abdul Hamid Bador က ပြောကြားခဲ့ကြောင်း ဇူလိုင် ၁၀ ရက်ထုတ် မလေးရှားနေ့စဉ်ထုတ် သတင်းစာဖြစ်သည့် The Star Online တွင် ဖော်ပြပါရှိခဲ့သည်။

ဖမ်းဆီးရမိခဲ့သည့် နိုင်ငံခြားသားအကြမ်းဖက်သမားလေးဦးတွင် မြန်မာနိုင်ငံသား နှစ်ဦး ပါဝင်ပြီး ဇွန် ၂၄ ရက်က Kedah ပြည်နယ် Sungai Petani တွင် ဖမ်းဆီးရမိခဲ့သော အသက် ၄၁ နှစ်အရွယ် အစ္စလာမ်ဘာသာဝင်နှင့် ဇူလိုင် ၃ ရက်က Alor Setar တွင် ဖမ်းဆီးရမိခဲ့သော Bukit Pinang ရှိ ဘာသာရေးကျောင်းတွင် ဆရာအဖြစ်လုပ်ကိုင်နေသည့် အသက် ၂၅ နှစ်အရွယ် အစ္စလာမ်ဘာသာဝင်တို့သည် ARSA အကြမ်းဖက်အဖွဲ့အား ကူညီပံ့ပိုးပေးနေသူများဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အကြမ်းဖက်သမား နှစ်ဦးသည် မြန်မာနိုင်ငံသားဟုတ်၊ မဟုတ် စိစစ်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးကောင်းမြို့နယ်၌ ရေနစ်မြုပ်သည့် နေအိမ်အတွင်းမှ ရေမော်တာဖြုတ်ယူစဉ် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**မိုးကောင်း  ဇူလိုင်  ၂၆**
ကချင်ပြည်နယ် မိုးကောင်းမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး အနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များအတွင်း ချောင်းရေများ ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက နေအိမ်ခြံဝင်းအတွင်း တပ်ဆင်ထားသည့် ရေမော်တာ ဖြုတ်ယူသူ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၅ ရက် နံနက် ၁၁ နာရီက မိုးကောင်းမြို့ နန့်ရင်းရပ်ကွက်နေ ဦးမင်းအောင် (ခ) ဦးတင်ဦး (၆၅ နှစ်) သည် နေအိမ်အတွင်းသို့ နန့်ရင်းချောင်းရေများ ဝင်ရောက်နေသဖြင့် နေအိမ်နောက်ဘက်တွင် တပ်ဆင်ထားသည့် ရေမော်တာအား သွားရောက်ဖြုတ်ယူစဉ် ဓာတ်လိုက်ပြီး အော်သံကြားရ၍ ဇနီးဖြစ်သူက သွားရောက်ဆွဲယူရာ ဇနီးဖြစ်သူကိုပါ ဓာတ်လိုက်ခဲ့ကြောင်း၊ နေအိမ်တွင် တပ်ဆင်ထားသည့် မိန်းခလုတ်ကိုချပြီး ပြန်လာဆွဲထုတ်စဉ် ခင်ပွန်းဖြစ်သူမှာ လဲကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူရုပ်အလောင်းကို မိုးကောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ မိုးကောင်းမြို့မရဲစခန်းတွင် သေမှုသေခင်း ရေးဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  ဇူလိုင်  ၂၆**
လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် မင်္ဂလာကြီး(၁) ကျေးရွာနေ ရာမောက်ဒူလာ (ခ) ရာမွတ်အူလာ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀ သိမ်းဆည်းရမိခဲ့သည်။


စိုင်းအောင်ညွန့်အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ည ၇ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု မိုင်းဆတ်-တာချီလိတ် ကားလမ်းတွင် အားရိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၂၀၃၈ ပြားနှင့် ဘိန်းစိမ်း ၂၅ ဂရမ်တို့ကိုလည်းကောင်း၊

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၊ ကာလိ - မိုင်းပျဉ်းလမ်းတွင် စိုင်းအောင်ညွန့် မောင်းနှင်လာသည့် တိုယိုတာဟိုင်းလပ်ရီဗို အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ကာလတန်ဖိုး ငွေကျပ် ၄၁၇၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၇ ကီလို၊ မြန်မာငွေကျပ် ၅၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော်  ဇူလိုင်  ၂၆**
မောင်တောမြို့နယ် နယ်မြေ(၆) အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ပြင်ဖြူနယ်မြေရုံးမှ ရဲမှူးမြင့်အောင် ဦးစီးသည့် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၁)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Teknaf BOP ကင်းစခန်းမှ Naib Subedar Humyon Kabir ဦးဆောင်သည့် စက်တပ်ရေယာဉ် နှစ်စင်း၊ စုစုပေါင်း လေးစင်းတို့သည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက နှစ်နိုင်ငံနယ်နိမိတ် နတ်မြစ်အလယ် ကညင်ချောင်း ချောင်းဝထိပ်ရေမိုင်အမှတ်(၅)အနီးမှ မင်္ဂလာကြီးချောင်းဝရေမိုင်အမှတ်(၈)အနီးထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၁)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဆိပ်ဖြူမြို့နယ်တွင် အလောင်းတစ်လောင်းတွေ့ရှိ

**ဆိပ်ဖြူ  ဇူလိုင် ၂၆**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့အနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ ဆိပ်ဖြူ-ဆော - ကန်ပက်လက် ကားလမ်းဘေးဇရပ်၌ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီခန့်က စွန့်ပစ်ထားသည့် အလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံခရီးသွားများက ဆိပ်ဖြူမြို့၏ အနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာ ဆိပ်ဖြူ - ဆော - ကန်ပက်လက် ကားလမ်းဘေးဇရပ်တွင် လူတစ်ဦး သေဆုံးနေကြောင်း သတင်းပေးချက်များအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဘိုဘိုထွဋ်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူထံမှ နိုင်ငံသားစိစစ်ရေးကတ်၊ ဝန်ထမ်းကတ်မှတ်တမ်းများအရ တောင်တွင်းကြီးမြို့နယ် လက်ပံကွေ့ရွာနေသူ မျိုးမြင့်အောင် (၄၄ နှစ်) ဖြစ်ကြောင်း သိရသည်။ သေဆုံးသူ မျိုးမြင့်အောင်၏ ခန္ဓာကိုယ်တွင် ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့သည် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိပြီး သေဆုံးသူအား ဆိပ်ဖြူဆေးရုံသို့ ပို့ဆောင်ထားရှိကာ သေဆုံးသူ၏ ဌာနနှင့် ဆွေမျိုးများထံ အသိပေးအကြောင်းကြားထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

# လပွတ္တာမြို့နယ်အနီး ပင်လယ်ပြင်၌ ကုန်တင်ရေယာဉ်တစ်စင်းနစ်မြုပ်

**နေပြည်တော်  ဇူလိုင်  ၂၆**
ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမြို့မှ ရေမိုင် ၇ မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ရန်ကုန်မှ သံတွဲသို့ ရေယာဉ်မှူး ဦးဆန်းမင်း မောင်းနှင်ပြီး သင်္ဘောသား ၁၉ ဦးခန့် လိုက်ပါ၍ ဘိလပ်မြေအိတ် ၂၅၀၀၀ ခန့် တင်ဆောင်လာသော Forever Transportion ကုမ္ပဏီပိုင် MV ထာဝရ အားမာန် ကုန်တင်ရေယာဉ်သည် ဇူလိုင် ၂၅ ရက် ညနေ ၄ နာရီက မိုးသက်လေပြင်း ကျရောက်မှုကြောင့် တိမ်းမှောက်နစ်မြုပ်သွားကြောင်း သိရသည်။

အဆိုပါသတင်းအရ ဟိုင်းကြီးကျွန်းရေတပ်စခန်းမှ ကျန်စစ်သား စစ်ရေယာဉ်က သွားရောက်ကယ်ဆယ်လျက်ရှိကြောင်းနှင့် အဆိုပါရေယာဉ်သည် ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက သံတွဲမြို့ရှိ သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် ဘိလပ်မြေများ ပို့ဆောင်ရန်အတွက် ရန်ကုန်မြို့ဗိုလ်တထောင်ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြန်မာ့ရုပ်မြင်သံကြား

၂၇-၇-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - “သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆောင်ရွက်ချက်များ” (ဒုတိယပိုင်း)
- ၁၀း၃၀ - ရေကြီးခြင်းသတိပေးချက် ရလျှင် ဆောင်ရွက်ရန်များ
- ၁၂း၃၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယရှိ/သိရှိပါက
- ၁၂း၃၅ - “ ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ ” (၁၀၈)
- ၁၄း၂၅ - “ကျေးလက်ဆီက ပွဲတင်သံများ ”

**ညပိုင်း**

- ၁၅း၄၅ - "MPT Myanmar National Legue 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (Magwe FC Vs Chinland FC)
- ၁၈း၂၀ - ရာသီတုပ်ကွေး သံသယရောဂါလက္ခဏာများ
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ အိမ်ကြီးရှင်သခင်မ ” (အပိုင်း-၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ “ရတနာပုံနန်းမြို့မတည်မီကတည်းက တည်ရှိခဲ့သော ဘုရားများ ”(ချမ်းသာရဘုရား)
- - Myanmar National Syrnphony Orchestra With Japan Concert 2019
- - လောကနီတိ “ လှပခြင်း၏ အဓိပ္ပာယ်”



# ဖွံ့ဖြိုးပြီးနိုင်ငံများထံမှ သင်္ဘောဖြင့် စွန့်ပစ်ပစ္စည်းများ ပို့ဆောင်လာမှုကို အရှေ့တောင်အာရှနိုင်ငံများ လက်မခံ

**ဟောင်ကောင် ဇူလိုင် ၂၆**
အရှေ့တောင်အာရှနိုင်ငံအများအပြားသည် မကြာသေးမီအချိန်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့အပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ သင်္ဘောဖြင့် စွန့်ပစ်အမှိုက်များ ပို့ဆောင်လာမှုကို ကြားဖြတ်ဟန့်တားခဲ့ပြီး စွန့်ပစ်အမှိုက်များကို မူလပို့ဆောင်သည့်နိုင်ငံများဆီသို့ ပြန်လည်ပို့ဆောင်ခဲ့ကြသည်။

ပြီးခဲ့သည့် ကြာသပတေးနေ့က ကမ္ဘောဒီးယားအစိုးရသည် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများပါရှိသည့် ကုန်သေတ္တာ ၈၃ လုံးကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့ဆီသို့ ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမှိုက်သရိုက်များဖြင့် ပြည့်နှက်နေသည့်ကုန်သေတ္တာများကို စီဟာနော့ဗီလီ ဆိပ်ကမ်း၌ တွေ့ရှိခဲ့ရကြောင်း သိရသည်။ ယင်းစွန့်ပစ် အမှိုက်များ၏ မူလနေရာမှာ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဖေစီဖန်က ဆိုသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူ နက် ဖိတ်ထရာက ကမ္ဘောဒီးယားနိုင်ငံသည် ပြန်လည်သန့်စင်အသုံးပြုရန် ပို့ဆောင်လာသည့် မည်သည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းကိုမျှ လက်ခံမည်မဟုတ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် အခြားနိုင်ငံများမှ အမှိုက်များကို စွန့်ပစ်သည့်အမှိုက်ပုံမဟုတ်ကြောင်း ပြောကြားခဲ့သည်။

မလေးရှားစွမ်းအင်နှင့် နည်းပညာ၊ သိပ္ပံနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီး ရီယိုဘီယင်က ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၎င်းတို့၏စွန့်ပစ်ပစ္စည်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့ သင်္ဘောဖြင့် မပို့ဆောင်သင့်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**



နိုင်ငံအတွင်းသို့ ပလတ်စတစ်စွန့်ပစ်အမှိုက်များပို့ဆောင်မှုကို ဆန့်ကျင်သည့်အနေဖြင့် ဖိလစ်ပိုင်ပြည်သူများ ဆန္ဒပြနေစဉ်။

## တူနီးရှားသမ္မတရွေးကောက်ပွဲ စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည်

**တူးနစ် ဇူလိုင် ၂၆**
တူနီးရှားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ ပထမအကျော့ကို လာမည့်စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၂၅ ရက်တွင် ကြေညာလိုက်သည်။

ရွေးကောက်ပွဲဆိုင်ရာ သီးခြားလွတ်လပ်သော အာဏာပိုင်အဖွဲ့မှ ပြောခွင့်ရ ပုဂ္ဂိုလ် ဟာဆနာဘန်ဆလီမန်းက ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို မီဒီယာများသို့ အတည်ပြုပြောကြားခဲ့သည်။ တူနီးရှားသမ္မတ ဘီဂျီကတ်အက်ဆက်ဘ်စီသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့ပြီးနောက် အဆိုပါ ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

လာမည့်အောက်တိုဘာ ၆ ရက်တွင် ကျင်းပရန် စီစဉ်ထားသည့်ဥပဒေပြုရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် မရှိကြောင်း ရွေးကောက်ပွဲဆိုင်ရာ သီးခြားလွတ်လပ်သော အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ နာဘီလ်ဘက်ဖ်ဖောင်က ထုတ်ပြန်ချက်တစ်စောင်၌ ဖော်ပြခဲ့သည်။ သမ္မတ အက်ဆက်ဘ်စီ ကွယ်လွန်ပြီး အချိန်အနည်းငယ်အကြာတွင် ယာယီသမ္မတအဖြစ် ရက်ပေါင်း ၉၀ ထက်မနည်း တာဝန်ထမ်းဆောင်ရန် တူနီးရှားလွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် အန်နာဆာက ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

**ဆင်ဟွာ**

## ရုရှားစစ်လေယာဉ် ကျူးကျော်ပျံသန်းခဲ့မှုနှင့် ပတ်သက်ပြီး တောင်ကိုရီးယားနှင့် ရုရှား ဆွေးနွေး

**ဆိုးလ် ဇူလိုင် ၂၆**
တောင်ကိုရီးယားလေပိုင်နက်ဧရိယာအတွင်းသို့ ရုရှားစစ်လေယာဉ်တစ်စင်း စည်းမျဉ်းချိုးဖောက်ပျံသန်းခဲ့ကြောင်း ခိုင်မာစေသည့် သက်သေအထောက်အထားများကို ရုရှားဘက်သို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးနှင့် ဆိုးလ်မြို့ရှိ ရုရှားသံရုံးမှ စစ်သံမှူးတို့ ဇူလိုင် ၂၅ ရက်က တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လတ်တလောဖြစ်ပွားခဲ့သည့် လေကြောင်း ပြဿနာနှင့် စပ်လျဉ်းပြီး လက်ရှိလုပ်ဆောင်နေသည့် စုံစမ်းစစ်ဆေးမှုကို အထောက်အကူဖြစ်စေရန် တောင်ကိုရီးယားက ပေးပို့ထားသည့် အထောက်အထားများအား ရုရှားကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း ရုရှားဘက်မှ ပြောပြခဲ့မှုကို တောင်ကိုရီးယားက ဖော်ပြခဲ့သည်။

ရုရှားစစ်လေယာဉ် အေ ၅၀ သည် တာကဲရှီမ ကျွန်းစုအနီး လေပိုင်နက်ထဲသို့ ဇူလိုင် ၂၃ ရက်က ကျူးကျော်ဝင်ရောက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး တောင်ကိုရီးယား ဂျက်လေယာဉ်များက သတိပေးပစ်ခတ်မှုအကြိမ်ပေါင်း ၃၆၀ ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားဘက်မှ ဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်သည် တရုတ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့ခြင်း သာဖြစ်ပြီး ပိုင်နက်ကျူးကျော်မှုမရှိကြောင်း ရုရှားက ငြင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## ဟောင်ကောင်၌ မမှန်သတင်းများပျံ့နှံ့မှုကြောင့် ပြည်သူလူထုအတွင်း ပဋိပက္ခများ ပိုမိုဆိုးရွားလာ

**ဟောင်ကောင် ဇူလိုင် ၂၆**
ဟောင်ကောင်၌ အများပြည်သူအထင်အမြင်လွဲမှားစေရန် မမှန်သတင်းများဖြန့်ဝေမှုကြောင့် ပြည်သူလူထုအတွင်း သဘောထားကွဲပြားမှုများဖြစ်ပေါ်လာပြီး ပဋိပက္ခဖြစ်ပွားမှုများကို ပိုမိုဆိုးရွားလာစေလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်များတွင် ပေါ်ပေါက်ခဲ့သည့် ဒီမိုကရေစီထောက်ခံသည့် ဆန္ဒပြမှုများအတွင်း ပြည်သူသန်းနှင့်ချီပါဝင်ခဲ့ကြပြီး အကြမ်းဖက်သည့်အခြေအနေများသို့ မကြာခဏရောက်ရှိခဲ့သည်။ ထို့ပြင် အွန်လိုင်းပေါ်မှ ကောလာဟလများက လူထုအတွင်းစိတ်ရှုပ်ထွေးမှုများနှင့် အယုံအကြည်ကင်းမဲ့မှုများကို ပိုမိုနက်ရှိုင်းလာစေခဲ့သည်။

၂၀၁၁ ခုနှစ်က ရိုက်ကူးထားသည့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ ပုံရိပ်များကို တရုတ်၏ကျူးကျော်မှုလုပ်ဆောင်တော့မည့်ဆဲဆဲ ပုံရိပ်တစ်ခုအနေဖြင့် မမှန်သတင်းဖော်ပြခဲ့မှုက လူထုစုဝေးချီတက်မှုကို ပိုမိုကြီးထွားလာစေခဲ့သည်။ တရုတ်တင့်ကားယာဉ်တန်းတစ်ခုကို ရိုက်ကူးထားသည့် သတင်းဓာတ်ပုံကိုဖော်ပြကာ ဟောင်ကောင်ပြည်သူများကို အင်အားသုံးနှိမ်နင်းရန်အတွက် အဆိုပါတင့်ကားများကို စေလွှတ်လိုက်ကြောင်းနှင့် သွေးထွက်သံယိုမှုများဖြစ်စေခဲ့ကြောင်း ဖော်ပြထားသည့် ပို့စ်တစ်ခုမှာ တွစ်တာအကောင့်တစ်ခုပေါ်၌ ကြည့်ရှုသူ ရှစ်သိန်းကျော်အထိရှိခဲ့သည်။

အစိုးရအဆောက်အအုံများကို ကာကွယ်ရန်အတွက် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) တပ်ဖွဲ့ဝင်များကို ပြည်မကြီးမှ ခေါ်ဆောင်လာကြောင်း မကြာသေးမီက လူမှုကွန်ရက်တွင် ဖော်ပြခဲ့သည့် သတင်းများကို ဟောင်ကောင်အာဏာပိုင်များက ငြင်းဆန်ခဲ့သည်။ အဆိုပါ ကိစ္စမျိုးမရှိခဲ့ကြောင်းနှင့် ထွက်ပေါ်လာသောသတင်းများ လုံးဝမှားယွင်းကြောင်း ဟောင်ကောင်အစိုးရအဖွဲ့က ယခုရက်သတ္တပတ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရဲတပ်ဖွဲ့၏ စစ်ဆင်ရေးဆောင်ရွက်မှုများနှင့် ပတ်သက်သည့် မဟုတ်မမှန်သတင်းပေါင်း မြောက်မြားစွာပျံ့နှံ့နေမှုကြောင့် ဟောင်ကောင်ရဲတပ်ဖွဲ့နှင့်ပြည်သူလူထုအကြား သွေးကွဲမှုများဖြစ်ပေါ်စေနိုင်ကြောင်း ဟောင်ကောင်အာဏာပိုင်များက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**


ဟောင်ကောင်၌ ဒီမိုကရေစီထောက်ခံသည့် ဆန္ဒပြလှုပ်ရှားမှုတွင် ပြည်သူသန်းချီ ပါဝင်ခဲ့စဉ်။

## နစ်ဆန်းကုမ္ပဏီ၏ လုပ်ငန်းအမြတ်အစွန်းကျဆင်း

**တိုကျို ဇူလိုင် ၂၆**
အမေရိကန်နှင့် ဥရောပတို့တွင် နစ်ဆန်းကုမ္ပဏီ ရောင်းအားကျဆင်းလာခဲ့ပြီးနောက် နစ်ဆန်းမော်တာကုမ္ပဏီ၏ ဧပြီလမှ ဇွန်လအတွင်း အမြတ်အစွန်းရရှိမှုများ ထိုးကျသွားခဲ့ကြောင်း သိရသည်။

ကုမ္ပဏီ၏ ဝင်ငွေရရှိမှုသည် အမေရိကန်ဒေါ်လာ ၁၅ သန်းအထိရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း နစ်ဆန်းမော်တာကုမ္ပဏီက ပြောကြားခဲ့သည်။ အဆိုပါကိန်းဂဏန်းသည် သုံးလပတ်အတွင်း ကုမ္ပဏီ၏ဝင်ငွေရရှိမှု အနိမ့်ဆုံးအဖြစ် စံချိန်တင်ခဲ့ကြောင်း ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**


တူနီးရှားပြည်သူ့ကာကွယ်ရေးလုပ်သားနှစ်ဦးက ရွှေ့ပြောင်းသွားလာသူတစ်ဦး၏အလောင်းကို သယ်ယူနေစဉ်။

## လစ်ဗျားကမ်းခြေ၌ ရွှေ့ပြောင်းသွားလာသူ ၁၀၀ ကျော် ပျောက်ဆုံး

**ထရီပိုလီ ဇူလိုင် ၂၆**
လစ်ဗျားကမ်းခြေ၌ ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသည့် ဒုက္ခသည်လှေ တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ရွှေ့ပြောင်းသွားလာသူ ၁၀၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း အကူအညီပေးရေး အေဂျင်စီများက ပြောကြားခဲ့သည်။

ထရီပိုလီမြို့မှ ကီလိုမီတာ ၁၀၀ (မိုင် ၆၀) အကွာ ခွမ်စ်မြို့ ကမ်းခြေ၌ ဒုက္ခသည်လှေ နစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လစ်ဗျားရှိ နိုင်ငံတကာရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ Safa Msehli က ပြောကြားခဲ့သည်။ လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီးနောက် လစ်ဗျားကမ်းခြေစောင့်တပ်ဖွဲ့က ရွှေ့ပြောင်းသွားလာသူ ၁၄၅ ဦးကို ကယ်ဆယ်ခဲ့ပြီး အသက်ရှင်လွတ်မြောက်ခဲ့သူများက လူ ၁၅၀ ကျော် ပျောက်ဆုံးနေကြောင်း ပြောကြားခဲ့သည်။

လူ ၁၃၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူတစ်ဦး၏ အလောင်းကို ဆယ်ယူရရှိခဲ့ကြောင်းနှင့် ရွှေ့ပြောင်းသွားလာသူ ၁၁၅ ဦး ပျောက်ဆုံးနေသေးကြောင်း လစ်ဗျားရေတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး အာယွတ်ကာဆင်မ်က ပြောကြားခဲ့သည်။ အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ရွှေ့ပြောင်းသွားလာသူ ၂၅၀ ခန့်ကို တင်ဆောင်လာသည့် သစ်သားလှေသည် ကမ်းခြေမှ မိုင်အနည်းငယ်အကွာတွင် နစ်မြုပ်သွားခဲ့ကြောင်း အသက်ရှင်လွတ်မြောက်လာသည့် ရွှေ့ပြောင်းသွားလာသူများထဲမှ မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

ရွှေ့ပြောင်းသွားလာသူများသည် လှေသုံးစင်းဖြင့် ပင်လယ်ထဲသို့ ထွက်ခွာလာခဲ့ဟန်ရှိကြောင်း နယ်စည်းမထားဆရာဝန်များ ပရဟိတအဖွဲ့မှ အကြီးအကဲ ဂျူလီဟန်ရက်မန်က အေအက်ဖ်ပီသတင်းသို့ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြောကြားခဲ့သည်။ ကယ်ဆယ်ခဲ့သည့် ရွှေ့ပြောင်းသွားလာသူအများစုမှာ အီသီယိုပီးယားနိုင်ငံမှဖြစ်ပြီး ပါလက်စတိုင်းနှင့် ဆူဒန်နိုင်ငံများမှလည်း ပါဝင်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဂါရတ်ဘေးလ် ဘယ်ကိုပြောင်းမလဲ

အောင်က



ဂါရတ်ဘေးလ်ဆိုတာဟာ ရီးရဲမက်ဒရစ်အသင်းကို ၁၃ ကြိမ်မြောက် ချန်ပီယံလိဂ်ဆုဖလားကိုရယူပေးခဲ့တဲ့ သူရဲကောင်းတစ်ဦး ဖြစ်ခဲ့တယ်။ ပြီးခဲ့တဲ့ ငါးနှစ်အတွင်း ချန်ပီယံလိဂ်ဆုဖလားလေးလုံး ရယူခဲ့တဲ့နေရာမှာတော့ ဂါရတ်ဘေးလ်က အဓိကကစားသမားအဖြစ် ရှိနေခဲ့တယ်။ ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာလည်း အသင်းအတွက်အရေးပါတဲ့ သွင်းဂိုးကိုသွင်းယူပေးခဲ့တယ်။ ၂၀၁၆ ခုနှစ်တုန်းက ဆိုရင်လည်း သူ့ရဲ့တစ်လုံးတည်းသောသွင်းဂိုးနဲ့ အသင်းဟာ ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့တယ်။ ဒ့ါအပြင် လီဗာပူးအသင်းကိုနိုင်ခဲ့တဲ့ ၂၀၁၇ ချန်ပီယံလိဂ်ဗိုလ်လုပွဲတုန်းကဆိုရင်လည်း အသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရီးရဲမက်ဒရစ်အသင်းရဲ့ ချန်ပီယံလိဂ်သမိုင်းကြောင်းကို ပြန်လှန်မယ်ဆိုရင် ဂါရတ်ဘေးလ်ရဲ့အရေးပါမှုကတော့ ချန်လှပ်လို့ မရနိုင်ပါဘူး။

ဒါပေမယ့်ဂါရတ်ဘေးလ်လို့ဆိုလိုက်တာနဲ့ ဒဏ်ရာပြဿနာနဲ့ ရုန်းကန်နေရတဲ့ ကစားသမားဆိုတာကိုတော့ လူတိုင်းမငြင်းနိုင်ပါဘူး။ အထူးသဖြင့်ရီးရဲမက်ဒရစ်အသင်းမှာ ကစားခဲ့တဲ့ ပြီးခဲ့တဲ့ခြောက်နှစ်အတွင်း သူကစားရတဲ့မိနစ်ဟာ ၂၀၀၀ တစ်ခါမှမကျော်တာကိုတော့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူဟာ ရီးရဲမက်ဒရစ် အသင်းပရိသတ်တွေရဲ့မျက်လုံးထဲမှာတော့ အဓိကအရေးပါတဲ့အချိန်တွေတိုင်းမှာ ဒဏ်ရာပြဿနာရှိနေတဲ့ ကစားသမားတစ်ဦးလို့မြင်နေပြီး အသင်းမှာ ဆက်လက်ရှိနေဖို့ မလိုလားကြတာလည်း ဖြစ်ပါတယ်။ အခုတော့ ဂါရတ်ဘေးလ်ရဲ့ ရီးရဲမက်ဒရစ်အသင်းမှာ ကစားနေခဲ့တဲ့ ခြောက်နှစ်ကြာခရီးကတော့ အဆုံးသတ်ဖို့ နီးစပ်နေပြီလို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ရက်ကပဲ ရီးရဲမက်ဒရစ်နည်းပြဇီဒန်းက ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ်ဟာ အသင်းကနေထွက်ခွာဖို့နီးစပ်မှုရှိနေပြီလို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့တယ်။ ဂါရတ်ဘေးလ်ဘယ်ကိုသွားမလဲ။လက်ရှိဖြစ်နိုင်ခြေ၊ ထွက်ပေါ်နေတဲ့ သတင်းတွေအရသုံးသပ်ကြည့်မယ်ဆိုရင်တော့ ဂါရတ်ဘေးလ်ရဲ့ ဦးတည်ရာဟာ သုံးနေရာသာရှိတယ်လို့ပြောရမယ်။

**မန်ယူ**

ဂါရတ်ဘေးလ်ရဲ့ယခုနှစ်နွေရာသီမှာ ပြောင်းရွှေ့နိုင်ဖို့အတွက် အဖြစ်နိုင်ဆုံးနေရာတစ်ခုကိုပြောပါဆိုရင်တော့ မန်ယူအသင်းလို့ပြောရမယ်။ မန်ယူအသင်းဟာ အစောပိုင်းနှစ်တွေကတည်းက ဂါရတ်ဘေးလ်ကိုခေါ်ယူဖို့ အပြင်းအထန် ကြိုးစားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ကြိမ်တစ်ခါမှတော့ မန်ယူအသင်းဟာ ခေါ်ယူနိုင်ခဲ့ခြင်း မရှိပါဘူး။ အခုတော့ မန်ယူအသင်းဟာ ဂါရတ်ဘေးလ်ကိုခေါ်ယူဖို့အတွက် အခွင့်အရေးရနေပြီလို့ ပြောရမှာပါ။

မန်ယူအသင်းအနေနဲ့ ဂါရတ်ဘေးလ်ကို ခြေစွမ်းအရစဉ်းစားပြီး မခေါ်ယူဘူးဆိုရင်တောင် ဂါရတ်ဘေးလ်ရဲ့ အရှိန်အဝါနဲ့ လူသိများမှုဟာ အသင်းအတွက်တော့ ငွေကြေးအကျိုးအမြတ် များနိုင်တယ်လို့ပြောရမှာပါ။ အထူးသဖြင့်ကမ္ဘာနဲ့အဝန်းရှိကြတဲ့မန်ယူပရိသတ်တွေ ဂါရတ်ဘေးလ်သာ ပြောင်းရွှေ့ခဲ့မယ်ဆိုရင် သူနဲ့ပတ်သက်တဲ့ မန်ယူဂျာစီက စံချိန်တင်ရောင်းရမှုတွေရရှိလာနိုင်မှာလည်း ဖြစ်ပါတယ်။

ဒ့ါအပြင် လုပ်ခမြင့်မားတဲ့ ဂါရတ်ဘေးလ်လိုကစားသမားမျိုးကို ခေါ်ယူနိုင်တဲ့အသင်းတွေထဲမှာတော့ မန်ယူအသင်းကတစ်သင်းအပါအဝင်ဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းအသင်းတစ်သင်းဖြစ်တာကြောင့်လည်း နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးရှိစေဖို့ ပြောင်းရွှေ့မှုတစ်ခုလို့လည်း ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် ဂါရတ်ဘေးလ်ရဲ့အရွှေ့ဟာ မန်ယူအသင်းကို ဦးတည်လာမလားဆိုတာကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**ပီအက်စ်ဂျီ**

လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေအရဆိုရင်တော့ ရီးရဲမက်ဒရစ်အသင်းဟာ နေမာကိုခေါ်ယူရေးအတွက် ဂါရတ်ဘေးလ်ကို အလဲအလှယ်အနေနဲ့ အသုံးပြုသွားဖို့ရှိနေတယ်လို့ဆိုပါတယ်။ ဂါရတ်ဘေးလ်အနေနဲ့ကလည်း ရီးရဲမက်ဒရစ်အသင်းကနေ ထွက်ခွာမယ်ဆိုရင်တောင် ထိပ်တန်းအဆင့်ရှိတဲ့အသင်းကိုသာ ပြောင်းရွှေ့ချင်တာကြောင့် ပီအက်စ်ဂျီအသင်းဟာ သူ့အတွက်တော့ သင့်တော်တဲ့အသင်းလို့လည်း ပြောရမှာပါ။

ဒ့ါအပြင် ပီအက်စ်ဂျီအသင်းအနေနဲ့ကလည်း ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားခဲ့တဲ့ နေမာဟာ အသင်းမှာမနေချင်တာကြောင့် ထွက်ခွာခွင့်ပြုဖို့ ရှိနေတာလည်းဖြစ်ပါတယ်။ ဒ့ါအပြင် ပီအက်စ်ဂျီအသင်းဟာ ပြည်တွင်းဖလားပြိုင်ပွဲတွေမှာတော့ အောင်မြင်မှုတွေနဲ့ ဝေဆာနေပေမယ့် ချန်ပီယံလိဂ်အောင်မြင်မှုနဲ့ ဝေးကွာနေတာကြောင့်လည်း ချန်ပီယံလိဂ်နဲ့ပတ်သက်လာရင် အတွေ့အကြုံများလွန်းတဲ့ ဂါရတ် ဘေးလ်လိုကစားသမားမျိုးကိုတော့ ခေါ်ယူဖို့နှစ်သက်နေခဲ့တာလည်း ဖြစ်ပါတယ်။

ဒ့ါအပြင်ပီအက်စ်ဂျီအသင်းဟာ နေမာသာမက အသင်းရဲ့တိုက်စစ်မှူး ကာဗာနီကိုလည်း ဖယ်ထုတ်ဖို့ရှိနေတာကြောင့် သူတို့ရဲ့နေရာမှာတော့ ထိပ်တန်းကစားသမားတစ်ဦးကို အရခေါ်ယူရမှာလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်ဘောလုံးလောကမှာတော့ ဂါရတ်ဘေးလ်နဲ့ ယှဉ်နိုင်လောက်အောင် ကောင်းမွန်လွန်းတဲ့ကစားသမားဟာ သိပ်များများမရှိပါဘူး။ ဒ့ါအပြင် ဂါရတ်ဘေးလ်ရဲ့လုပ်ခလစာနဲ့ ပတ်သက်ပြီး ရီးရဲမက်ဒရစ်အသင်းမှာ ရရှိနေတဲ့အတိုင်းပေးနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂါရတ်ဘေးလ်အနေနဲ့ စိန်ခေါ်မှုသစ်တွေအတွက် ပြင်သစ်မြေကိုတောင် ရောက်နိုင်ပါတယ်။

**နာပိုလီ**

ဂါရတ်ဘေးလ်ရဲ့ရီးရဲမက်ဒရစ်အသင်းမှာကစားခဲ့တဲ့ ပြီးခဲ့တဲ့ ခြောက်နှစ်အတွင်း အကောင်းဆုံးရာသီတွေအတွက် ကစားနိုင်ခဲ့တာကတော့ ရီးရဲမက်ဒရစ်အသင်းကို စတင်ရောက်ရှိခဲ့တဲ့ ပထမနှစ်ရာသီလို့ ပြောရမှာပါ။ အဲဒီတုန်းက ရီးရဲမက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့တဲ့ နည်းပြက အန်ဆယ်လော့တီဖြစ်ပြီး ဂါရတ်ဘေးလ်ဟာ သူ့ရဲ့လက်အောက်မှာတော့ ခြေစွမ်းတွေပြပြီး ပုံမှန်နီးပါးကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုတော့ အန်ဆယ်လော့တီဟာ နာပိုလီအသင်းကို ကိုင်တွယ်နေပြီဖြစ်ပြီး အသင်းကိုချန်ပီယံလိဂ်မှာ အောင်မြင်မှုရဖို့ အပြင်းအထန်ကြိုးစားနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အန်ဆယ်လော့တီအနေနဲ့ အသင်းနဲ့အတူ အောင်မြင်မှုတွေရယူဖို့အတွက် ဂါရတ်ဘေးလ်ကိုခေါ်ယူသွားဖို့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။

ဂါရတ်ဘေးလ်ရဲ့ဖြစ်နိုင်ဖွယ်ရာ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး သုံးသပ်မိသမျှကို တင်ပြလိုက်ပေမယ့် ဘောလုံးလောကမှာတော့ ဘာမဆိုဖြစ်နိုင်တယ်ဆိုတဲ့ ဆိုးရိုးကတော့ ရှိနေပါတယ်။ ဒါကြောင့် ဂါရတ်ဘေးလ်အနေနဲ့ ဖြစ်နိုင်ခြေ သုံးသင်းထက်ကျော်လွန်ပြီး အခြားအသင်းတွေကို ပြောင်းရွှေ့မလား။ ဒါမဟုတ် ဒီအသင်း သုံးသင်းထဲက တစ်သင်းကိုပဲ ပြောင်းရွှေ့မလားဆိုတာကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။ ။



**ဂါရတ်ဘေးလ်ရဲ့ ရီးရဲမက်ဒရစ်အသင်းမှာကစားနေခဲ့တဲ့ ခြောက်နှစ်ကြာခရီးကတော့ အဆုံးသတ်ဖို့ နီးစပ်နေပြီလို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ရက်ကပဲ ရီးရဲ မက်ဒရစ်နည်းပြဇီဒန်းက ဝေလတောင်ပံကစားသမား ဂါရတ်ဘေးလ်ဟာ အသင်းကနေ ထွက်ခွာဖို့နီးစပ်မှုရှိနေပြီလို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့တယ်။**

## တိုက်စစ်မှူး အူဘာမီယန်ကို ရောင်းချရန် အစီအစဉ်လုံးဝမရှိဟု အာဆင်နယ်မန်နေဂျာ ပြောဆို

ထက်အောင်



အာဆင်နယ်အသင်းအနေဖြင့် ယခုနွေရာသီကစားသမား အပြောင်းအရွှေ့ဈေးကွက် ကာလအတွင်းတွင် တိုက်စစ်မှူး အူဘာမီယန်အား ရောင်းချသွားရန် အစီအစဉ်မရှိကြောင်း အာဆင်နယ်အသင်းမန်နေဂျာ အမ်မရီက အတည်ပြုပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ဒေ့ါမွန်တိုက်စစ်မှူးဟောင်း အူဘာမီယန်အား ယခုနွေရာသီအတွင်းတွင် ခေါ်ယူရန် ဆက်သွယ်မှုများပြုလုပ်လျက်ရှိပြီး အူဘာမီယန်အား ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေး ပေါင် ၆၂ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ထားသည်ဟု ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။

ပြင်သစ်နိုင်ငံဖွား ဂါဘွန်တိုက်စစ်မှူး အူဘာမီယန် (၂၈ နှစ်)သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဒေ့ါမွန်မှ အာဆင်နယ်အသင်းသို့ အာဆင်နယ်အသင်း၏ ကလပ်စံချိန် တင်ပြောင်းရွှေ့ကြေး ပေါင် ၅၆ သန်း ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ တိုက်စစ်မှူး အူဘာမီယန်သည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၅၁ ပွဲ ပါဝင်ကစားခဲ့ကာ ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

မန်နေဂျာ အမ်မရီက အာဆင်နယ်အသင်းသည် တိုက်စစ်မှူး အူဘာမီယန်အား အသင်းမှ ထွက်ခွာခွင့်ပြုထားသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကို ငြင်းဆိုခဲ့ပြီး “အူဘာမီယန်ကို ရောင်းချသွားဖို့ဆိုတာက ကျွန်တော်တို့အတွေးထဲမှာ လုံးဝမရှိတဲ့အရာ ဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာ အူဘာမီယန်ရှိနေတာကို ကျွန်တော်တို့ အလွန်ပျော်ရွှင်ရပါတယ်။ သူ့ကို ရောင်းချဖို့ လုံးဝဆန္ဒမရှိပါဘူး” ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး အူဘာမီယန်သည် ပြီးခဲ့သည့် ဇူလိုင် ၂၄ ရက်တွင် ရီးရဲမက်ဒရစ် အသင်းနှင့် ကစားခဲ့သော International Champions Cup ပွဲစဉ်တွင် ကစားဖော် တိုက်စစ်မှူး လာကာဇက်တီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။ အူဘာမီယန်နှင့် လာကာဇက်တီတို့၏ တိုက်စစ်အတွဲအဖက်နှင့်ပတ်သက်၍ မန်နေဂျာ အမ်မရီက “အူဘာမီယန်နဲ့ လာကာဇက်တီတို့ဟာ အချင်းချင်း အကောင်းဆုံးဖြည့်ဆည်း ကူညီပေးနိုင်စွမ်းရှိတယ်။ အာဆင်နယ်အသင်းမှာ အူဘာမီယန်ရှိနေခြင်းကြောင့် တိုက်စစ်ကို ပုံစံအမျိုးမျိုးနဲ့ တည်ဆောက်ဖို့ အခွင့်အရေးကောင်း ရှိနေတယ်။ ဘာကြောင့်လဲဆိုတော့ အူဘာမီယန်ဟာ အထောင်တိုက်စစ်ကစားသမားအဖြစ် ကစားနိုင်စွမ်းရှိသလို တိုက်စစ်မှူး နှစ်ဦးတွဲဖက်အသုံးပြုတဲ့ ပုံစံမှာလည်း အကောင်းဆုံးကစားနိုင်သူ ဖြစ်ပါတယ်။ သူဟာ ဘယ်တောင်ပံနဲ့ ညာတောင်ပံတွေမှာ ကစားနိုင်သူလည်း ဖြစ်ပါတယ်” ဟု ဆက်လက်ပြောဆိုခဲ့သည်။

**တိုက်စစ်မှူး အူဘာမီယန်သည် ပြီးခဲ့သည့် ၂၀၁၈-၁၉ ယခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၅၁ ပွဲ ပါဝင်ကစားခဲ့ကာ ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။**

## မြေပြိုခြင်းဘေး အသိပညာပေး

### မြေပြိုမှု ဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မြေပြိုထားသော ပတ်ဝန်းကျင်၊အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့်ဝေးဝေးနေပါ၊မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာတာဝန်ရှိသူများ၏ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ။



၂။ မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ချက်ချင်းအကြောင်းကြားပြီး လိုအပ်သောအကူအညီများပေးပါ။



၃။ မိသားစုဝင်များပျောက်ဆုံးကွဲကွာပါကသက်ဆိုင်ရာ သို့ချက်ချင်းအကြောင်းကြားပါ။



၄။ မြေပြိုခြင်းကြောင့်နောက်ဆက်တွဲ ဖြစ်လာနိုင်သောရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသား အစိုင်အခဲများပြိုကျ စီးဆင်းလာနိုင်မှု တို့အားအထူး သတိပြု နေထိုင်ပါ။



၅။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၆။ မြေပြိုထားသောနေရာများ၌ အဆောက်အအုံ များပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင် များ၏အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက် များအတိုင်းလိုက်နာဆောင်ရွက်ပါ။



၇။ ဘေးအန္တရာယ်ကျရောက်ပြီးနောက်ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ နို့တိုက်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအား အထူးဂရုပြု စောင့်ရှောက်မှုပေးပါ။



# မင်းဘူးမြို့ ရေတွင်းကုန်းကျေးရွာ အထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်လှစ်

**မင်းဘူး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ရေတွင်းကုန်းကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အဆင့် တိုးမြှင့်ဖွင့်ပွဲနှင့် အိန်ဂျယ်ခာတ်ပုံမိသားစုမှ လှူဒါန်းသော ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လစတုတ္ထပတ်က ရေတွင်းကုန်းကျေးရွာ အထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးကျော်စွမ်းရည်နှင့် ဦးကျော်ငွေ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ဦးကြည်စိုး (အိန်ဂျယ်-ခာတ်ပုံ၊ဗီဒီယို)တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ပညာရေးဌာနသို့ လွှဲပြောင်းပေး**

အဆိုပါ ကျောင်းဆောင်သစ်သည် ပေ(၉၀×၃၀)အိန်ဂျယ် Steel Structure ကျောင်းဆောင်သစ်၊ ကျောင်းခြံစည်းရိုး၊ Steel ရေစင်၊ ရေစုပ်စက် စုစုပေါင်းကုန်ကျ ငွေကျပ် သိန်း ၅၅၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မင်းဘူးမြို့နယ် ပညာရေးမှူးရုံးမှ ဦးကြည်လွင်က လက်ခံယူသည်။

**ကျော်စိုးဝင်း ( မင်းဘူး)**

# ပုသိမ်မြို့နယ်အတွင်း ရာသီတုပ်ကွေးရောဂါ သံသယရှိ ရပ်ကွက်များကို ကာကွယ်ဆေးထိုးနှံပေး

**ပုသိမ် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း၌ အမှတ်(၇) ရာမညရပ်ကွက်နှင့် အမှတ် (၉) သင်္ဘောကျင်း ရပ်ကွက်နှစ်ခုတွင် ဇူလိုင်လစတုတ္ထပတ်က ရာသီတုပ်ကွေး သံသယလူနာနှစ်ဦးသည် ပုသိမ်ဆေးရုံကြီး၌ ဆေးဝါးကုသခံနေရာတွင် A(H1N1) pdm09. တွေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် တိုင်းဒေသကြီးဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖေအောင်နှင့် တိုင်းဒေသကြီး တိုးချဲ့ကာကွယ်ဆေး/ကူးစက်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစောမြခိုင်တို့ ဦးဆောင်သောအဖွဲ့သည် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့်အတူ အဆိုပါ ရပ်ကွက်နှစ်ခုသို့ ကွင်းဆင်း၍ ဆေးဝါးကုသပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုသိမ်ပြည်သူ့ ဆေးရုံကြီးနှင့် ရာမည/သင်္ဘောကျင်းရပ်ကွက်များမှ လူနာနှင့် အတူ ထိတွေ့နေထိုင်သူမိသားစုများ၊ ငါးလအထက် ကိုယ်ဝန်ဆောင်မိခင်နှင့် နာတာရှည်ဝေဒနာခံစားရသူများ၊ ဆီးချို သွေးချိုနှင့် နှလုံးရောဂါဝေဒနာ ရှင်များ၊ ၆၅ နှစ်အထက် လူကြီးများ၊ သုံးနှစ်အထက် ငါးနှစ်အောက် ကလေးများအား ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။

# ဘော်လခဲမြို့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေး စောင့်ရှောက်မှု ဆိုင်ရာလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘော်လခဲ ဇူလိုင် ၂၆**

ကယားပြည်နယ် ဘော်လခဲမြို့ ပြည်သူ့ဆေးရုံတွင် ကယားပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဆေးရုံ တွင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ထားမှုများကို ဇူလိုင် လစတုတ္ထပတ်က စစ်ဆေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးတီရယ်၊ ပြည်နယ်အတွင်းရေးမှူး ဦးညီညီမင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများသည် ကျန်းမာရေး ကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေကြသော ပြည်သူ ၁၅ ဦး တို့အား တစ်ဦး လျှင် ထောက်ပံ့ငွေကျပ် တစ်သောင်းကို ပေးအပ်ပြီး အားပေး စကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဌာနတွင်းလိုအပ်ချက်များ၊ ဝန်ထမ်းတစ်ဦးစီ၏ လုပ်ငန်းဆောင် ရွက်မှုအခက်အခဲများ၊ အနေကြာဝန်ထမ်းများ၏ ဆန္ဒသဘောထားများအား အသေးစိတ်မေးမြန်းဆွေးနွေးပြောကြားခဲ့ပြီး ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ပွင့်လင်းမြင်သာစွာ တင်ပြဆွေးနွေးကြ စေလိုကြောင်းနှင့် အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အကြောက်တရား ဖယ်ရှားပြီး ပြည်နယ်အစိုးရဝန်ကြီးရုံးသို့ တိုက်ရိုက် ဆက်သွယ်အသိပေး ဆောင်ရွက် သွားကြရန် ပြောကြားကာ တွေ့ဆုံပွဲတက်ရောက်လာသော ကျန်းမာရေးဝန်ထမ်း ၂၂ ဦးအတွက် တစ်ဦးကို ငွေကျပ် တစ်သောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အမျိုးသမီးတောင်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအကြောင်း ပိုမိုသိရှိစေရေး ဆွေးနွေး

**ဘားအံ ဇူလိုင် ၂၆**

ကရင်ပြည်နယ်အတွင်း အမျိုးသမီး ဦးဆောင် တောင်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအကြောင်း ပိုမို သိရှိစေရေး၊ ဈေးကွက်ဆိုင်ရာ အခွင့်အလမ်း တိုးတက်ရရှိစေပြီး တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်နိုင်စေရေးအတွက် ရည်ရွယ်ကာပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် MEDA Myanmar (Mennonite Economic Development Associates)တို့ ပူးပေါင်း၍ အမျိုးသမီး တောင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ဘားအံမြို့ ကန်သာဦးခန်းမ၌ ကျင်းပသည်။



စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအကြောင်း ဆွေးနွေးပွဲကျင်းပစဉ်။

ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များမှ ကိုယ်စားလှယ်များက မိမိတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို သတင်းအချက်အလက်မျှဝေ ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသော စီမံကိန်းကျေးရွာများဖြစ်သည့် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၇၆ ရွာမှ အမျိုးသမီး တောင်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၌ အမျိုးသမီးများ ပါဝင်မှုမြင့်မားလာစေရေး၊ ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများ တိုးတက်မှုရရှိစေရေး၊ စပါးထုတ်လုပ်မှုကဏ္ဍတွင် လိုအပ်သည့် ကွင်းဆက်များ အဆင့်မြှင့်တင်ရေးအတွက် ဆန်စက်များ၏ အရည်အသွေးမြှင့်တင်ရေး၊ အသေးစား လုပ်ငန်းများအတွက် ထောက်ပံ့ပေးရေးအစီအစဉ်များ စသည်တို့အတွက် စီမံကိန်းရေးဆွဲနိုင်ရေးတို့ကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ ပြုလုပ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါဖွင့်ပွဲအခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဇူလိုင် ၂၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၏ အိတ်ဖွင့်တင်ဒါဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးသိပ္ပံကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တင်ဒါစိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ဇေယျက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ (ဖြည့်စွက်/အထွေထွေပိုလျှံ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစုများအလိုက် ကုမ္ပဏီများမှ တင်သွင်းသော Technical Proposal နှင့် Price Proposal ရလဒ်နှစ်ခုပေါင်းရမှတ်များကို တိုင်းဒေသကြီး(Cabinet) အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူ၍ တင်ဒါအောင်မြင်သော ကုမ္ပဏီများကို ကြေညာပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ (ဖြည့်စွက်) ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစု ၁၄ ခု၊ ခွင့်ပြုငွေကျပ် ၆၁၄ ဒသမ ၆၅၇ သန်းကို တင်ဒါခေါ်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်း ၁၄ ခု အတွက် လာရောက်တင်သွင်းသည့် လျှောက်လွှာ ၃၇ စောင် လာရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီ ၂၀ ရှိကြောင်းနှင့် တိုင်းဒေသကြီး အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူပြီး တင်ဒါ အောင်မြင်သော ကုမ္ပဏီများကို တစ်ပတ်အတွင်း ကြေညာကာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ၁၄ ခုတို့ကို တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ၂၀ က လုပ်ငန်းစုအလိုက် ဈေးနှုန်းအဆိုပြုလွှာများကို တင်သွင်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# YBS ယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်မှုသိရှိရန် လုံခြုံရေးကင်မရာ တပ်ဆင်ထား

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် ယာဉ်အစီးရေပေါင်း ၆၆၃၅ စီးကိုYRTA တွင် မှတ်ပုံတင်ထားပြီး နေ့စဉ် YBS ၄၅၀၀ ကျော် ပြေးဆွဲပေးလျက်ရှိသည်။ ခရီးသွား ပြည်သူများ ယာဉ်ပေါ်၌ ခါးပိုက်နှိုက်မှုကြုံတွေ့ရပါက ဖြစ်ပွားမှုသိရှိရန် လုံခြုံရေးကင်မရာ တပ်ဆင်ထားသောကြောင့် ယာဉ်မောင်းက သိရှိသည်ဖြစ်စေ၊ ခရီးသွားပြည်သူတို့က သိရှိသည်ဖြစ်စေ ရဲစခန်းသို့ ပို့ဆောင်ရမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (ရုံးချုပ်) မှ သိရသည်။

YBS ယာဉ်များ သွားလာမှုကို GPS ဖြင့် ယာဉ်လိုင်းကုမ္ပဏီများက စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ကားအတွင်းလှုပ်ရှားမှုနှင့် ကားအပြင်လှုပ်ရှားမှု သိရှိရန် လုံခြုံရေးကင်မရာများ တပ်ဆင်ထားခြင်းဖြစ်၍ ယာဉ်မောင်းက ခါးပိုက်နှိုက်နေမှုကို သိရှိနိုင်ခြင်း၊ မသိရှိခြင်းရှိမည်ဖြစ်ရာ ခရီးသည်က ခါးပိုက်နှိုက်ကြောင်း ပြောဆိုပါက ရဲစခန်းကို တိုက်ရိုက်မောင်းနှင်ရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့မှ လုံခြုံရေးကင်မရာ မှတ်တမ်းကို တောင်းခံပါက အချိန်မရွေး ပေးအပ်နိုင်ရန် ညွှန်ကြားထားကြောင်း သိရသည်။

" ကျွန်တော်တို့က ခါးပိုက်နှိုက်ကို ဖမ်းနိုင်တဲ့ စွမ်းအားမရှိပါဘူး။ ဒါကြောင့် ပြည်သူလူထုက ခါးပိုက်နှိုက်ခံရတယ်၊ ကားပေါ်မှာပါတယ်လို့ တိုင်ကြားရင် ရဲစခန်းကို မောင်းရမယ်။ ရဲစခန်းက ဖော်ထုတ်လို့ အထောက်အထား လိုအပ်ရင် လုံခြုံရေးကင်မရာ မှတ်တမ်းကို ပေးရမယ်။ ဒါတွေကို လုပ်နေပါတယ်။ ဒီလိုင်းမှာ ဆိုးရွားနေတယ်ဆိုတဲ့ တင်ပြမှု တွေ့ရရင် YRTA က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကို အကူအညီ တောင်းတဲ့အတွက် အရပ်ဝတ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေက ခါးပိုက်နှိုက်တွေကို ဖမ်းဆီးမှု လုပ်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကလည်း ကူညီနေပါတယ်"ဟု YRTA မှ တွဲဖက်အတွင်းရေမှူး ဦးလှအောင်က ပြောသည်။

ရန်ကုန်မြို့တွင် YBS ယာဉ်လိုင်းပေါင်း ၁၀၀ ကျော် ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားပြည်သူအများဆုံး ခါးပိုက်နှိုက်မှု ကြုံရသော ယာဉ်လိုင်းများမှာ လှိုင်သာယာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံတောင်မြို့နယ်နှင့် မော်ဘီ-တိုက်ကြီး - ဥက္ကံသို့ ပြေးဆွဲသော ယာဉ်လိုင်းများ၌ အများဆုံးကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

"ကားပေါ်မှာ ခါးပိုက်နှိုက်တာကို ကျွန်တော်တို့သိလည်း မပြောရဲဘူး။ သူတို့က အုပ်စုနဲ့ သူ့နယ်မြေနဲ့သူ လှုပ်ရှားကြတာ။ ကျွန်တော်တို့က နေ့တိုင်းသွားလာနေတော့ အန္တရာယ်ရှိနိုင်တယ်။ သိလို့ ရဲစခန်းကို မောင်းနှင်ရင်လည်း ကားပေါ်ပါလာတဲ့ ပြည်သူအားလုံး တက်ညီလက်ညီရှိဖို့တော့ လိုမယ်။ လုံခြုံရေးကင်မရာ တပ်ဆင်ထားတာကြောင့် ဖြစ်ပွားလာရင် ရဲတပ်ဖွဲ့ကို အကူအညီပေးဖို့ အဆင်သင့်ပါ " ဟု လှိုင်သာယာသို့ ပြေးဆွဲနေသော YBS ယာဉ်မောင်း ကိုအောင်မျိုးသန့်က ပြောသည်။ **၁၆၄**



**YBS ယာဉ်များ အများဆုံးဖြတ်သန်းရောက်ရှိရာ ရန်ကုန်မြို့တွင်း တစ်နေရာကို တွေ့ရစဉ်။**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၆-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၂၀ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၃၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၀ ကျပ် | ၈၁၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၃ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၄ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၀ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၀ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၇ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ . ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၈၉၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ . ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ . ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ . ၈၂၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# အရေးပေါ်လူနာတင်ယာဉ်နှင့် ကျောင်းကြို/ပို့ မော်တော်ယာဉ်အား မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှ ဝင်/ထွက် ဖြတ်သန်းခွင့်ပြုရန် နှစ်နိုင်ငံ ဆွေးနွေးမည်

**တာချီလိတ် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတား၌ အရေးပေါ်လူနာတင်ယာဉ်နှင့် ကျောင်းကြို/ပို့ မော်တော်ယာဉ်များကို မကြာမီ ဖြတ်သန်းသွားလာခွင့် ပြုတော့မည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"အရေးပေါ် လူနာတင်ယာဉ်တွေနဲ့ ကျောင်းကားတွေ ဖြတ်သန်းသွားလာခွင့်ပြုဖို့ မယ်ဆိုင်မြို့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက တာဝန်ရှိသူတွေနဲ့ တာချီလိတ်က တာဝန်ရှိသူတွေ လာမယ့်ရက်ပိုင်းအတွင်း နောက်ဆုံးအဆင့် တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီတွေ့ဆုံပွဲပြီးရင် နှစ်နိုင်ငံဖြတ်သန်းသွားလာခွင့် ပေးသွားမှာပါ"ဟု တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက ပြောသည်။

မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဖြတ်သန်းသွားလာမည့် ကျောင်းကြို/ပို့ မော်တော်ယာဉ်များ၊ အရေးပေါ်လူနာတင်ယာဉ်များ၊ ပုဂ္ဂလိကဆေးရုံနှင့် လူမှုရေးအသင်းအဖွဲ့မှ လူနာတင်ယာဉ်များသည် မော်တော်ယာဉ်နံပါတ်နှင့် ယာဉ်အမျိုးအစားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။

"ကျွန်တော်တို့မြို့မှာ တံတားကြီးနှစ်စင်းရှိပါတယ်။ အမှတ်(၁)တံတားကနေ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ကိစ္စတွေနဲ့ သွားလာကြပြီး ကားငယ်၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ လမ်းလျှောက်သူတွေအတွက် အသုံးပြုသွားလာရပါတယ်။ ယနေ့လို တိုးတက်လာတဲ့ခေတ်မှာ သွားလာမှုများပြီး ယာဉ်ကြောပိတ်ဆို့မှုတွေ မကြာခဏ ကြုံတွေ့နေရပါတယ်။ တစ်ခါတစ်ရံ အမှတ်(၁)တံတားမုခ်ဦးမှ ကိုက် ၄၀၀-၅၀၀ ခန့်အကွာ ဘုရင့်နောင်ရုပ်တုအရှေ့ထိ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ခဲ့တယ်။

ယာဉ်ကြောပိတ်ဆို့မှုတွေ မကြာခဏဖြစ်လေ့ရှိတာကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေလျှော့တဲ့အနေနဲ့ လူနာတင်ယာဉ်နဲ့ ကျောင်းကားတွေကို အမှတ်(၂)ချစ်ကြည်ရေးတံတားကနေ ဖြတ်သန်းသွားလာခွင့်ပေးဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာချီလိတ်မြို့ကို လာရောက်တဲ့ခရီးစဉ်မှာလည်း တင်ပြခဲ့ဖူးပါတယ်"ဟု တာချီလိတ်ဒေသခံတစ်ဦးဖြစ်သည့် ဦးဆန်းဝင်းက ပြောသည်။

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို နှစ်နိုင်ငံဆက်သွယ်ထားသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားနှစ်စင်း ရှိသည့်အနက် အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် လူနှင့် တစ်ပိုင်တစ်နိုင် ကုန်စည်ယာဉ်များကို ဖြတ်သန်းသွားလာခွင့်ပြုကာ အမှတ်(၂)ချစ်ကြည်ရေးတံတားတွင် ကုန်တင်ယာဉ်ကြီးများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုခဲ့ပြီး မကြာမီကာလအတွင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ အရေးပေါ် လူနာတင်ယာဉ်နှင့် ကျောင်းကားများ ဖြတ်သန်းသွားနိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# မြန်မာနိုင်ငံမှ နှမ်းနက် ဂျပန်နိုင်ငံဈေးကွက်တွင် ရောင်းတမ်းဝင်သီးနှံအဖြစ် အောင်မြင်

**မကွေး ဇူလိုင် ၂၆**

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices - GAP) နည်းစနစ်ဖြင့် စိုက်ပျိုးကာ အောင်မြင်ဖြစ်ထွန်းလာသည့် နှမ်းနက်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ရာ ဂျပန်နိုင်ငံတွင် ရောင်းတမ်းဝင်သီးနှံအဖြစ် ဈေးကွက်ဝင်သောကြောင့် ယခုနှစ် မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်း GAP နည်းစနစ်ဖြင့် နှမ်းနက် ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးထားကြောင်း မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှ သိရသည်။

ဂျပန်နိုင်ငံတွင် နည်းပညာပိုင်းမြင့်မားသည့်အတွက် မြန်မာနိုင်ငံမှ တင်ပို့သည့် နှမ်းနက်များကို ဓာတ်ကြွင်း အာနိသင်ပါဝင်မှု ရှိ မရှိ တိုင်းတာသည့် ကိရိယာကလောင်တံဖြင့် နှမ်းအိတ်အတွင်း ထည့်သွင်းစမ်းသပ်ပြီး သီးနှံအစိုဓာတ်နှင့် မှိုပါဝင်မှုများ၊ ဓာတ်ကြွင်းအာနိသင်များအား စမ်းသပ်စစ်ဆေးပြီး သတ်မှတ်ထားသည့် အရည်အသွေး အာနိသင်ဘောင်ဝင်ပါက နှမ်းနက်သီးနှံအား များစွာတင်ပို့နိုင်ပြီး အားလုံးဝယ်ယူမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ နှမ်းနက်များကို စမ်းသပ်ရာတွင် ဓာတ်ကြွင်းအာနိသင်ပါပါက ဂျပန်နိုင်ငံအတွင်းသို့ အဝင်မခံတော့ကြောင်း သိရသည်။

နှမ်းသီးနှံကို ရိတ်သိမ်းပြီး အခြောက်ခံရာတွင် မြေပြင်၌ ထောင်မထားဘဲ အမိုးအကာအောက်တွင် တန်းထိုး၍ ချိတ်ဆွဲလှန်းသင့်ကြောင်း၊ တန်းထိုးချိတ်ဆွဲပြီး လှန်းသည့်အတွက် ဓာတ်ကြွင်းအာနိသင်နည်းစေရန်၊ အရည်အသွေးကောင်း၊ အရောင်အဆင်းကောင်းများ ရရှိစေရန် တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့နှမ်းစိုက် တောင်သူများအသင်းပညာရှင်များက ပညာပေးလုပ်ငန်းများကို လုပ်ဆောင်ပေး ကြောင်း ဘုရားပြိုကျေးရွာ တောင်သူများထံမှ သိရသည်။

" ကျွန်တော်တို့ရွာမှာ GAP နည်းစနစ်နဲ့ နှမ်းသီးနှံကို တောင်သူတော်တော်များများက စိုက်ပျိုးလာကြတယ်။ ဒီနည်းစနစ်နဲ့ စိုက်တော့ သီးနှံတွေလည်း အရည်အသွေးကောင်းတယ်၊ နိုင်ငံခြားကိုလည်း တင်ပို့နိုင်တယ်၊ ဈေးကောင်းလည်းရတဲ့အတွက် တောင်သူတွေ ပိုမိုစိုက်ပျိုးလာကြတာပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဒီနှစ် လေးဧက စိုက်ပျိုးထားပါတယ်" ဟု မကွေးမြို့နယ် ဘုရားပြိုကျေးရွာမှ ဦးခင်စိုးက ပြောသည်။

ယခင်နှစ်က နှမ်းနက်သီးနှံကို GAP နည်းစနစ်ဖြင့် မြို့နယ်လေးမြို့နယ်၊ ကျေးရွာအုပ်စုပေါင်း ၄၇ အုပ်စု၊ တောင်သူ ၉၄၄ ဦးဖြင့် နှမ်းနက် ၃၇၀၆ ဧက စိုက်ပျိုးခဲ့ရာ ဂျပန်နိုင်ငံသို့ နှမ်းနက် ၇၁ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မေသူလွင် (မကွေး)**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မိုးဟေကို ပြန်လည်သရုပ်ဆောင်သည့် 'ကျွန်တော့်ရဲ့သူ' ရုပ်ရှင်ကားကြီး စတင်ရိုက်ကူးနေ



7th Sense ရုပ်ရှင်ထုတ်လုပ်ရေးသည် ဇာတ်လမ်းစံကို၊ ဇာတ်ညွှန်း Mနိုးနှင့် မယ်ခိုင်တို့ ရေးသားသည့် ကျွန်တော့်ရဲ့သူ ရုပ်ရှင်ဇာတ်ကားကြီးကို ဇူလိုင် ၂၅ ရက်မှ စတင် ရိုက်ကူးထုတ်လုပ်နေပြီး ထိုဇာတ်ကားတွင် သရုပ်ဆောင်နေတိုး၊ မိုးဟေကိုနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကာ ဒါရိုက်တာ နေဟိန်းက ပုံဖော်ရိုက်ကူးမည်ဖြစ်သည်။ ဇာတ်လမ်းအမျိုးအစားမှာ အချစ်နှင့် သည်းထိတ်ရင်ဖို အမျိုးအစားဖြစ်ပြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာနေဟိန်းက "ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ အပ်ပြီး ဒီကားကြီးကိုရိုက်ကူးခွင့်ပေးတဲ့ 7th Sense ရုပ်ရှင်ထုတ်လုပ်ရေးက ကိုဝေမင်းမောင်ကို ကျေးဇူးတင်ပါတယ်၊ ဒီကားကြီးက ကျွန်တော့်အတွက် စိန်ခေါ်မှုတစ်ခုဆိုလည်း မမှားပါဘူး၊ အရင်က မင်းသမီး မိုးဟေကိုဆိုတာ အောင်မြင်မှုတွေရနေတဲ့သူပါ၊ အခု ဇာတ်ကားမရိုက်တာကြာပြီဖြစ်တဲ့ မင်းသမီး မိုးဟေကိုနဲ့ ပြန်ပြီးရိုက်ရမယ်ဆိုတော့ ပျော်တာပေါ့နော်၊ ကိုနေတိုးဆိုတာကလည်း အားလုံးသိကြတဲ့အတိုင်း စွယ်စုံရ မင်းသားတစ်ယောက်ဖြစ်တယ်၊ အခုရိုက်မယ့်ကားကလည်း သူတို့နဲ့လိုက်ဖက်တဲ့ဇာတ်မျိုးဖြစ်တော့ ဒရာမာကြိုက်တဲ့ ပရိသတ်အတွက် အကောင်းဆုံးကားလေး ဖြစ်မှာပါ"ဟု ပြောသည်။

**သရုပ်ဆောင် နေတိုးကလည်း**

"ဇာတ်ကားထဲက ကာရိုက်တာကတော့ ကြိုးစားရုန်းကန်ပြီး ဘဝကိုဖြတ်သန်းရတဲ့ မိသားစုတစ်စုရဲ့ဘဝကို သရုပ်ဆောင်ရမှာပါ၊ ဇာတ်ကားလေးရဲ့တင်ပြမှုပုံစံလေးက ဆန်းတယ်၊ ရိုးရိုးအိမ်ထောင်ရေး ဘဝဇာတ်လမ်းမျိုး မဟုတ်ဘဲ ရသပိုင်းကို ဦးစားပေးပြီးလုပ်သွားမယ့် ကားအမျိုးအစားပါပဲ။ ဒီကားလေးက အိမ်ထောင်ရေး ဇာတ်ကားလေးလည်းဖြစ်တယ်၊ ထူးခြားမှု ရသပိုင်းလေးကတော့ ဒီအချိန် ပြောလို့မရသေးပါဘူး။ ကားလေးရုံတင်ရင် ခံစားစေချင်ပါတယ်၊မိုးဟေကိုနဲ့က တွဲပြီးသရုပ်မဆောင်ရတာကြာပါပြီ၊ အခုလို ပြန်ပြီးသရုပ်ဆောင်ရတော့ ဝမ်းသာမိပါတယ်၊ ပရိသတ်တွေ ဒီကားလေးကို ကြည့်ပြီး ခံစားနိုင်အောင် ကျွန်တော်တို့ မောင်နှမနှစ်ယောက် အကောင်းဆုံး ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ပရိသတ်ရှေ့မှ ကာလအတန်ကြာ ပျောက်ကွယ်နေသူ မိုးဟေကိုကလည်း ယခုရုပ်ရှင်နှင့်ပတ်သက်၍ "မိုးက အမေ့ရဲ့ကျန်းမာရေးအခြေအနေကြောင့် ဇာတ်ကားရိုက်တာတွေ ခဏနားထားတော့ အမေကို ဂရုစိုက်နေရတာနဲ့ အဲဒီဘက်ကို မလှည့်နိုင်တာပါ၊ မိုးရုပ်ရှင်ထုတ်လုပ်ရေးဆိုပြီး ထုတ်လုပ်ရေး လုပ်နေတာတော့ရှိပါတယ်၊ ကိုယ်ပိုင်ထုတ်လုပ်ရေးက ဝါသနာပါလို့ လုပ်ဖြစ်တာပါ၊ အခု ဇာတ်ကားပြန်ရိုက်မယ်ဆိုတော့ မိုးကို ကမ်းလှမ်းကြတာတွေ ရှိနေလို့ ကျေးဇူးတင်ပါတယ်၊ အခု မိုးနဲ့ ကိုနေတိုး ရိုက်ရမယ့်ကားလေးကလည်း မိုးအရိုက်ချင်ဆုံး ပုံစံလေး ဖြစ်နေတော့ ကျေနပ်ပါတယ်၊ လက်တွေ့အပြင်က မိသားစု ဘဝတွေကိုအခြေခံပြီး ရိုက်တဲ့ကားလေးဆိုတော့ ပညာပေးလေးလည်းဖြစ်တာမို့ ပရိသတ်တွေအတွက် အကောင်းဆုံးကားလေးတစ်ကား ဖြစ်မယ်လို့ မိုးမျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

**ကိုလင်း**

# အဆိုတော် မီးနို၏ Mini Concert ဂီတပွဲတော် ကျင်းပမည်

ပြိုင်ပွဲဟုအမည်ပေးထားသည့် တစ်ကိုယ်တော်အခွေကို ၂၀၁၈ ခုနှစ်က ထွက်ရှိခဲ့သည့် အဆိုတော် မီးနို၏ Mini Concert ဂီတပွဲတော်ကို ဇူလိုင် ၂၇ ရက် ည ၈ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ် ပုဂံခန်းမ၌ ကျင်းပသွားမည်ဖြစ်ကာ တင်ဇာမော်၊ ကေကေမိုးနှင့် နင်ဇီမေ စသည့် အမျိုးသမီးအဆိုတော်များပါ ပူးပေါင်းပါဝင်၍ ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"ညီမကို 2008 Melody World အခွေထဲက ဘုရားပေးတဲ့ဆု သီချင်းလေးနဲ့ မီးနိုဆိုပြီး သတိထားမိကြတဲ့ ချစ်တဲ့ပရိသတ်တွေ တော်တော်များများရှိကြမယ်လို့ မျှော်လင့်မိပါတယ်၊ အဲဒီအချိန်တုန်းက ၁၇ နှစ်၊ ၁၈ နှစ် ငယ်ရွယ်စဉ်ကနေ အနုပညာလမ်းခရီးကို လျှောက်လှမ်းလာတာ အခုဆို ၁၀ နှစ်ကျော် ကြာခဲ့ပါပြီ၊ အခုဒီပွဲလေးက ကျွန်မတို့ ပရိသတ်နဲ့အနီးကပ်ဆုံး ဖျော်ဖြေခွင့်ရမယ့်ပွဲလေးဖြစ်သလို လက်ရှိအချိန်မှာ အောင်မြင်နေတဲ့ မတင်ဇာမော်၊ မကေကေမိုး၊ မနင်ဇီမေတို့ရဲ့ ဖျော်ဖြေမှုတွေနဲ့အတူ ညီမ မီးနိုရဲ့ဖျော်ဖြေမှုလေးတွေကိုလည်း မြင်ရမှာပါ၊ ညီမတို့ ဒီပွဲလေးကို Live မလွှင့်သလို ဘယ် channel ကမှလည်း မပြပါဘူး၊ ရှိုးပွဲမဟုတ်တဲ့ concert မို့လို့ ကြည့်နေကျ ရှိုးပွဲဆိုတဲ့ ဝုန်းဒိုင်းကြဲအရသာမျိုးမဟုတ်ဘဲ တစ်မူထူးခြားနေမှာပါ"ဟု မီးနိုက ပြောသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲအတွက်ကို လက်မှတ်ဈေးနှုန်းကို ကျပ်သုံးသောင်းနှင့် နှစ်သောင်းဟု အမျိုးအစား နှစ်မျိုး သတ်မှတ်ထားပြီး လက်မှတ်များကို ဖုန်း- ၀၉၄၂၂၂၀၀၇၉၂၊ ၀၉၉၆၉၁၄၄၉၁၆ နှင့် ၀၉၂၅၄၁၉၁၀၉၈ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုလင်း**



# အနုပညာရှင် ၂၀၀ ကျော်ပါဝင်မည့် Aroma ၏ Wedding Show ကျင်းပမည်

နိုင်ငံကျော် အနုပညာရှင် ၂၀၀ ခန့်နှင့်အတူ လူမှုကွန်ရက်တွင် နာမည်ကြီးနေသူများပါ ပါဝင်၍ အလှအပ ဝတ်စုံဒီဇိုင်းမျိုးစုံနှင့် စိတ်ကြိုက်ချုပ်လုပ်မှုများကို ဝတ်ဆင်ပြသမည့် Aroma Studio, Make-up & Wedding ၏ (၈)ကြိမ်မြောက် Wedding Fashion Show ပွဲကြီးကို ဩဂုတ် ၄ ရက် မနက် ၈ နာရီမှ ည ၈ နာရီအထိ မရမ်းကုန်း မြို့နယ်ရှိ ဂန္ဓမာခန်းမ၌ ကျင်းပမည်ဟု သိရသည်။

"ကျွန်တော်တို့ အခုပွဲလေးက Aroma ရဲ့ရှစ်နှစ်ပြည့် ပွဲလေးဆိုလည်း မမှားပါဘူး၊ လာမယ့် ၂၀၂၀ အတွက် ကျွန်တော်တို့ Aroma ရဲ့မင်္ဂလာအရောင်ကတော့ အဖြူနဲ့ ငွေရောင် ကာလာလေးပါ၊ မနှစ်ကတော့ ရိုစ်ဂိုးကာလာကို ပြသခဲ့ပါတယ်၊ ဒီနှစ်မှာ ထူးခြားမှာက မင်းသမီး ပပဝတီရဲ့ ဝတ်စုံလေးပါ၊ အဲဒီဝတ်စုံလေးက မင်းသမီးတွေ သရုပ်ဆောင်တွေပဲ ဝတ်ရမှာမျိုးမဟုတ်ဘဲ အများပြည်သူ အမျိုးသမီးလေးတွေပါ ဝတ်နိုင်အောင် ကျွန်တော်ကိုယ်တိုင် ဒီဇိုင်းဆွဲပြီး ချုပ်ထားတာကို ပြသမှာပါ၊ အဲလို ပြသတဲ့အခါမှာလည်း ကျွန်တော့်အနေနဲ့ ငွေအင်အား၊ လူအင်အား၊ နည်းပညာတွေ ပါသုံးပြီး ဖန်တီးရတာမို့ အလွန်ခက်ခဲပါတယ်၊ မင်္ဂလာသတို့သမီးလေးတွေကို လှစေချင်လို့ ဒါမျိုးဒီဇိုင်းကို တီထွင်ချုပ်လုပ်တာပါ"ဟု Aroma မှ ကိုအောင်မြတ်သူက ပြောသည်။ အဆိုပါဝတ်စုံများ ပြပွဲတွင် မြင်တွေ့နေကျ မြန်မာ့ရိုးရာဝတ်စုံများကို ဒီဇိုင်းပုံစံအသစ်များဖြင့် ဖန်တီးချုပ်လုပ်၍ ပြသမည်ဖြစ်ကြောင်း၊ ရိုးရာဝတ်စုံများကို ဆန်းသစ် ချုပ်လုပ်ရာတွင် ရှေးခေတ်လက်ရာများကိုလည်း မပျောက်ပျက်အောင် ခေတ်မလွန်အောင် ချုပ်လုပ်ပြသရကြောင်း ၎င်းက ဆက်ပြောသည်။ "ကျွန်တော်တို့က မြန်မာတွေဆိုတော့ မင်္ဂလာဆောင်တွေမှာ အနောက်တိုင်းဝတ်စုံဝတ်တာ နည်းပါတယ်၊ ညဘက် Dinner လောက်သာ ဝတ်ကြတာပေါ့နော်၊ မြန်မာ့ရိုးရာ မင်္ဂလာဝတ်စုံကို ဖန်တီးတဲ့အခါ ဘောင်တစ်ခုထဲကနေ လုပ်ရပါတယ်၊ လုပ်တဲ့အခါမှာလည်း အခက်တွေ့စရာတွေ အများကြီးရှိပါတယ်၊ တစ်ခါတလေဆို လှစေချင်တဲ့စိတ်နဲ့ စေတနာအမှားလုပ်မိတာတွေလည်း ရှိတာပေါ့နော်၊ အဲဒီအခါ နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်"ဟု ၎င်းက ဆိုသည်။




**ကိုလင်း**

# သူစိမ်းအိမ် ဇာတ်ကားကြီးအတွက် အကြိုခံစားမှု

Good Old Days ရုပ်ရှင်ထုတ်လုပ်ရေးမှ ပွဲဦးထွက် ထုတ်လုပ် ရိုက်ကူးပြီး ဒါရိုက်တာ ထူးပိုင်ဇော်ဦး ဖန်တီးရိုက်ကူးထားသည့် သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၁ ရက်တွင် ရုံတင်ပြသတော့မည်ဖြစ်ကာ ဇာတ်လမ်းအမျိုးအစားမှာ ထိတ်လန့်ချောက်ခြားဖွယ် လူသတ်အက်ရှင် ဇာတ်လမ်းအမျိုးအစားဖြစ်သည်။ အဆိုပါရုပ်ရှင် Press show ကို ပြီးခဲ့သည့်ရက်ပိုင်းက ပြသခဲ့ရာ ရုပ်ရှင်အကြိုခံစားမှုအနေဖြင့် ဖော်ပြလိုက်ပါသည်။

ဇာတ်လမ်းအစတွင် နွေဦး(ဖွေးဖွေး)နှင့် သူငယ်ချင်း ကေသီတို့ နှစ်ဦး မန္တလေးမှ ရန်ကုန်သို့ အလည်အပတ်ရောက်လာခဲ့ကြပြီး လူမှုကွန်ရက်ပေါ်တွင် ခင်မင်နေသော မြ(ကူးကူးဇင်အောင်)က သူ့အိမ်တွင်လိုက်၍ တစ်ညတာ တည်းခိုအိပ်စက်ရန် ပြောသောကြောင့် နွေဦးနှင့် ကေသီတို့ မြအိမ်သို့ လိုက်သွားခဲ့ကြသည်။ အိမ်အရောက်တွင် မြက သူ၏ ညဝတ်ဝတ်စုံများကိုပေးပြီး နွေဦးတို့အတွက် ပြင်ဆင်စရာရှိသည်များကို သွားရောက်ပြင်ဆင်ရန်ဟုပြောကာ ခဏတာ ပျောက်သွားခဲ့သည်။ ထိုအချိန်အတွင်း နွေဦးအနေဖြင့် အိမ်ထဲ၌ ရေခဲသေတ္တာရှိသည့်နေရာကို ရှာဖွေရင်း မသင်္ကာဖွယ်ရာများကို တွေ့ရှိလာရသည်။ ထို့အပြင် အိမ်ခန်းတစ်ခန်းထဲတွင် စိတ်ချောက်ချားနေသည့် အမျိုးသမီးတစ်ဦးကိုလည်း နွေဦးတွေ့ခဲ့ရသည်။

ထိုအချိန်တွင် အိမ်ခန်းထဲသို့ စားစရာများနှင့်အတူ မြ ပြန်ရောက်လာပြီး အိပ်ပျော်သွားကြသည်။ ညဘက်တွင် ထိုအိမ်သို့ ဦးနေအောင်(လွင်မိုး)နှင့် ဒေါ်ရင်ရင်(ထွန်းအိန္ဒြာဗို)တို့ ရုတ်တရက် ရောက်လာကြသော်လည်း နွေဦးတို့အား ပြန်အိပ်ကြရန်ပြောသောကြောင့် နွေဦးနှင့် ကေသီတို့ ပြန်အိပ်စက်ရသည်။ မနက်လင်းလျှင် ပြန်မည်ဟု စိတ်ကူးထားသော နွေဦးနှင့် ကေသီတို့အား မြက ပြန်လိုက်ပို့ပေးရန် ပြင်ဆင်သည်။ သို့သော် ညက နွေဦးတွေ့ခဲ့သော မြ၏အဒေါ် စိတ် မနှံ့သူကြောင့် မပြန်နိုင်ဘဲ နွေဦးနှင့် ကေသီတို့ မြအိမ်သို့ ပြန်လိုက်ခဲ့ရကာ ဦးနေအောင်နှင့် ဒေါ်ရင်ရင်တို့ကလည်း သူတို့၏သားဖြစ်သူ၏ မွေးနေ့တွင် ပါဝင်ဆင်နွှဲပြီး အိမ်တွင်ညစာစားပြီးမှပြန်ရန် ပြောဆိုသည်။

ထို့ကြောင့် နွေဦးနှင့် ကေသီတို့မှာ အားနာပြီး မပြန်နိုင်ဘဲ နွေဦး၏သူငယ်ချင်းဖြစ်သူ ချာလီကို လာခေါ်ရန် အကြောင်းကြားခဲ့သည်။ ခေါ်ထားသော်လည်း ချာလီက မအား၍ ရှိန်းတင်ထူးကို လွှတ်လိုက်သည်။ ရှိန်းတင်ထူးရောက်လာပြီးနောက်တွင် ဦးနေအောင်နှင့် ဒေါ်ရင်ရင်တို့က အိမ်ထဲသို့ခေါ်၍ သားဖြစ်သူ၏ မွေးနေ့တွင် ပါဝင်ရန် ဖိတ်ခေါ်သည်။ ထမင်းစားပွဲတွင် လူမရှိသောနေရာလွတ်၌ လူတစ်ယောက်ရှိသလို ထမင်းကျွေး၊ ထမင်းထည့်ပေး၊ စကားတွေပြောနေကြသော ဦးနေအောင်နှင့် ဒေါ်ရင်ရင်တို့အား နွေဦး၊ ကေသီနှင့် ရှိန်းတင်ထူးတို့မှာ ထိတ်လန့်လာပြီး အရူးဟုစွပ်စွဲပြောဆိုစဉ် ဦးနေအောင်က ရှိန်းတင်ထူးအား ဓားနှင့် အချက်ပေါင်းများစွာထိုးပစ်လိုက်ရာ ရှိန်းတင်ထူးမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားတော့သည်။

ထို့နောက်တွင် စိတ်မနှံ့သော ဦးနေအောင်၊ ဒေါ်ရင်ရင်နှင့် မြတို့၏ လက်မှ နွေဦးနှင့် ကေသီတို့ လွတ်မြောက်ကြမည်လား၊ သူငယ်ချင်းဖြစ်သူ ချာလီက နွေဦးနှင့် ကေသီတို့အား ကယ်တင်နိုင်မည်လား၊ ညပိုင်းက နွေဦးတွေ့ခဲ့သော မြ၏အဒေါ် စိတ်မနှံ့သူဟုဆိုသည့် အမျိုးသမီးကြီးကလည်း မည်သည့် လျှို့ဝှက်ချက်များ ရှိနေသလဲ စသည်တို့ကို သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားတွင် ဆက်လက်ကြည့်ရှုနိုင်ကြမည်ဖြစ်သည်။

သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အကယ်ဒမီလွင်မိုး၊ ဂျိုကာ၊ ချာလီ၊ ရှိန်းတင်ထူး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ အကယ်ဒမီ လင်းဇာနည်ဇော်၊ အကယ်ဒမီဖွေးဖွေး၊ မြတ်နိုးအေး၊ ကူးကူးဇင်အောင်၊ မော်ရီလုဆန်း စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကာ ဒါရိုက်တာအနေဖြင့် 'ည' ရုပ်ရှင်ဇာတ်ကားဖြင့် နာမည်ကြီးခဲ့သော လူငယ်ဒါရိုက်တာ ထူးပိုင်ဇော်ဦးက ရိုက်ကူးထားသည်။


သူစိမ်းအိမ်ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

**ကိုလင်း**

## မြင်းမူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာသို့ ရေသန့်များလှူဒါန်း

**မြင်းမူ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း ယခင်ရက်များက ဧရာဝတီမြစ် ရေကြီးရေလျှံခဲ့ပြီးနောက် ယခုရက်ပိုင်းတွင် ရေပြန်ကျသွားပြီဖြစ်သော်လည်း မြစ်ကမ်းအနီးရှိ ကျေးရွာအချို့၌ ရေများကျန်ရှိနေဆဲဖြစ်ကာ သောက်သုံးရေအတွက် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများတွင် သောက်သုံးရေအခက်အခဲမဖြစ်စေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သောက်ရေသန့်များ လှူဒါန်းလျက်ရှိရာ ဇူလိုင်လ စတုတ္ထပတ်က သောက်ရေခက်ခဲနေသော ရွာတစ်ရွာဖြစ်သည့် လက္ကပင်ကျေးရွာသို့ သောက်ရေသန့်များ သွားရောက်လှူဒါန်းခဲ့ကြောင်း၊ လက္ကပင်ကျေးရွာတွင် အိမ်ခြေ ၃၃၃ အိမ်ရှိပြီး လူဦးရေ ၁၅၀၀ နီးပါးရှိရာ ရေကြီးစဉ်က အိမ်များအားလုံးသို့ ရေဝင်ခဲ့သော်လည်း ယခုအခါ အိမ်ခြေ ၆၆ အိမ်တွင်သာ ရေများကျန်ရှိတော့ကြောင်း၊ အဆိုပါအိမ်များအတွက် လီတာ ၂၀ သောက်ရေသန့်ဘူးကြီး ၁၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်း ဇူလိုင် ၁၇ ရက်မှစ၍ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ဇူလိုင် ၂၂ ရက်မှစ၍ ရေပြန်ကျသွားခဲ့သည်။ မြစ်ရေများ ကျဆင်းသွားပြီဖြစ်သော်လည်း မြစ်ကမ်းအနီးရှိ ကျေးရွာအချို့တွင် ရေများကျန်နေခဲ့သဖြင့် သောက်ရေသန့်ရရန် အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် သောက်ရေအခက်အခဲရှိသော ကျေးရွာများအတွက် ရေများ ဆက်လက်လှူဒါန်းပေးရန် စီစဉ်ထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လှိုင်ဝင်းဝင်းမြတ်ထံမှ သိရသည်။

**အောင်စိုးဇေ (မြင်းမူ)**



မြင်းမူမြို့နယ်မှ ရေဘေးသင့်ကျေးရွာသို့ ရေသန့်များလှူဒါန်းစဉ်။

## အခွန်ကောက်ခံမှုဆိုင်ရာ အသိပေးရှင်းလင်း

**ကျိုက်ထို ဇူလိုင် ၂၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဖုန်းဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များ၊ ဝန်ဆောင်မှုပေးသည့်ဆိုင်များအနေဖြင့် ငွေရပြေစာများပေါ်တွင် အခွန်တံဆိပ် ကပ်နှိပ်ရောင်းချရန် အသိပေးရှင်းလင်းပွဲကို ဇူလိုင်လ စတုတ္ထပတ်က ပြုလုပ်ခဲ့သည်။

မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည့် ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်က နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိရန် ဖုန်းနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များသည် (မည်သည့်ဟန်းဆက်ကိုမဆို) ရောင်းချပါက နောက်ဆုံးဝယ်ယူသူလက်ရောက် ရောင်းချဈေးမှ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ကောက်ခံပြီး ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ၏ စက္ကူဘူးခွံပေါ်ရှိ IMEI စတစ်ကာနှင့် အနီးဆုံး သင့်တော်သည့်နေရာတွင် တစ်ပါတည်း တံဆိပ်ခေါင်းကပ်၍ ရောင်းချသွားကြရန်နှင့် အခွန်ပြေစာ အမှတ်တံဆိပ်များကို လုပ်ငန်းရှင်များထံ အချိန်နှင့်တစ်ပြေးညီ လုံလောက်စွာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အခွန်အကြောင်း သိလိုသည်များကို မေးမြန်းခဲ့ကြပြီး လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**၀၀၇**

## ကလေးမြို့တွင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်လှစ်

**ကလေး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဇီလာရပ်ကွက်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ကြီးကို ယနေ့ နံနက်ပိုင်းက ဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဆရာ ဦးကျော်သိန်းဌေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ကုသရေး) ဆရာဦးသန်းညွှန့်နှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုမှာ တိုင်းရင်းဆေးရုံ ရှစ်ရုံ၊ ခရိုင်အဆင့် တိုင်းရင်းဆေးကုသဌာန ငါးဌာန၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၀ ဌာနဖြင့် တိုင်းရင်းဆေးပညာကို အသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှုကို ကုသမှုပေးနေကြောင်း ပြောကြားသည်။

ကလေးမြို့ တိုင်းရင်းဆေးရုံသစ်ကြီးကို မြေအကျယ်အဝန်း ၃ ဒသမ ၀၃ ဧကပေါ်တွင် အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ သန်းဖြင့် ဆောက်လုပ်ခဲ့ပြီး တိုင်းရင်းဆေးရုံတွင် လေဖြတ်၊ လေငန်းရောဂါ၊ ဒူးနာ၊ ခါးနာရောဂါ၊ အဆစ်ရောင်ရောဂါ၊ ဇက်ကျီးပေါင်း၊ ခါးကျီးပေါင်းရောဂါ၊ ခါးအာရုံကြောညပ်ရောဂါ၊ ခြေလက်ထုံကျဉ်ခြင်းရောဂါ၊ အနာပေါက်ရောဂါ၊ သွေးတိုး၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ ကလေးသူငယ်နာရောဂါ၊ ထိခိုက်ဒဏ်ရာရောဂါများနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မြန်မာစကားသမိုင်းအတွက် (၂)

**မောင်ခင်မင် (ဓနုဖြူ)**

"မြန်မာစာပေါ်ပေါက်ချိန်ကစတဲ့ မြန်မာစကားသမိုင်းကိုလေ့လာမယ်ဆိုရင် ဘာကို အကိုးအကားအထောက်အထား လုပ်ကြမလဲ။ သားရော၊ သမီးရော စဉ်းစားကြည့်စမ်းပါ"

"ဆရာ၊ စာအရေးအသားကိုပဲ အကိုးအကား လုပ်ရမယ်ထင်ပါတယ်"

"သမီးလည်း အဲဒီလိုပဲ ထင်ပါတယ်ဆရာ"

"အေးပေါ့။ စာအရေးအသားက အခိုင်အမာရှိနေတဲ့ အထောက်အထားပဲလေ။ စာအရေးအသားကို အကိုးအကားလုပ်ရမှာပေါ့။ ဒီတော့ မြန်မာစာအရေးအသား ဘယ်တုန်းကစပေါ်တယ်လို့ မင်းတို့နားလည်ထားသလဲ"

"၁၂ ရာစုအစပိုင်းမှာ စပေါ်တယ်လို့ မှတ်သားရပါတယ် ဆရာ။ မြစေတီ-ရာဇကုမာရ်ကျောက်စာကို သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံးမြန်မာစာအဖြစ် သတ်မှတ်ကြပါတယ်"

"ဟုတ်ပါပြီ။ မြစေတီကျောက်စာခေါ်ခေါ်၊ ရာဇကုမာရ်ကျောက်စာခေါ်ခေါ်၊ မြင်းကပါဂူပြောက်ကြီးကျောက်စာခေါ်ခေါ်၊ အဲဒီကျောက်စာကို သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံးမြန်မာစာအဖြစ် ပညာရှင်အများ သဘောတူကြပါတယ်။ ဒီနေရာမှာ 'သက္ကရာဇ်အခိုင်အမာပါတယ်' ဆိုတဲ့ အချက်ဟာ အရေးကြီးတယ်။ ဘာဖြစ်လို့ ဒီစကားထည့်ရတယ်ထင်သလဲ"

"ရာဇကုမာရ်ကျောက်စာထက် စောတယ်လို့ ယူဆရတဲ့ အရေးအသားတွေရှိပေမယ့် သက္ကရာဇ်အခိုင်အမာမပါတော့ ပိုစောတယ်လို့ ပြောဖို့ခက်နေတယ်လို့ မှတ်သားရပါတယ် ဆရာ"

"ဟုတ်ပါတယ်။ ကျောက်စာတွေရဲ့ အက္ခရာပုံသဏ္ဌာန်တို့၊ စာလုံးပေါင်းပုံတို့ကြည့်ရင် ရာဇကုမာရ်ကျောက်စာထက် ပိုစောတယ်လို့ဆိုနိုင်တဲ့ ကျောက်စာတွေ ရှိပါတယ်။ ဒါပေမယ့် တချို့က သက္ကရာဇ်မပါဘူး။ သက္ကရာဇ်ပါတဲ့ ကျောက်စာကျတော့လည်း မူလထိုးမဟုတ်တဲ့ နောက်မှထိုးတဲ့၊ ဆင့်ထိုးကျောက်စာဖြစ်မယ်လို့ ပညာရှင်တွေ သံသယဖြစ်ကြတာလည်း ရှိတယ်"

"ဟုတ်ကဲ့ပါ"

"အဲ... သက္ကရာဇ်မပါပေမယ့် ရာဇကုမာရ်ကျောက်စာထက် စောတယ်လို့ အခိုင်အမာပြောနိုင်တဲ့ မြန်မာစာအထောက်အထား နှစ်ခုရှိတယ်ကွဲ့"

"ဟင်...ဟုတ်လား ဆရာ"

"ဟုတ်တယ်။ တစ်ခုက ကျန်စစ်သားမင်းလက်ထက်ရေးထိုးတဲ့ မြကန်မွန်ကျောက်စာထဲမှာ ထည့်ရေးထားတဲ့ မြန်မာစာပဲ။ 'မဟာနိဗ္ဗာန လက်ဆုယ်ခိရိယ်' ဆိုတဲ့ စာသားပေါ့။ ခုခေတ်စာလုံးပေါင်းနဲ့ဆိုရင် 'မဟာနိဗ္ဗာန်လက်ဆွဲချီရေ' ပေါ့ကွယ်။ မြကန်ရဲ့ နာမည်လေ။ နိဗ္ဗာန်ကို လက်နဲ့ဆွဲတင်မယ့် ရေကန်လို့ ဆိုလိုတာပေါ့"

"ဪ... ဟုတ်ကဲ့ပါ"

"မြကန်ကျောက်စာက မွန်ဘာသာနဲ့ ရေးထားတာလေ။ ကျန်စစ်သားလက်ထက် ရေးထိုးတာဆိုတော့ ရာဇကုမာရ်ကျောက်စာထက်စောတာ သေချာတာပေါ့။ များများစားစားမဟုတ်ပေမယ့် ညှပ်ရေးထားတဲ့ အဲဒီမြန်မာစာဟာ ရာဇကုမာရ်ကျောက်စာထက် စောတယ်ဆိုတာ သေချာတယ်လေ"

"ဟုတ်ကဲ့ပါ။ နောက်သာဓကတစ်ခုဆိုတာက"

"မကြာခင်က ဖော်ထုတ်တွေ့ရှိတဲ့ မြစ်သားကျောက်စာပေါ့။ စောလူးမင်းလက်ထက်ရေးထိုးတဲ့ မွန်ကျောက်စာလေ။ သက္ကရာဇ်လည်းပါတယ်။ အဲဒီထဲမှာ 'မွှစ်သာဂေါးယ်' ဆိုပြီး 'မြစ်သား' ဆိုတဲ့ မြန်မာစာလုံးညှပ်ရေးထားတယ်။ မွန်စာထဲမှာ ညှပ်ထားတာ မြန်မာစာတစ်လုံးပဲ ပါပေမယ့် ဒါလည်း ရာဇာကုမာရ်ကျောက်စာထက်စောတာ သေချာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အခုပြောတဲ့ သာဓကနှစ်ခုက စာလုံးများများ မပါပေမယ့် ပြောနိုင်တာက စောလူးမင်းလက်ထက်မှာကတည်းက မြန်မာစာရေးနေပြီ၊ အရေးအသားလည်း ပုံစံကျနေပြီလို့ မှန်းနိုင်တာပေါ့။ ဒါဆိုရင် ပုဂံကို ပိဋကတ်တော်တွေရောက်လာတဲ့ အနော်ရထာမင်းလက်ထက်ကတည်းက မြန်မာစာအရေးအသားတီထွင်ဖို့ ကြိုးပမ်းနေပြီလို့ ဆိုနိုင်တာပေါ့ကွယ်။ နောက်ထပ် အထောက်အထားတွေ ပေါ်လာနိုင်သေးတာပေါ့"

"စိတ်ဝင်စားစရာပါ ဆရာ။ မှတ်သားထားပါ့မယ်"

"ကဲ...ဒီတော့ စကားဆက်ရအောင်။ စာအရေးအသားတစ်ခုပေါ်စမှာ စကားသံနဲ့ စာအရေးအသားဟာ ကွာဟမှု မရှိဘူးလို့ ပညာရှင်တွေပြောကြတယ်။ ဒီအယူအဆကို ဘယ်လိုနားလည်ကြသလဲ"

"သမီး ပြောကြည့်ပါမယ်။ စာအရေးအသား စတီထွင်ရင် စကားသံတွေကို မူတည်ပြီး ဘယ်အသံကို ဘယ်စာလုံးနဲ့ရေးမယ်ဆိုပြီး တီထွင်မယ်လို့ ထင်ပါတယ်။ အဲဒီလိုဆိုရင် စကားသံနဲ့ စာဟာ ကွာဟစရာ မရှိနိုင်ပါဘူး ဆရာ"

"ဟုတ်ပါပြီ။ သမီးပြောတာ သဘာဝကျပါတယ်။ ကဲ... ခုသမီးတို့ကို စာအရေးအသားမရှိသေးတဲ့ ဘာသာစကားတစ်ခုအတွက် စာတီထွင်ပေးပါလို့ တာဝန်ပေးတယ်ဆိုပါတော့ ဘယ်လိုတီထွင်ကြမလဲ"

"သမီးပြောသလိုပဲ၊ အဲဒီစကားမှာ ပြောတဲ့စကားသံတွေကို နားထောင်မှတ်သားပြီး ဘယ်အသံကို ဘယ်လိုရေးမယ်ဆိုပြီး စာလုံးတွေ တီထွင်ရမယ် ထင်ပါတယ် ဆရာ"

"အဲဒီလိုပဲ တီထွင်ရမှာပေါ့။ ဒီအသံကို ဒီစာလုံးနဲ့ ရေးမယ်၊ ဒီစာလုံးကို ဒီအသံထွက်မယ်ဆိုပြီး သတ်မှတ်ရမှာဆိုတော့ စကားနဲ့ စာလုံးအက္ခရာနဲ့ ကွာဟမှုရှိမှာ မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ ဆရာ"

"ဒီလိုဆိုရင် မြန်မာစာအရေးအသားပေါ်စမှာ ပြောတဲ့ စကားသံနဲ့ ရေးတဲ့စာနဲ့ ကွာဟစရာ၊ ကွဲပြား

**"ပုဂံကျောက်စာတွေမှာ 'နိယ်၊ သိယ်၊ လိယ်' ဆိုတဲ့ စာလုံးတွေ တွေ့မှာပေါ့။ ခုခေတ်မှာ ဘယ်လိုရေးပါလိမ့်" " 'နေ၊ သေ၊ လေ' လို့ ရေးပါတယ် ဆရာ" "ဟုတ်တယ်။ ခုခေတ်မှာ 'နေ၊ သေ၊ လေ' လို့ ရေးပြီး အသံထွက်တော့လည်း /နေ/ /သေ/ /လေ/ လို့ အသံထွက်တယ် မဟုတ်လား" "ဟုတ်ပါတယ် ဆရာ" "ဒီလိုဆိုရင် ခုခေတ် 'နေ' ဆိုတဲ့ စာလုံးကို ပုဂံခေတ်က 'နိယ်' လို့ ရေးတာဆိုတော့ အသံထွက်ရာမှာလည်း သရသံကို 'လုံးကြီးတင်ယသတ်' နဲ့ နီးစပ်တဲ့ အသံထွက်လိမ့်မယ်လို့ မှန်းဆရတာပေါ့ကွယ်"**

စရာ ရှိမှာ မဟုတ်ဘူးလေ။ ပြောတဲ့အတိုင်း ရေးပြီး ရေးတဲ့အတိုင်း ပြောမှာပဲလို့ ခန့်မှန်းနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ... ဒီတော့ မြန်မာစာပေါ်စက မြန်မာစကားကို လေ့လာမယ်ဆိုရင် အဲဒီမြန်မာစာကို ခိုင်မာတဲ့ အထောက်အထားအဖြစ် အားကိုးလို့ ရတာပေါ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ မြန်မာစကားသမိုင်းကို လေ့လာရာမှာ ရောရောထွေးထွေးမဖြစ်အောင် ဘာသာစကားတစ်ခုရဲ့ အစိတ်အပိုင်းတွေအတိုင်း လေ့လာကြည့်တာပေါ့။ ဘာသာစကားတစ်ခုကိုလေ့လာရင် ဘယ်အစိတ်အပိုင်းကစပြီး လေ့လာလေ့ရှိသလဲ"

"စကားသံပါ ဆရာ။ စကားသံက စလေ့လာပါတယ်"

"ဟုတ်ပါပြီ။ အဲဒီလိုဆိုရင် ပုဂံခေတ်မြန်မာစာပေါ်စက မြန်မာစကားသံတွေကို စာအထောက်အထားအရ လေ့လာရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"တစ်ခုတော့ရှိတာပေါ့။ ပုဂံခေတ်က မြန်မာတွေ စကားပြောတဲ့အသံကိုတော့ တိတိကျကျ ဘယ်သိနိုင်ပါတော့မလဲ။ အဲဒီတုန်းက အသံသွင်းစက်တွေ ဘာတွေလည်း ပေါ်မှ မပေါ်သေးတာလေ။ ဒီတော့ စာအရေးအသားကိုပဲ အားကိုးပြီး စာအရေးအသားကတစ်ဆင့် စကားသံကို အနီးစပ်ဆုံး ခန့်မှန်းကြည့်ရုံပဲ တတ်နိုင်တာပေါ့။ နောက်တစ်ခုပြောနိုင်တာက ပုဂံခေတ်က စာလုံးတချို့က အခုအထိ အပြောင်းအလဲ မရှိဘူးလေ။ အဲဒီစာလုံးတွေကို အခုလည်း အသံထွက်ပြီး ဖတ်နိုင်တာဆိုတော့ ပုဂံခေတ်တုန်းကလည်း အဲဒီလိုပဲ အသံထွက်ခဲ့လိမ့်မယ်လို့ ယူဆနိုင်တာပေါ့"

"ဟုတ်ကဲ့။ ဘယ်စာလုံးမျိုးတွေလဲ ဆရာ"

"ဆိုပါစို့ကွယ်။ ရာဇကုမာရ်ကျောက်စာကစပြီး အစောပိုင်းကျောက်စာတွေကိုကြည့်ရင် 'နှစ်၊ ထောင်၊ ခြောက်၊ မည်၊ တန်ဆာ၊ မိန်(မိန့်)၊ နောင်၊ ငါ' ဆိုတဲ့ စာလုံးတွေဟာ ခုအထိ မပြောင်းလဲဘူး၊ အသံလည်း ဒီလိုပဲထွက်တယ်ဆိုတော့ ဒီစကားလုံးတွေကို ပုဂံခေတ်တုန်းကလည်း ဒီလိုပဲ အသံထွက်ခဲ့လိမ့်မယ်လို့ ဆိုနိုင်တာပေါ့။ ဒါ စာလုံးတချို့ကောက်ပြီး နမူနာပြတာပါ"

"ဟုတ်ကဲ့၊ နားလည်ပါတယ် ဆရာ"

"ဒီတော့ အခုနဲ့မတူတော့တဲ့ စာလုံးပေါင်းပုံ ရေးပုံတွေကို ကြည့်ရင်လည်း အဲဒီစာလုံးတွေကို ပုဂံခေတ်က ဘယ်လိုအသံထွက်ခဲ့မယ်ဆိုတာ ခန့်မှန်းနိုင်တာပေါ့။ အဲ... စကားသံလေ့လာရင် အခြေခံကျတဲ့ အသံနှစ်မျိုးကို ခွဲပြီးလေ့လာရမယ် မဟုတ်လား။ ဘာတွေပါလိမ့်ကွယ်"

"သရသံနဲ့၊ ဗျည်းသံပါ ဆရာ"

"ဟုတ်ပါပြီ။ ဒီတော့ သရသံတွေကို အရင်လေ့လာကြည့်ရအောင်။ ခုနပြခဲ့တဲ့ သာဓကတွေမှာတော့ သရသံတွေ အခုထိ အပြောင်းအလဲ မရှိဘူးဆိုတာ တွေ့မှာပေါ့။ 'နှစ်' တို့၊ 'ထောင်' တို့၊ 'ငါ' တို့မှာပါတဲ့ သရသံတွေ ကြည့်လေ။ အဲ... ခုခေတ်နဲ့ မတူတဲ့သရသံတွေကိုလည်း စာကိုကြည့်ပြီး သိနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ သာဓကတချို့ ကြည့်ရအောင်။ ပုဂံကျောက်စာတွေမှာ 'နိယ်၊ သိယ်၊ လိယ်' ဆိုတဲ့ စာလုံးတွေ တွေ့မှာပေါ့။ ခုခေတ်မှာ ဘယ်လိုရေးပါလိမ့်"

" 'နေ၊ သေ၊ လေ' လို့ ရေးပါတယ် ဆရာ"

"ဟုတ်တယ်။ ခုခေတ်မှာ 'နေ၊ သေ၊ လေ' လို့ ရေးပြီး အသံထွက်တော့လည်း /နေ/ /သေ/ /လေ/ လို့ အသံထွက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီလိုဆိုရင် ခုခေတ် 'နေ' ဆိုတဲ့ စာလုံးကို ပုဂံခေတ်က 'နိယ်' လို့ ရေးတာဆိုတော့ အသံထွက်ရာမှာလည်း သရသံကို 'လုံးကြီးတင်ယသတ်' နဲ့ နီးစပ်တဲ့ အသံထွက်လိမ့်မယ်လို့ မှန်းဆရတာပေါ့ကွယ်။ အသံထွက်ကို ရေးကြည့်ရင် /ဘိအယ်/ ဆိုတဲ့ အသံနဲ့ နီးစပ်မှာပေါ့။ သရကို အဲဒီလို အသံထွက်မယ်ဆိုရင် ဗျည်းတွေနဲ့ တွဲတဲ့အခါမှာလည်း /နိအယ်/ /သိအယ်/ /လိအယ်/ ဆိုတဲ့ အသံမျိုး အနီးစပ်ဆုံးထွက်မယ်လို့ မှန်းဆရတာပေါ့။ ဒါက သရသံ သာဓကတစ်ခုကို ပြောတာပါ"

"ဟုတ်ကဲ့။ ဆရာပြောပြလို့ အခုလိုစဉ်းစားနိုင်တယ်ဆိုတာ သဘောပေါက်လာပါတယ် ဆရာ။ ကျေးဇူးတင်ပါတယ်"

"ဒီလိုဆိုရင် ကျောက်စာလို ခေတ်ပြိုင်အထောက်အထားတွေကို ကိုးကားပြီး ပုဂံခေတ် မြန်မာစကားသံတွေကို ဘယ်လိုပုံဖော်ကြည့်နိုင်တယ်ဆိုတာ ဆက်စဉ်းစားကြတာပေါ့ကွယ်"

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏**
**ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၁ ခုနှစ်၊ လ ရက်**
**(၂၀၁၉ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **ဝန်ကြီး** ဆိုသည်မှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနကိုဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကိုဆိုသည်။

(င) **လွှတ်တော်** ဆိုသည်မှာသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကိုဆိုသည်။

(ဆ) **ကော်မတီသို့မဟုတ်အဖွဲ့** ဆိုသည်မှာ နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို စိစစ်ရန် လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ သို့မဟုတ် အဖွဲ့ကိုဆိုသည်။

## အခန်း(၂)
## နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို တင်သွင်းခြင်းနှင့် စိစစ်အကြံပြုခြင်း

၃။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံတော်၏ မူဝါဒ၊ ဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ ဘဏ္ဍာရေးကော်မရှင်ကချမှတ်ထားသော မူဘောင်အတွင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ရေးဆွဲပြုစုပေးသော နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို လွှတ်တော်သို့ နှစ်စဉ် မတ်လ ၇ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်။

၄။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၃ ပါ နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များကို စိစစ်ပြီးပါက ငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၅။ လွှတ်တော်သည် ပုဒ်မ ၄ ပါ ကော်မတီ သို့မဟုတ်အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင်ဆွေးနွေးပြီး အဆုံးအဖြတ်ရယူထားသော လျာထားချက်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့ ပြန်လည်ပေးပို့ရမည်။

### လျာထားချက်တင်သွင်းစဉ် ပူးတွဲပါရှိရမည့်အချက်များ

၆။ အစိုးရအဖွဲ့သည် လွှတ်တော်သို့ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်တင်သွင်းရာတွင် ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေ ငွေစာရင်းလျာထားချက်နှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အကျဉ်းချုပ်ဇယားများအပြင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်၊

(ခ) အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ၏ ရှင်းလင်းတင်ပြချက်တွင် အောက်ပါအချက်များပါဝင်ရမည်-

(၁) နှစ်လတ်ဘဏ္ဍာရေးလျာထားချက်၊

(၂) မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်၊

(၃) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် ပြည့်စုံသော ရှင်းလင်းဖော်ပြချက်များ၊

(၄) အစိုးရအဖွဲ့မှတာဝန်ပေးအပ်သူ၏ ယခင်နှစ် ရှင်းလင်းတင်ပြချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊

(၅) ဝန်ကြီးဌာနအလိုက် ယခင်နှစ်ရည်မှန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ကြွေးမြီအရပ်ရပ်အခြေအနေ တင်ပြချက်၊

(ဂ) ပြည်သူများ လွယ်ကူရှင်းလင်းစွာသိရှိစေနိုင်သည့် ဘတ်ဂျက်ဆိုင်ရာ အနှစ်ချုပ်ဖော်ပြချက်၊

(ဃ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းအစိုးရအဖွဲ့မှ ခွင့်ပြုထားသော မည်သည့်စီမံကိန်းကိုမဆို စီမံကိန်းအမျိုးအစားများ၊ ရင်းနှီးမြှုပ်နှံမှုများ နှင့် အခွန်ရငွေစာရင်းများ။

### နှစ်လတ်ဘဏ္ဍာရေးလျာထားချက်

၇။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်တင်ပြရာတွင် ယမန်နှစ်ဘဏ္ဍာရေးနှစ်၏ ရှေ့ပြေးအမှန်စာရင်း၊လက်ရှိဘဏ္ဍာရေးနှစ်၏ပြုပြင်ပြီးခန့်မှန်းခြေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေစာရင်း၊ ရှေ့လာမည့် ဘဏ္ဍာရေးနှစ်နှစ်နှစ်အတွက် မျှော်မှန်းချက်စာရင်းများကို လက်ရှိဘဏ္ဍာရေးနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များပါဝင်စေလျက် ဖော်ပြရမည်-

(က) ရငွေ၊

(ခ) သုံးငွေ၊

(ဂ) ဘတ်ဂျက်လိုငွေ၊

(ဃ) လိုငွေကိုဖြည့်ဆည်းခြင်း၊

(င) ကြွေးမြီလျာထားချက်။

၈။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကိုရေးဆွဲရာတွင် ရှေ့လာမည့် ဘဏ္ဍာရေးနှစ် နှစ်နှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် လျာထားသည့် ထောက်ပံ့ငွေနှင့် ချေးငွေများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကြိုတင်သိရှိနိုင်ရန် ထည့်သွင်းလျာထား ဖော်ပြရမည်။

၉။ အစိုးရအဖွဲ့သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရှင်းလင်းတင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊အခြေခံလျာထားအသုံးစာရင်း၊ရရှိသည့်ဘဏ္ဍာရေးအခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်တို့ကို ဖော်ပြရမည်။

### မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်

၁၀။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ မက်ခရိုစီးပွားရေးအခြေအနေဖော်ပြချက်နှင့် စပ်လျဉ်း၍ တင်ပြရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-

(က) စီးပွားရေးအခြေအနေနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ခြင်း၊

(ခ) ဂျီဒီပီ (GDP)တိုးတက်မှုနှုန်း၊

(ဂ) အစိုးရအဖွဲ့၏ဘဏ္ဍာရေးဆိုင်ရာအခြေအနေ၊

(ဃ) မက်ခရိုစီးပွားရေးအခြေအနေအလားအလာများ။

## အခန်း(၃)
## နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုတင်သွင်းခြင်းနှင့် စိစစ်အတည်ပြုခြင်း

၁၁။ အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ထောက်ပံ့ငွေအပါအဝင် ရေးဆွဲထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း လွှတ်တော်သို့ တင်သွင်းရမည်။

၁၂။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသို့မဟုတ် အဖွဲ့များက ပုဒ်မ ၁၁ ပါ နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို စိစစ်ပြီးပါကငွေကြေးဆိုင်ရာ သုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၁၃။ လွှတ်တော်သည် ပုဒ်မ ၁၂ ပါကော်မတီ သို့မဟုတ် အဖွဲ့များ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ပြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

### ဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိရမည့်အချက်များ

၁၄။ ပြည်ပချေးငွေနှင့်ထောက်ပံ့ငွေများကို ဝန်ကြီးဌာနအလိုက် ဖော်ပြရမည်။

၁၅။ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ပြည်တွင်းနှင့်ပြည်ပမှ ငွေချေးယူခြင်းအတွက် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပါအတိုင်းဆောင်ရွက်ရမည့်အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်ပြရာတွင် ထည့်သွင်းဖော်ပြရမည်။

၁၆။ အစိုးရအဖွဲ့သည် လွှတ်တော်သို့ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရာတွင် အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အရအသုံးခန့်မှန်းခြေငွေစာရင်း၊

(ခ) ဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် ပြည့်စုံသောရှင်းလင်းဖော်ပြချက်၊

## အခန်း(၄)
## တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်နှင့် ဥပဒေကြမ်းကိုတင်သွင်းခြင်း

၁၇။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးလျာထားချက်ကိုတင်သွင်းရန်ရှိပါက လွှတ်တော်သို့ နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းရမည်။

၁၈။ အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှရရှိသည့် ထောက်ပံ့ငွေအပါအဝင် နှစ်စဉ်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ထိုးထုတ်ပြန်ပြီးသည့်ရက်မှ ရုံးပိတ်ရက်မပါ သုံးရက်အတွင်း လွှတ်တော်သို့ တင်သွင်းရမည်။

### လျာထားချက်နှင့် ဥပဒေကြမ်းကို စိစစ်အကြံပြုခြင်းနှင့် အတည်ပြုခြင်း

၁၉။ လွှတ်တော် ဥက္ကဋ္ဌသည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် ဖွဲ့စည်းထားသောကော်မတီ သို့မဟုတ် အဖွဲ့များက ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၈ တို့ပါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးလျာထားချက်နှင့် ဥပဒေကြမ်းတို့ကိုစိစစ်ပြီးပါက ငွေကြေးဆိုင်ရာသုံးသပ်ချက်နှင့် ဥပဒေဆိုင်ရာသုံးသပ်ချက်တို့ကို လွှတ်တော်သို့ တင်ပြစေရမည်။

၂၀။ လွှတ်တော်သည် ပုဒ်မ ၁၉ ပါ ကော်မတီ သို့မဟုတ် အဖွဲ့များ၏တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင်ဆွေးနွေး၍ သဘောတူအတည်ပြုခြင်း၊ ပြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၅)
## အစီရင်ခံစာတင်သွင်းခြင်း

၂၁။ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ဝက်အစီရင်ခံစာကို နှစ်စဉ် မေလနောက်ဆုံးပတ်ထက် နောက်မကျစေဘဲ အစိုးရအဖွဲ့၏ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူဝန်ကြီးက လွှတ်တော်သို့ တင်ပြရမည်။

၂၂။ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှစ်ပတ်လည်အစီရင်ခံစာကို အစိုးရအဖွဲ့၏ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူဝန်ကြီးက လွှတ်တော်သို့ တင်ပြရမည်။

## အခန်း(၆)
## အထွေထွေ

၂၃။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

# မကွေး၌ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ဆောင်နေ



မကွေးမြို့ဈေးတစ်ဈေးမှ ဆိုင်များကို စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးနေစဉ်။

**မကွေး ဇူလိုင် ၂၆**
စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ကောင်းမွန်၍ အန္တရာယ်ကင်းသော အကျိုးစီးပွားများကို ဖော်ဆောင်နိုင်ရန် စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက် ဌာနဆိုင်ရာများပူးပေါင်း၍ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ အသိပညာပေးဆွေးနွေးဟောပြောမှု ၁၄၅၉ ကြိမ်၊ ကွင်းဆင်းစစ်ဆေးမှု ၄၀၂ ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှု ၂၂၄ ကြိမ်၊ သင်တန်း ခြောက်ကြိမ်၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ကော်မတီအစည်းအဝေး ၁၂ ကြိမ်၊ ခရိုင်ကော်မတီ အစည်းအဝေး ၅၃ ကြိမ်၊ ပညာပေးပြခန်း ဖွင့်လှစ်ပြသမှု ၃၂ ကြိမ်နှင့် အလုပ်ရုံဆွေးနွေးပွဲ လေးကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

“စားသုံးသူရဲ့ အခွင့်အရေးဟာ မှန်ကန်တဲ့သတင်းအချက်အလက် ရရမယ်။ ပြည့်စုံတဲ့ သတင်းအချက်အလက် ရရမယ်။ ကြိုမသိဘူးဆိုရင် စားသုံးသူမှာက သူ့အခွင့်အရေးကို ဆုံးရှုံးတာပဲ။ ဒီလိုမဖြစ်စေဖို့ စားသုံးသူတွေကို သူတို့အခွင့်အရေးတွေသိရှိအောင်၊ လုပ်ငန်းရှင်တွေကိုလည်း သူတို့တာဝန်တွေ သိရှိအောင် အသိပညာပေးမှုတွေ လုပ်ဆောင်နေပါတယ်”ဟု စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက ဆိုသည်။

၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် အမှတ်(၉) စားသုံးသူကာကွယ်ရေးဥပဒေအရ စီးပွားရေးလုပ်ငန်းရှင်များသည် ဝန်ဆောင်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို စားသုံးသူသိရှိစေရန် ကြိုတင်အသိပေးခြင်း၊ မှန်ကန်သော သတင်းအချက်အလက်၊ ပြည့်စုံသောဝန်ဆောင်မှုအဆင့်အတန်းနှင့်အညီ ပြည့်ဝစွာပေးခြင်း၊ စားသုံးသူ၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိခြင်း၊ အာမခံထားသော အချိန်ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း၊ စားသုံးသူနှင့် သဘောတူထားသည့် ဝန်ဆောင်မှုတန်ဖိုးအတိုင်း ပေးအပ်စေခြင်းတို့ကို အာမခံရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်သည် ကုန်ပစ္စည်းနှင့်ပတ်သက်၍ စားသုံးသူလက်ခံနိုင်သော အရည်အသွေး၊ အလေးချိန်၊ ဘေးအန္တရာယ်ကင်းရှင်းစေမှု၊ လိုအပ်ချက်တွင် သင့်လျော်မှု၊ နမူနာပစ္စည်းတွင် ဖော်ပြသည့်အတိုင်း တူညီစွာပါရှိမှု၊ အာမခံချက်ပေးထားသည့် ကာလအတွင်း အပိုပစ္စည်းရရှိနိုင်ခြင်း၊ ပြန်လည်ပြုပြင်နိုင်ခြင်း၊ လဲလှယ်နိုင်ခြင်း၊ ကုန်အညွှန်း အမှတ်အသားပါ ကြော်ငြာ၊ ကမ်းလှမ်းချက်၊ အရောင်းမြှင့်တင်ခြင်းတို့တွင် ပါဝင်သော ဖော်ပြချက်နှင့် ကိုက်ညီမှုရှိခြင်းတို့အပေါ် အာမခံရမည်ဖြစ်သည်။

ကုန်စည်၊ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ၊ နာမည်ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင်ဆိုင်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ဥပဒေနှင့်မညီသော ထိခိုက်မှု ဖြစ်ပေါ်လာလျှင် စားသုံးသူရေးရာဦးစီးဌာန၏ DOCA Myanmar အပလီကေးရှင်းနှင့် ဝက်ဘ်ဆိုက် www.doca.gov.mm တို့မှ တိုင်ကြားနိုင်ကြောင်း၊ ယင်းသို့တိုင်ကြားရာတွင် နစ်နာသည့် စားသုံးသူကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များ၊ ဆက်နွှယ်သောပုဂ္ဂိုလ်များ၊ အစိုးရဌာန အဖွဲ့အစည်းများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များက တိုင်ကြားခွင့်ရှိကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ပုသိမ်မြို့ ရေသန့်ပေးဝေရေးစီမံကိန်းအကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ရှင်းလင်း

**ပုသိမ် ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဆောင်ရွက်နေသည့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်းနှင့် ပတ်သက်၍ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက် သန့်ရှင်းသာယာရေးကော်မတီများသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီက အသိပေးရှင်းလင်းပွဲကို ဇူလိုင် ၂၅ ရက်က ရေပေးဝေရေးလုပ်ငန်းတည်ရှိရာ မရမ်းချောင်းကျေးရွာ ကြိုးတံတားအနီး ရှင်းလင်းဆောင်၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးဇော်ထွန်းခိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းနှင့် ဦးအောင်သူထွေး၊ စည်ပင်အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းဝင်းတို့က ရေပေးဝေရေးလုပ်ငန်းနှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်းပါဝင်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရေပေးဝေရေးစီမံကိန်းကို ၂၀၁၇ ခုနှစ်မှစတင် အကောင်အထည်ဖော်ခဲ့ရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မြို့ပေါ်ရပ်ကွက်များသို့ ရာနှုန်းပြည့် ရေသန့်များ ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ တစ်ရက်လျှင် ရေသန့်ဂါလန်ပေါင်း ၄ ဒသမ ၅ သန်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ရေရရှိသောရပ်ကွက်များတွင် နေအိမ်ရှိရေပိုက်ခေါင်းကို ဖွင့်လိုက်ရုံဖြင့် ရေသန့်ရရှိအောင် ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါ စီမံကိန်းကို JICA ODA ချေးငွေ ကျပ် ၁၇ ဘီလျံဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် ရပ်ကွက် ၃၊ ၁၁၊ ၁၃ နှင့် ၁၅ တို့ကို ချန်လှပ်ထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


ရေသန့်ပေးဝေရေးစီမံကိန်း အကောင်အထည်ဖော်နေသည့်လုပ်ငန်းခွင်တစ်ခု

ယခုစီမံကိန်းသည် ငဝန်မြစ်ရေကို ရာနှုန်းပြည့် ရေသန့်ဖြစ်သည်အထိ သန့်စင်ပြီး ရပ်ကွက်နေပြည်သူများအတွက် ဖြန့်ဖြူးပေးသွားမည့် စီမံကိန်းဖြစ်ကြောင်း၊ ပုသိမ်မြို့တွင် ယခင်က မြေအောက်ရေ တူးဖော်သုံးစွဲကြရာတွင် ရေကောင်းရေသန့်လည်း မရရှိကြောင်း၊ ထို့အပြင် မြေအောက်ရေသုံးစွဲမှု များပြားလာပြီး အချိန်ကြာလာပါက အထပ်မြင့်အဆောက်အအုံများ အန္တရာယ်နှင့် ကြုံတွေ့လာနိုင်ကြောင်း၊ ထို့ကြောင့် စီမံကိန်းအရ ရေပိုက်လိုင်းများ သွယ်တန်းရာတွင် ရပ်ကွက်နေပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးကြရန် လိုအပ်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ယခုစီမံကိန်းကို မြေအောက်ရေသုံးစွဲမှု လျှော့ချရေးနှင့် ရေကောင်းရေသန့် ရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပွဲတွင် တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲ ရွှေတောင်မြို့၌ ပြုလုပ်

**ရွှေတောင် ဇူလိုင် ၂၆**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ယောဒေါင့်ကျေးရွာမှ ပြည်သူများအား ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကို ဇူလိုင် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က မြစ်ရေကြီးလျှင် ဖြစ်ပွားနိုင်သော တာပေါ်ရေကျော်မှုများ၊ တာအိကျမှုများ၊ ထူးပေါက်မှုများနှင့် သဲဗွက်ထမှုများအကြောင်းနှင့် သတိပြုရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဒေသခံပြည်သူများအား အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေဘေးအန္တရာယ် ဖြစ်ပွားလာပါက ပြည်သူများအနေဖြင့် လက်တွေ့လုပ်ဆောင်ကြရမည့် အချက်များကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မီးသတ်ဝန်ထမ်းများက ပြည်သူများအား လက်တွေ့သရုပ်ပြခဲ့ကြသည်။ **ဗထူး**

# မိုးညှင်းဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများအား HIV/AIDS အကြောင်း အသိပညာပေးဟောပြော

**မိုးညှင်း ဇူလိုင် ၂၆**
မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနတို့ ပူးပေါင်း၍ မိုးညှင်းဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများအား HIV/AIDS အကြောင်း အသိပညာပေးဟောပြောပွဲနှင့် ဖျော်ဖြေပညာပေးသည့် အခမ်းအနားကို အဆိုပါကျောင်း ဘက်စုံသုံးခန်းမဆောင်၌ ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မိုးညှင်းဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာညွန့်စိုးကအမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း လူငယ့်စေတမာန် စီမံချက်မှ လူငယ်လေးများ၏ ‘သိထားသင့်ပါတယ်’အမည်ရှိ HIV/AIDS အသိပညာပေးပြဇာတ်ဖြင့် ဖျော်ဖြေသည်။ ထို့နောက် လူငယ့်စေတမာန်စီမံချက်မှ အရာရှိဒေါက်တာသန်းထိုက်အောင်က HIV/AIDS ရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ မိုးညှင်းဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူ ၂၈၀ ခန့် တက်ရောက်ခဲ့သည်။ **၀၇၈**

# အာဆီယံအမွေအနှစ် မိန်းမလှကျွန်းဘေးမဲ့တော ထိန်းသိမ်းရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကျင်းပ

**ဘိုကလေး ဇူလိုင် ၂၆**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ စက်ဆန်းကျေးရွာ၌ အာဆီယံအမွေအနှစ်ဖြစ်သော မိန်းမလှကျွန်းဘေးမဲ့တော တာဝန်ခံထိန်းသိမ်းရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေးအလင်းတန်းအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်က မိန်းမလှကျွန်းဘေးမဲ့တောကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပူးပေါင်း၍ ထိန်းသိမ်းကာကွယ်ရန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက မိန်းမလှကျွန်းဘေးမဲ့တော ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထုတ်ပြန်ထားသောအမိန့်များ၊ တားမြစ်ချက်များကို သက်ဆိုင်ရာဝန်ထမ်းများက အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် ပြည်သူများအနေဖြင့်လည်း ထုတ်ပြန်ထားသော အမိန့်များ၊ တားမြစ်ချက်များကို တာဝန်သိစွာဖြင့် လိုက်နာဆောင်ရွက်ရန်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအလင်းတန်းအဖွဲ့မှ ဦးအုန်းကြွယ်က မိန်းမလှကျွန်း ဘေးမဲ့တော ထိန်းသိမ်းရေးဆိုင်ရာများ စသည်တို့ကို ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကာ မိန်းမလှကျွန်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများမှ ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ စက်ဆန်း၊ ထော်ပိုင်၊ ပျဉ်ဘိုးကြီး၊ ဆပ်ကျွန်းနှင့် ချောင်းပြဲကြီး ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

မိန်းမလှကျွန်းဘေးမဲ့တောကို ၁၉၁၅ ခုနှစ်က ထင်းကြိုးဝိုင်းအဖြစ် စတင်ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် (တိုးချဲ့)ကြိုးဝိုင်းအဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံရပြီး ၂၀၁၇ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မိုးစက်(ဘိုကလေး)**


ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများဆွေးနွေးနေစဉ်။

# အလင်းဝင်လာသူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၂၆**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးရုံးသို့ ဇွန်လအတွင်းက အလင်းဝင်ရောက်လာသူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ဇူလိုင် ၂၄ ရက်က လာရောက်ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများသည် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးရုံးမှ ဗိုလ်မှူးကြီးကျော်ထူးနှင့်တွေ့ဆုံ၍ မိဇိုင်းတောင် KKO ခွဲထွက်အဖွဲ့မှ အလင်းဝင်ရောက်လာသည့် အလင်းဝင် ၄၉ ဦးအနက် ၃၈ ဦးအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေ တစ်ဦးလျှင် ကျပ်ငါးသောင်းနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ထောက်ပံ့ငွေ တစ်ဦးလျှင် ကျပ် ၃၀၀၀၀ စီတို့ကို ပေးအပ်ခဲ့သလို အိမ်ထောင်သည် အမျိုးသမီးများအတွက် ယူနီဆက်ဖ်မှ ထောက်ပံ့သော အမျိုးသမီးအသုံးအဆောင်ပစ္စည်း ၁၆ မျိုးပါ ပစ္စည်းပုံးများနှင့် အမျိုးသားများအတွက် အသုံးအဆောင်ပစ္စည်း ၁၃ မျိုးပါ ပစ္စည်းပုံးများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ရန် ကျန်ရှိနေသေးသော အလင်းဝင် ၁၁ ဦးအတွက် ငွေနှင့် ပစ္စည်းများကိုလည်း ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆက်လက်ပေးပို့၍ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာပိန်မြစ်အတွင်းသို့ ငါးသားပေါက် ကောင်ရေ ၇၅၀၀၀ မျိုးစိုက်ထည့်

**ဗန်းမော် ဇူလိုင် ၂၆**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ငါးသယံဇာတ တိုးပွားရေးအတွက် တာပိန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဇူလိုင် ၂၄ ရက်က ဗန်းမော်မြို့ မြို့မရပ်ကွက် ကမ်းနားလမ်းရှိ မြစ်ကမ်းနေရာ၌ ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဗန်းမော်တပ်နယ် အမှတ်(၂၁)စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးစိုးလှိုင်နှင့် တပ်မတော်အရာရှိများ၊ စစ်သည်များ၊ ရဲမေများ စုစုပေါင်း အင်အား ၃၂၇ ဦးက ငါးသားပေါက်ကောင်ရေ ၇၅၀၀၀ ကို မြစ်အတွင်းသို့လွှတ်၍ မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**သျှမ်းကလေး(ဗန်းမော်)**

# မိုင်းဖြတ်မြို့နယ်၌ မိုးရွာသွန်းမှုနည်း၍ မိုးစပါးစိုက်တောင်သူအချို့ အခက်တွေ့နေ

**မိုင်းဖြတ် ဇူလိုင် ၂၆**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ယခုနှစ် မိုးရာသီကာလ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မိုးရေမရဘဲ မိုးစပါးစိုက်ပျိုးကြမည့် တောင်သူလယ်သမားများ အခက်အခဲများ ကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မိုင်းဖြတ်ကျေးရွာအုပ်စု ဝမ်နောင်ကျေးရွာမှ တောင်သူ ဦးနန်လုံးခမ်းက "ဒီနှစ်မိုးတွင်းမှာ ဦးလေးတော့ လုံးဝ စပါးမစိုက်ရသေးပါဘူး၊ သိသလောက်ကတော့ ဒီနှစ်ဟာ စပါးစိုက်ရာသီချိန်မှာ မိုးရွာသွန်းမှုအနည်းဆုံးလို့ ထင်တယ်၊ မိုင်းဖြတ်မြို့ပေါ်ကတောင်သူတွေလည်း လုံးဝကို မစိုက်ရသေးဘူး၊ ခန့်မှန်းခြေပြောရရင် တောင်သူသုံးပုံတစ်ပုံလောက်က မစိုက်ရသေးတာ၊ မိုးကမရွာတော့ ပျိုးစပါးတွေ ရင့်ကုန်ပြီ၊ တောဘက်တွေမှာတော့ စမ်းချောင်းရေရရှိကြတဲ့ လယ်သမားအချို့က စိုက်ပြီးကုန်ပြီ၊ ဦးလေးတို့ကတော့ ချောင်းနဲ့ဝေး၊ မြောင်းနဲ့ဝေး၊ မိုးရွာတဲ့ရက်ကနည်း၊ ရွာပြန်တော့လည်း ခဏဆိုတော့ ပိုခက်ခဲတာပေါ့"ဟု ဇူလိုင် ၂၄ ရက်တွင် ပြောသည်။

မိုင်းဖြတ်မြို့နယ်၌ လယ်ဧကပေါင်း ၁၆၀၀၀ ကျော်ရှိပြီး တောင်သူအများစုက ဆင်းဧကရီ(၃)ကို ဧက ၇၀၀၀ ကျော် စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က မိုင်းဖြတ်မြို့နယ်တွင် မိုးစပါး ပျိုးထောင်ချိန်နှင့် စိုက်ပျိုးချိန်ဖြစ်သော ဧပြီလမှ ဇူလိုင်လအတွင်း မိုးရွာသွန်းရက် ၅၆ ရက်ရှိခဲ့ပြီး မိုးရေချိန် ၃၇ ဒသမ ၉၄ လက်မ ရှိခဲ့ကြောင်း၊ ယခုနှစ် ကာလတူတွင် မိုးရွာသွန်းရက်မှာ ၁၈ ရက်သာရှိပြီး မိုးရေချိန်မှာလည်း ၇ ဒသမ ၉၇ လက်မသာရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်သူများ မိုးစပါးစိုက်ပျိုးရန် အခက်တွေ့မှုများနှင့်ပတ်သက်၍ နောက်လအထိ



ရေမရသဖြင့် ခြောက်သွေ့နေသော လယ်ယာများ

မိုးရွာသွန်းမှုမရှိပါက ရေအနည်းငယ်ရရှိသည့် စိုက်ကွက်များတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ Drum Seeder တိုက်ရိုက်မျိုးစေ့ချကိရိယာ ကိုးခုဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် သက်တမ်းနု စပါးမျိုးဖြစ်သော ယိုးဒယားနံ့ကောက်စပါးများ စိုက်ပျိုးနိုင်ရန်လည်းကောင်း၊ ရေလုံးဝမရရှိသည့် လယ်များတွင် လယ်စပါးအစား ရေလိုအပ်မှုနည်းသော ယာစပါးများ ပြောင်းလဲစိုက်ပျိုးနိုင်ရန်လည်းကောင်း စီစဉ်ထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်ထံမှ သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ခရီးစဉ်ဒေသသစ်များ တိုးချဲ့ထားသည့် မိုးကုတ်မြို့သို့ လစဉ် ခရီးသွားဝင်ရောက်မှု တိုးတက်နေ

**မန္တလေး ဇူလိုင် ၂၆**
ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးစဉ်ဒေသသစ်များ တိုးချဲ့ဖွင့်လှစ်ပေးထားသည့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ မိုးကုတ်ဒေသသို့ လာရောက်လေ့လာ အပန်းဖြေကြသည့် ပြည်တွင်းပြည်ပခရီးသွားများ လစဉ်တိုးတက်များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ယခင်က မန္တလေးတိုင်းဒေသကြီးသို့ လာရောက်လေ့လာကြသည့် နိုင်ငံတကာ ခရီးသွားများအား မိုးကုတ်ဒေသသို့သွားရောက်ရန် ကန့်သတ် တားမြစ်ထားသော်လည်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၁၈ စက်တင်ဘာလ တတိယပတ်မှ စတင်ပြီး မိုးကုတ်မြို့သို့ မန္တလေး-မတ္တရာ-သပိတ်ကျင်း ကားလမ်းတစ်ခုတည်းကို အသုံးပြုကာ မြို့တွင်းခရီးစဉ်အဖြစ် သွားရောက်လည်ပတ်ခွင့်ပြုခဲ့သည်။ ထပ်မံ၍ ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ မြို့တွင်းခရီးစဉ်နှင့် ဆက်စပ်နေသော ကျောက်ပြာသာဒ်၊ ပန်လင်နှင့် ဘားနက်(ဒ်) ကျေးရွာများသို့ ခရီးစဉ်ဒေသသစ်များအဖြစ် တိုးချဲ့လည်ပတ်ခွင့်ပြုထားကြောင်း သိရသည်။

"မိုးကုတ်ဒေသကို ပတ္တမြားထွက်ရှိရာဒေသအဖြစ် ကမ္ဘာကသိရှိပြီး ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မိုးကုတ် နှစ် ၈၀၀ ပြည့်ပွဲတော်ကိုလည်း ကျင်းပခဲ့သလို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ခွင့်ပြုချက်နဲ့ မိုးကုတ်မြို့တွင်းကို နိုင်ငံတကာခရီးသွားတွေ ဝင်ရောက်လည်ပတ်နိုင်အောင် ဖြေလျှော့ခွင့်ပြုပေးခဲ့တဲ့အပြင် နောက်ထပ် တောင်းဆိုမှုတွေအရ သဘာဝအရင်းအမြစ်တွေနဲ့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့တွေ တည်ရှိတဲ့ ကျောက်ပြာသာဒ်၊ ပန်လင်နဲ့ ဘားနက်(ဒ်) ကျေးရွာတွေကိုလည်း သွားရောက်လည်ပတ်ခွင့်တွေ တိုးချဲ့ခွင့်ပြုပေးခဲ့ပါတယ်။ ဒါ့အပြင် သဘာဝအတိုင်း လုပနေတဲ့ ရေတံခွန်တွေကို တီထွင်ဖန်တီးမှုတွေနဲ့ပေါင်းစပ်ပြီး ကင်းချောင်းရေတံခွန် အပန်းဖြေစခန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒါကြောင့် လက်ရှိမှာ မိုးကုတ်ဒေသကို နိုင်ငံတကာခရီးသွားတွေသာမက ပြည်တွင်း ခရီးသွားတွေလည်း လာရောက်မှု တိုးတက်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။



ခရီးသွားပြည်သူများ လာရောက်အပန်းဖြေနေကြသော မိုးကုတ်မြို့ရှိ ခရီးစဉ်ဒေသသစ်တစ်ခု

လက်ရှိတွင် မိုးကုတ်ဒေသသို့ ခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် နိုင်ငံတကာ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ ဇူလိုင်လ တတိယပတ်အထိ ဦးရေ ၁၃၀၀ ကျော်ရှိပြီး ပြည်တွင်းခရီးသွားဦးရေမှာ ၅၀၀၀ ကျော်အထိရှိကြောင်း သိရသည်။

မိုးကုတ်မြို့သို့ လာရောက်လည်ပတ်သူများအနေဖြင့် ဒေသထွက်ရတနာမျိုးစုံ ပြသရောင်းချရာ မဏိမင်္ဂလာထာပွဲဈေး၊ ကျောက်လက်ညှိုးတောင်၊ ကျောက်ပန်းချီလုပ်ငန်းများ၊ လက်ဖက်စိုက်ခင်းများ၊ သဘာဝအလျောက် လုပနေသည့် ကင်းချောင်းရေတံခွန်၊ ပန်လင်ရွာရှိ လီဆူး ရှမ်း၊ ပလောင် စသည့် လူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ဘားနက်(ဒ်)ကျေးရွာမှ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဘားနက်(ဒ်) စစ်သင်္ချိုင်းနှင့် လက်နက်တိုက်ဟောင်းများ၊ ကျောက်ပြာသာဒ်ရွာရှိ သဘာဝအတိုင်းတည်ရှိနေသည့် ကျောက်တောင်ကျောက်စွန်းများပေါ်၌ တည်ထားသော စေတီများနှင့် သဘာဝအရင်းအမြစ်များကို လေ့လာကြည့်ရှုအပန်းဖြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမ်းမြို့နယ်မှ နေရပ်စွန့်ခွာပြည်သူများအား ငွေကြေးထောက်ပံ့ပေးအပ်

**အမ်း ဇူလိုင် ၂၆**
ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်းမှ နေရပ်စွန့်ခွာပြည်သူ ၂၄၅ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် တပ်တောင်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်သန်းတို့က ဇူလိုင် ၂၄ ရက်က သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ငွေကြေးထောက်ပံ့ပေးအပ်ခဲ့သည်။

အမ်းမြို့နယ်အတွင်း ရှောက်ခြံ-ကမ်းထောင်းကြီး-ရှူးလမ်းပေါ်ရှိ မဲသံကြိုးကျေးရွာ၊ ဆံထုံးကျေးရွာနှင့် ဖောင်တော်ကျေးရွာတို့ အနီးတစ်ဝိုက်၌ ဇူလိုင် ၁၈ ရက်က တိုက်ပွဲကြောင့် ဒုက္ကံကျေးရွာမှ ပြည်သူအိမ်ထောင်စု ၈၅ စု လူဦးရေ ၂၄၅ ဦးမှာ လေယာဉ်ကွင်းရပ်ကွက်နှင့် သာစည်အုပ်စု မဝှမ်း(ချင်း)ကျေးရွာ၊ သရွဲ(ချင်း)ကျေးရွာတို့ရှိ ၎င်းတို့၏ဆွေမျိုးများထံ၌ ခေတ္တခိုလှုံလျက် ရှိရာ အဆိုပါ လူဦးရေ ၂၄၅ ဦးအား တစ်ဦးလျှင် ကျပ် ၉၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေ ကျပ် ၂၂ သိန်းကျော်ကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက်အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်း၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊
(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊
(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊
(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများ ပြုလုပ်ခြင်း၊
(၅) တာတမံများပြုပြင် ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊
(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များ စိုက်ပျိုးခြင်း၊
(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များ စိုက်ပျိုးခြင်း၊
(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်း ကိရိယာများ(သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူး၊ပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင် သိုလှောင်စုပုံခြင်း၊
(၉) မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလွှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊
(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(၁၁) နှစ်စဉ်ရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသည့် နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့နေရာ ချထားပေးနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ခြင်း၊
(၁၂) ရေဘေးဖြစ်ပွားနိုင်သည့်ဒေသတွင် အရေးပေါ် လမ်းပန်းဆက်သွယ်ရေး၊ လမ်းကြောင်းများ ကြိုတင်ရွေးချယ် သတ်မှတ်ထားခြင်း၊
(၁၃) ရေဘေးကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ ရေဘေးရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ လုံလောက်စွာ စုစည်းထားရှိခြင်း၊
(၁၄) ဒေသရှိ စက်တပ်ရေယာဉ်များ၊ လှေလှော်လှေများအား ကြိုတင်စုစည်းထားခြင်း၊ ထိုရေယာဉ်များအား နယ်မြေခွဲ၍ တာဝန်ပေးထားခြင်း၊
(၁၅) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လှေငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောကွင်းများ အဆင့်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊
(၁၆) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊
(၁၇) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊
(၁၈) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်ထားခြင်း၊
(၁၉) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊
(၂၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာများအတွက် အရေးပေါ် တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

# ဒေးဒရဲမြို့၌ ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ဆေးများ အခမဲ့ထိုးပေး

**ဒေးဒရဲ ဇူလိုင် ၂၆**
ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ပြည်သူများ ရာသီတုပ်ကွေး (H1N1)ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဒေးဒရဲမြို့ အမှတ်(၂) ရပ်ကွက်ရှိ မြတ်စောညီနောင်တန်ဆောင်း၌ ဇူလိုင် ၂၄ ရက်က ထိုးနှံပေးခဲ့သည်။ ကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးအဆင့်(၁) ဒေါ်မိုးမိုးလှိုင် ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးနေခြင်းဖြစ်ပြီး ကာကွယ်ဆေးကို အသက်သုံးနှစ်မှ ငါးနှစ်အတွင်း ကလေးသူငယ်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ငါးလအထက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များနှင့် နာတာရှည်ရောဂါရှိသူများကိုသာ ထိုးနှံပေးနေခြင်းဖြစ်ကာ လူဦးရေ ၅၀၀ အား အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

GEM Go Excellent Myanmar

# BORGWARD MOONSOON SPECIAL ROADSHOW

BORGWARD




Showroom Adress : No. 125 & 131, (5) Ward, 8 Mile - Pyay Road, Mayangone Township, Yangon, Myanmar.

Contact Numbers : 09 89 8888 087, 09 89 8888 088, 09 89 8888 089

SCAN ME

- No. 19/20 , Baho Road, (7) Quarter, Kamayut Township, Yangon, Myanmar. 09 – 97373 8585, 09-773738585, 09-73738585
- No.(3), Mar Lar Nwe' Street, Tamwe Township, Yangon. 09-2520 77775
- No.(104/108), Strand Road, Ahlone Township, Yangon. 095186300, 095640472

www.borgwardmm.com / goexcellent@borgwardmm.com / www.facebook.com/BorgwardMyanmar


## မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)ပန်းကုန်း(မွန်) ဆဋ္ဌမတန်း(သင်ရိုးဟောင်း)မှ မောင်ကျော်လင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လှ ၁၀/ပမန(နိုင်) ၁၁၁၇၅၇ ဖြစ်ပါကြောင်း။ **ဒေါ်ခင်လှ**

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)ပန်းကုန်း(မွန်) ဆဋ္ဌမတန်း(သင်ရိုးဟောင်း) မှ မောင်ဝင်းသူ ရိန်ထက်၏ဖခင် အမည်မှန်မှာ ဦးသိန်းဟန် ၁၀/ပမန(နိုင်) ၁၇၆၇၁၃ဖြစ်ပါကြောင်း။**ဦးသိန်းဟန်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၀၆/က)၊ မြေကွက်တည်နေရာအမှတ်(၂၀၆/က)၊ ဗိုလ်တေဇ-၂လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ (ဒေါ်မြညွန့်) အမည်ပေါက်ပါမစ်မြေအား(က) မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း၊ ဒေါ်ခင်တင့်၏ ၃၀-၃-၂၀၁၈ ရက်စွဲပါ ကတိသစ္စာပြုလွှာနှင့် ကိုယ်တိုင်ဝန်ခံချက်၊ (ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ (ဂ)ဒေါ်မြညွန့်(CK-၀၂၀၁၉၃)ထံမှ ဦးလှရွှေ(DLA-၀၀၈၁၄၈)ဝယ်ယူထားသော ၈-၁၁-၂၀၀၇ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်၊ (ဃ) ဦးလှရွှေထံမှ ဒေါ်ခင်တင့်(DLA-၀၀၃၃၇၉) ဝယ်ယူထားသော ၁၅-၃-၂၀၁၄ ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်တို့ တင်ပြကာ ဒေါ်ခင်တင့်(DLA-၀၀၃၃၇၉)မှပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် သွပ်မိုးပျဉ်ကာတစ်ထပ်အိမ်တွင် လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍အထက်ပါအတိုင်း ဒေါ်ခင်တင့်(DLA-၀၀၃၃၇၉)မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မဝင့်ဝါလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/သဝတ (နိုင်) ၀၆၈၂၀၀ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မနှင်းရတနာ၏ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းထွန်း ၇/သဝတ(နိုင်)၁၀၀၅၆၆ ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်းထွန်း**

## ဖခင်အမည်မှန်

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မဇင်သွယ်မျိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်တင် ၇/သဝတ(နိုင်) ၀၂၃၂၀၂ ဖြစ်ပါကြောင်း။ **ဦးမြင့်တင်**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊အထက(၅) တတိယတန်းမှ မပန်းနုံ့သာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သူရလင်း ၉/ခအဇ(နိုင်)၀၃၆၁၄၈ ဖြစ်ပါကြောင်း။

**ဦးအောင်သူရလင်း**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မန္တလာဒီဂရီကောလိပ်၊ အဝေးဝင်တက္ကသိုလ်၊ တတိယနှစ်မှ မခေါန်တောင်၊ ပြင်ဦးလွင်မြို့၊ ဆင်လမ်းကျေးရွာ(ကရင်စု)နေ မောင်ဘရန်အောင်နှင့် ပြင်ဦးလွင်မြို့ စိုးစံကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မလုလုဆိုင်တို့၏ဖခင် အမည်မှန်မှာ ဦးဇော်တား ၁၃/မမတ (နိုင်) ၀၆၉၃၂၁ ဖြစ်ပါကြောင်း။ **ဦးဇော်တား**

## အမည်မှန်

မလှိုင်မြို့နယ်၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ ဦးကျော်အောင်နိုင်မြင့် ၅/ခဥန(နိုင်) ၀၀၀၃၁၆ ၏ သမီးမနိုနို၏ အမည်မှန်မှာမနိုနိုလွင်ဖြစ်ပါကြောင်း။**မနိုနိုလွင်**

## အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများအထက (ခွဲ) နဝမတန်းမှ ဦးလှဝင်း၏ သမီးမနှင်းအိလွင်(ကျောင်းဝင်အမှတ်-၀၇၅)၏ အမည်မှန်မှာ မဌေးဌေးဝင်း ဖြစ်ပါကြောင်း။ **မဌေးဌေးဝင်း**

## အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများအထက(ခွဲ) တတိယတန်းမှ ဦးဝင်းနိုင်၏သမီး မချစ်စုဝင်း (ကျောင်းဝင်အမှတ်-၀၀၄၂)၏ အမည်မှန်မှာ မစုစုစန္ဒာလင်း ဖြစ်ပါကြောင်း။

**မစုစုစန္ဒာလင်း**

## အမည်မှန်

တောင်သာမြို့နယ်၊ တွင်းများအထက(ခွဲ) ဆဋ္ဌမတန်းမှ ဦးမြင့်လွင်၏သား မောင်တိုးတိုး(ကျောင်းဝင်အမှတ်-၀၂၀၂)၏ အမည်မှန်မှာ မောင်တိုးဝင်း ဖြစ်ပါကြောင်း။

**မောင်တိုးဝင်း**

## ပျောက်ဆုံးကြောင်း

မောင်လင်းလင်း(ဘ)ဦးစိန်သောင်း ၉/တကန(နိုင်)၁၉၅၇၃၂ ၏ နိုင်ငံကူးလက်မှတ် **(မမှတ်မိ)**ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၁၀၆၇၂၃၃**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၅-၂၀၁၉ရက်ထုတ် ဤသတင်းစာ စာ(၃၀)ပါ ယာဉ်အမှတ် ၃၀ယ/၉၈၉၄၅၏ ကမ-၃ ပျောက် ကြော်ငြာမှ မှတ်ပုံတင်အမှတ်အား ၉/ခမစ (နိုင်) ၀၂၂၄၃ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၉၁၀၁၉ Honda Click-125 M/C ယာဉ်လက်ဝယ်ရှိသူ မောင်ဂနေ့ရှ် ၁၃/နခတ(နိုင်)၀၇၆၇၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖခင် အမည်မှန်

မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ အထက(ဇင်းကျိုက်)တက္ကသိုလ်ဝင်တန်း(A)မှ မောင်သက်နိုင်လင်း၏ ဖခင်အမည်မှန်မှာ မောင်ဇော်မိုး ၁၀/သထန(နိုင်)၁၃၉၇၂၇ ဖြစ်ပါကြောင်း။ **မောင်ဇော်မိုး**

## ဖခင်အမည်မှန်

သထုံနယ်၊ အထက(ဒုံဝန်း)နဝမတန်း(A)မှမောင်တုံရှိုင်း၏ဖခင် အမည်မှန်မှာ ဦးမြင့်ဆွေ ၁၀/သထန (နိုင်) ၀၂၇၅၀၀ ဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ**

## အမည်မှန်နှင့်ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ အထက ပဥ္စမတန်း(A)မှ မောင်မင်းသိန်းဦး၏ အမည်မှန်မှာ မောင်သိန်းဦးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးဝင်းကိုသဲ ၉/စကန (နိုင်) ၁၁၅၀၇၈ ဖြစ်ပါကြောင်း။ **ဦးဝင်းကိုသဲ**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ဝန်းသိုမြို့၊ အထကဝန်းသို နဝမတန်းမှ မစုစုစန္ဒီ ၏ မိဘအမည်မှန်မှာ ဦးအောင်ဌေး-ဒေါ်ခင်စန်းအေး ဖြစ်ပါကြောင်း။**ဦးအောင်ဌေး-ဒေါ်ခင်စန်းအေး**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးအုပ်စု၊ ကျည်တောက်ပေါက်ကျေးရွာ အထကတက္ကသိုလ်ဝင်တန်း(C) မှ မောင်ကျော်ကျော်နှင့် သတ္တမတန်း(C) မှမဝါဝါတို့၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းခိုင်ဦး ၉/စကန(နိုင်)၁၂၇၁၈၂ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းခိုင်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ကံဘဲ့၊ မြေကွက်အမှတ်-၇၂/ဃ၊ မြေကွက်တည်နေရာအမှတ်-၇၈အေ၊ ဓမ္မာရုံလမ်း၊ (၁၅)ရပ်ကွက်၊ရန်ကင်းမြို့နယ်၊ အာဖွာ+မငွေညှာအမည်ပေါက်B၃(က) မြေကွက်အား ပိုင်ဆိုင်ကြောင်းစာချုပ် ၃၁၃၂/၁၉၉၇(၁၄-၇-၁၉၉၇) (စာချုပ်မူရင်းမတင်ပြပါ) ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏လက်ခံအမှန်စာချုပ်တင် ပြထားပါသည်။) အရောင်းအဝယ်စာချုပ်အမှတ်-၁၉၃၁/၁၉၉၉ (၂၅-၈-၁၉၉၉)ဖြင့် မြေကွက် အမှတ်-၇၂၊ ဧရိယာဧကေ ၀ဒသမ၁၉၅ရှိ ဦးအာဖွာ+ဒေါ်ငွေညှာ၊ အမည်ပေါက် တရားဝင်မခွဲစိတ်ရသေးသော မြေပိုင်မြေကွက်ကြီးအနက်မှ တောင်ဘက်ခြမ်းပိုင်း၊ အလျားပေ(၈၀)၊ အနံ မျက်နှာဖွင့်ရှေ့နောက်ပေ(၃၀/၂၀)ရှိ မြေပုံတွင် အနီရောင်ခြယ်(က)အမှတ်အသားပြမြေကွက်နှင့် အရပ်ရပ်အကျိုးခံစားခွင့်အားလုံးအား ဦးတင်လတ် ၁၂/ရကန(နိုင်)၀၅၂၅၈၄၊ ဒေါ်အေးအေးမြင့် ၁၂/ရကန(နိုင်)၀၅၂၅၈၅ တို့မှ ဝယ်ယူပိုင်ဆိုင်ပြီး ခွဲစိတ်ပြီးဖြစ်သော မြေကွက်အမှတ်(၇၂/ဃ)၊ ဧရိယာ ၀ဒသမ၀၄၅ဧကေအား ဦးတင်လတ် ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့် ၁၂/ရကန(နိုင်) ၀၅၂၅၈၅ သည် ခင်ပွန်းဖြစ်သူ ဦးတင်လတ်၏တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်ပြီး မြန်မာ့ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းစဉ်လာအရ ခင်ပွန်းဖြစ်သူ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါ မြေကွက်အမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်မှာမှန်ကန်ကြောင်း၊ ဒေါ်အေးအေးမြင့်၏ ကျမ်းကျိန်လွှာ၊ ဦးသူရထွဋ်၊ ဦးနန္ဒဝင်းတို့၏ထောက်ခံကျမ်းကျိန်လွှာ၊ ဦးတင်လတ်၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အထက်ဖော်ပြပါ စာချုပ်များနှင့် ၃(က)လက်မှတ်တို့တင်ပြ၍ ဒေါ်အေးအေးမြင့် ၁၂/ရကန(နိုင်)၀၅၂၅၈၅ မှပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ(၂)ထပ်တိုက်ရှိပြီးအိမ်နှင့်ခြံသော့ပိတ်ထားပါသည်။ အိမ်နှင့်ခြံသော့ပိတ်ထားခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူကြောင်းလျှောက်ထားသူမှ ဝန်ခံကတိပြုစာတင်ပြထားပါသည်။ သို့ပါ၍ အထက်ဖော်ပြပါအတိုင်းဒေါ်အေးအေးမြင့် ၁၂/ရကန(နိုင်) ၀၅၂၅၈၅ မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်(အမက) စီကိုင်းမှ အလပြ၊ မူသင်ဆရာမ ဒေါ်ဇာနည်ဝင်း ၁၄/အဂပ(နိုင်)၁၅၇၁၉၃နှင့် ဒေါ်ဇာနီဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဇာနည်ဝင်း(ခ)ဒေါ်ဇာနီဝင်း**

## မွေးသက္ကရာဇ်အမှန်

ဦးစိုးလွင် ၁၄/လမန(နိုင်)၀၁၂၉၁၆၏သား ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အထက မဲဇလီမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မောင်ကောင်းဇင်ကို ၁၄/လမန(နိုင်)၁၂၀၆၅၉၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၅-၂၀၀၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 53W/5949,Honda Click -125, ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းငွေ ၁၄/ဟသတ(နိုင်)၀၁၁၉၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/94549,Honda Wave -110, ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင် ၁၄/ကခန(နိုင်)၀၁၁၉၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲရွာ၊ ကျောက်ဆည်ခရိုင်ချင်းဆက် လမ်းတင်၊ အရှေ့ဘက်စည်းရိုး(၈၂)ပေ၊ အနောက်ဘက်စည်းရိုး(၅၂)ပေ၊ တောင်ဘက်စည်းရိုး (၅၈) ပေနှင့် မြောက်ဘက်မျက်နှာစာ(၆၅)ပေ အကျယ်အဝန်းရှိသော အိမ်အမှတ်(၃၇၄-ခ)မြေကွက်နှင့် အဆောက်အအုံကို ယခုကြေညာသူ ဦးခင်မောင်ဝင်း ၉/ပဥလ(နိုင်)၀၄၃၅၆၅ မှပိုင်ဆိုင်သောကြောင့် ၂၃-၇-၂၀၁၉ ရက်တွင် ဒေါ်လှလှဝင်း(ဘ)ဦးအောင်ရှိန် ၉/မနမ(နိုင်)၀၂၈၈၂၆ ကိုင်ဆောင်သူကို ရောင်းချလိုက်သည်မှာ မှန်ကန်ကြောင်းကြေညာအပ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ရောင်းချခြင်းနှင့်ပတ်သက်၍သော်လည်းကောင်း၊အရှုပ်အရှင်းပြဿနာများနှင့် သော်လည်းကောင်း ဖြေရှင်းလိုသူများရှိပါက ကျွန်ုပ်ကြေညာသူထံလာရောက် ပြောဆိုဖြေရှင်းနိုင်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ **ဦးခင်မောင်ဝင်း ၉/ပဥလ(နိုင်)၀၄၃၅၆၅**

**ပြင်စာစ်ပြကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ ဖုန်း-၀၉-၉၅၀၇၅၁၆၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၁၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧက၊ မြေကွက်တည်နေရာအမှတ်(၁)၊ ဘုရင့်နောင်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးသိန်းကျော်(CX-၀၀၂၁၅၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းကျော်(ကွယ်လွန်)၊ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်(ကွယ်လွန်)၊ သားဖြစ်သူ ဦးနေဝင်း (ကွယ်လွန်)၊ ချွေးမဖြစ်သူ ဒေါ်မြမြသွယ်(ကွယ်လွန်)သဖြင့် ဒေါ်နုနုခိုင် ၁၂/တမန(နိုင်) ၀၂၂၄၅၆၊ ဒေါ်နှင်းဟေမာန်ဝင်း ၁၂/ရပသ(နိုင်)၀၆၈၅၀၃၊ ဒေါ်နီနီဝင်း ၁၂/တမန (နိုင်) ၀၂၂၄၄၃၊ ဒေါ်စုစုလှိုင် ၁၂/မဂဒ(နိုင်)၀၀၁၆၁၅၊ ဦးဇော်လင်း ၁၂/မဂဒ(နိုင်)၀၀၁၆၁၆ တို့က သားသမီးများနှင့် အမွေမဖြေတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ဒေါ်နုနုခိုင်၊ ဒေါ်နှင်းဟေမာန်ဝင်း၊ ဒေါ်နီနီဝင်း၊ ဒေါ်စုစုလှိုင်တို့ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၂၀၄၄၇(၂၁-၅-၂၀၁၉)ဖြင့် GP ရသူဦးဇော်လင်း ၁၂/မဂဒ(နိုင်) ၀၀၁၆၁၆မှ ၎င်းကိုယ်တိုင်နှင့် ကျန်(၄)ဦး ကိုယ်စားပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာရာ တရားဝင်ခိုင်လုံသောအထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဘေးသင့်ပြည်သူများအားထောက်ပံ့နိုင်ရန်အောက်ဖော်ပြပါကယ်ဆယ်ရေးပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ | ကြမ်းခင်းဈေး |
|---|---|---|---|---|
| Lot 1 | ကျားလုံချည် ၁/၄၀ (လုံချည်ကွင်းအကျယ် ၈၀"×အထက်အောက်အနံ ၄၈") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၃၈၀၀ကျပ် (၁ထည်နှုန်း) |
| Lot 2 | ကျားလုံချည် ၁/၄၀ (လုံချည်ကွင်းအကျယ် ၈၀" × အထက်အောက်အနံ ၄၈") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၃၈၀၀ကျပ် (၁ထည်နှုန်း) |
| Lot 3 | မလုံချည် (လုံချည်ကွင်းအကျယ် ၇၂"× အထက်အောက်အနံ ၄၂") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၃၅၀၀ကျပ် (၁ထည်နှုန်း) |
| Lot 4 | မလုံချည် (လုံချည်ကွင်းအကျယ် ၇၂"×အထက်အောက်အနံ ၄၂") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၃၅၀၀ကျပ် (၁ထည်နှုန်း) |
| Lot 5 | တဘက် (အလျား ၅၄"× အနံ ၂၇") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၂၅၀၀ကျပ် (၁ထည်နှုန်း) |
| Lot 6 | တဘက် (အလျား ၅၄"× အနံ ၂၇") | ၁၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၂၅၀၀ကျပ် (၁ထည်နှုန်း) |
| Lot 7 | တီရှပ် (L,XL,XXL Size logoပါ) | ၂၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၂၀၀၀ကျပ် (၁ထည်နှုန်း) |
| Lot 8 | တီရှပ် (L,XL,XXL Size logoပါ) | ၂၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၂၀၀၀ကျပ် (၁ထည်နှုန်း) |
| Lot 9 | ဆပ်ပြာတောင့် (၂၀၀ ဂရမ်) | ၁၅၀၀၀ တောင့် | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၃၇၀ကျပ် (၁တောင့်နှုန်း) |
| Lot 10 | ဆပ်ပြာတောင့် (၂၀၀ ဂရမ်) | ၁၅၀၀၀ တောင့် | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၃၇၀ကျပ် (၁တောင့်နှုန်း) |
| Lot 11 | တာပေါ်လင်လိပ် (၆×၃၀၀) ပေ | ၅၀၀ လိပ် | ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) | ၁၅၀၀၀၀ကျပ်(၁လိပ်နှုန်း) |
| Lot 12 | တာပေါ်လင်လိပ် (၆×၃၀၀)ပေ | ၅၀၀ လိပ် | ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) | ၁၅၀၀၀၀ကျပ်(၁လိပ်နှုန်း) |
| Lot 13 | ဖိုင်ဘာစက်လှေ (13)HP(၈)ဦးဆံ့ | ၂၅ စီး | ဗဟိုသိုလှောင်ရုံး (ရန်ကုန်မြို့) | ၂၃၀၀၀၀၀/- (၁စီးနှုန်း) |
| Lot 14 | ဖိုင်ဘာစက်လှေ (13)HP(၈)ဦးဆံ့ | ၂၅ စီး | ဗဟိုသိုလှောင်ရုံး (မန္တလေးမြို့) | ၂၃၀၀၀၀၀/- (၁စီးနှုန်း) |
| Lot 15 | လူကြီးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံး (ရန်ကုန်မြို့) | ၁၂၀၀၀/- (၁ထည်နှုန်း) |
| Lot 16 | လူကြီးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံး (မန္တလေးမြို့) | ၁၂၀၀၀/- (၁ထည်နှုန်း) |
| Lot 17 | ကလေးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံး (ရန်ကုန်မြို့) | ၇၀၀၀/- (၁ထည်နှုန်း) |
| Lot 18 | ကလေးဝတ်အသက်ကယ်အင်္ကျီ | ၅၀၀၀ ထည် | ဗဟိုသိုလှောင်ရုံး (မန္တလေးမြို့) | ၇၀၀၀/- (၁ထည်နှုန်း) |
| Lot 19 | (၁၁)လိုင်းပါ ၇'အမိုးသွပ် (30)Guage | ၂၀၀၀၀ ချပ် | ဗဟိုသိုလှောင်ရုံး (ရန်ကုန်မြို့) | ၄၂၀၀/- (၁ချပ်နှုန်း) |
| Lot 20 | (၁၁)လိုင်းပါ ၇'အမိုးသွပ် (30) Guage | ၂၀၀၀၀ ချပ် | ဗဟိုသိုလှောင်ရုံး (မန္တလေးမြို့) | ၄၂၀၀/- (၁ချပ်နှုန်း) |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်းဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၆-၇-၂၀၁၉ ရက်မှ ၁၄-၈-၂၀၁၉ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါတင်သွင်းရမည့်ကာလ** - ၅-၈-၂၀၁၉ ရက် ၀၉း၃၀ နာရီမှ ၁၆-၈-၂၀၁၉ ရက် ၁၆း၀၀ နာရီအထိ
(ဂ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ် ၂၃၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်နေရာ** - ၂၀-၈-၂၀၁၉ ရက် ၁၀း၀၀ နာရီ၊ ရုံးအမှတ် ၂၃၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (တင်ဒါဖွင့်လှစ်မည့်ရက် အပြောင်းအလဲရှိပါက ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ အသေးစိတ်သိရှိလိုပါက Lot 1မှ Lot 12အထိ ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၀၄၀၇၄၊ ၀၆၇-၃၄၀၄၀၇၆တို့သို့လည်းကောင်း၊ Lot 13မှ Lot 20အထိ ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၀၄၃၉၅၊ ၀၆၇-၃၄၀၄၃၆၉တို့သို့လည်းကောင်း ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိရုံးဖွင့်ရက်များအတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (ကုမ္ပဏီများအနေဖြင့် မိမိရောင်းချမည့်ပစ္စည်းများကိုစာချုပ်ချုပ်သည့်ရက်မှ ရက်သတ္တ(၃)ပတ်အတွင်း ပေးသွင်းရမည်ဖြစ်ပါသည်။)

**တင်ဒါကော်မတီ**

## စိတ်ပါဝင်စားမှုအဆိုပြုလွှာ (EOI) ဖိတ်ခေါ်ခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်းအတွင်းရှိ အောက်ဖော်ပြပါ အဆောက်အအုံများကို လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ငှားရမ်းပေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားမှုအဆိုပြုလွှာ (EOI) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Futsal ကစားကွင်းနှင့် Hawker Center ဆိုင်ခန်း (၄၈)ခန်း
(ခ) Shop Building ဆိုင်ခန်း (၉) ခန်းနှင့် Cover Market ဆိုင်ခန်း (၅၆) ခန်း
(ဂ) ပျိုးဥယျာဉ်မြေနေရာငှားရမ်းခြင်း

